# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၇၀)


## အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသတင်းထောက်အချို့က လက်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအား military council (သို့မဟုတ်) military junta (သို့မဟုတ်) junta ဟု သတင်းများတွင် သုံးနှုန်းရေးသားဖော်ပြခြင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်သော အခြေအမြစ်မရှိသည့် သတင်းမှားများကို ကိုးကားချဲ့ကားရေးသား ဖော်ပြခြင်းများ ပြုလုပ်နေသည်ကို တွေ့ရှိရပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)အရ အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏ တာဝန် အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ပြီး အာဏာသိမ်း အစိုးရမဟုတ်ကြောင်း အတိအလင်း ရှင်းလင်းပြောကြားထားပြီး ဖြစ်ပါသည်။

၃။ ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုထားပြီး ဖြစ်ပါသည်။

၄။ နိုင်ငံခြားသတင်းဌာနအချို့က ကမ္ဘာ့ပြည်သူများကို သတင်းမှားများ ချပြပြီး ပြည်သူများအား သတင်းအဆိပ်သင့်အောင်၊ နိုင်ငံ ပျက်စီးရာ ပျက်စီးခြင်းများ ဖြစ်ပေါ်အောင် တိကျသေချာမှု မရှိသော သတင်းများကို ကိုးကားချဲ့ကား ရေးသားဖော်ပြနေမည့်အစား သတင်း မီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြကြရန် အထူးလိုအပ်ပါသည်။

၅။ နိုင်ငံတော်အစိုးရကလည်း သတင်းစီးဆင်းမှု မှန်ကန် မြန်ဆန်စေရေးအတွက် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ သတင်းမေးမြန်းမှုများအား မှန်ကန်မြန်ဆန်စွာ ဖြေကြားခြင်းများ အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

၆။ နိုင်ငံတော်အစိုးရအား နိုင်ငံခြားသတင်းဌာနအချို့က military council/ military junta / junta ဟု သုံးနှုန်းနေမှုများကို နောင်တွင် သုံးစွဲမှု မပြုလုပ်ရန်၊ သတင်းမှားများကို ကိုးကားချဲ့ကား ရေးသားခြင်းများ မပြုလုပ်ရန်နှင့် အသုံးအနှုန်း လွဲမှားသုံးစွဲခြင်း၊ သတင်းမှားများ ကိုးကားချဲ့ကားရေးသားခြင်း၊ သတင်းမှားများ ဖြန့်ဝေခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန



နေပြည်တော် လယ်ဝေးမြို့နယ်ရှိ စစ်တောင်းမြစ်ကူး မြစိမ်းရောင်မေတ္တာပေါင်းကူးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

# စစ်တောင်းမြစ်ကူး မြစိမ်းရောင်မေတ္တာပေါင်းကူး တံတားတည်ဆောက်မှု ၉၀ ရာခိုင်နှုန်း ပြီးစီး

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် သဖန်းပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့ကို ဆက်သွယ်ပေးမည့် ပေ ၁၂၀၀ ရှိ စစ်တောင်းမြစ်ကူး မြစိမ်းရောင် မေတ္တာပေါင်းကူးတံတား တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြစိမ်းရောင် မေတ္တာပေါင်းကူးတံတားကို တာဝန်ယူတည်ဆောက်နေသည့် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၆)မှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးသိန်းဦးက "ကျွန်တော်တို့အနေနဲ့ တံတားတည်ဆောက်မှုအပိုင်းမှာ တံတားတစ်စင်းလုံးရဲ့ တည်ဆောက်ပြီးစီးမှု ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။ တံတားတည်ဆောက်ရာမှာ အခက်အခဲတွေ အများကြီးတွေ့ခဲ့ရပါတယ်။ Bored Pile တွေ တူးတဲ့အခါ ယခင်ကနစ်မြုပ်နေတဲ့ သစ်တုံးတွေ အထပ်လိုက်အထပ် လိုက်တွေ့ရတဲ့အတွက် တူးဖော်နေတဲ့ စက်ယန္တရားတွေ ပြတ်ကျတာတွေရှိတယ်။ အဲဒီအတွက် ရေငုပ်သမားတွေခေါ်ပြီး သစ်တုံးတွေကို ခက်ခက်ခဲခဲ ဖယ်ရှားခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းခွင်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်ရေး စည်းမျဉ်း၊ စည်းကမ်းချက်တွေနဲ့အညီ သတ်မှတ်တဲ့ကာလအတွင်း အပြီးတည်ဆောက်သွားနိုင်အောင် တည်ဆောက်ရေးလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

## ယနေ့ ဖတ်စရာ


**အရည်အသွေးကောင်း အာလူးများ စီးပွားဖြစ် အမြောက်အမြား စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တစ်သျှူးနည်းပညာသုံး မျိုးအာလူးများ ထုတ်လုပ်ပေးမည်**

ပြည်တွင်းသတင်း စာ ၃

**ကောင်းစွာ ရှင်သန်ချင်သေးတယ်ဆိုရင် . . .**

ဆောင်းပါး စာ ၆

**ဒယ်တာကိုဗစ်- ၁၉ မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုကို လျှော့ချဖို့ တားဆီးကန့်သတ်ချက်တွေ တင်းကျပ်လာတဲ့ ကမ္ဘာ့နိုင်ငံများ**

နိုင်ငံတကာရေးရာ စာ ၁၄

မြန်မာ့အလင်း

# ကျင့်ဝတ်များနှင့် ညီစေလို

ယနေ့ခေတ်သည် သတင်းအချက်အလက်များ အလွန်လျင်မြန်စွာ စီးဆင်းနေသောခေတ်ဖြစ်သည်။ အိုင်တီနည်းပညာ၏ ကျေးဇူးဖြင့် ကမ္ဘာ့ချောင်ကြိုချောင်ကြားမှ သတင်းများသည်ပင် အရုပ်၊ အသံ၊ စာသားများဖြင့် စက္ကန့်ပိုင်းအတွင်း ပျံ့နှံ့သွားနိုင်သော ခေတ်လည်းဖြစ်သည်။ သတင်းအချက်အလက်များ၊ ဖြစ်ရပ်များကို အများပြည်သူထံသို့ မီဒီယာနည်းလမ်းမျိုးစုံဖြင့် ပေးပို့ရာတွင် သတင်းမီဒီယာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေကြသည့် ပညာရှင်များမှာ ကျင့်ဝတ်ကို စောင့်ထိန်းကြရသည်။ အများပြည်သူထံ ပို့ဆောင်ပေးလိုက်သည့် သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုအတွက် တာဝန်ယူကြရသည်။ သတင်းရယူသူ ပြည်သူများအနေဖြင့် သတင်းအချက်အလက်များ မှန်မှန်ကန်ကန် ရရှိမှသာ ၎င်းတို့၏ ပတ်ဝန်းကျင်ကိုဖြစ်စေ၊ ကမ္ဘာလောကကြီးကိုဖြစ်စေ မှန်ကန်စွာနားလည်နိုင်မည် ဖြစ်သည်။

တစ်ဖန်မီဒီယာများသည် လူအများကို လွှမ်းမိုးတတ်သည့် တန်ခိုးသြဇာလည်းရှိသည့်အလျောက် လူမှုရေးရာအရလည်း တာဝန်ရှိမှုကို ခံယူကြရသည်။ လွတ်လပ်သော မီဒီယာသမားအချို့က မိမိတို့သည် အမှန်တရားအပေါ်တွင်သာ သစ္စာခံယူကြကြောင်း ဂုဏ်ယူစွာ ပြောဆိုလေ့ရှိကြသည်။ သာမန်အားဖြင့် ဆိုပါက ၎င်းတို့၏ခံယူချက်မှာ လွန်စွာမှန်ကန်မွန်မြတ်သည်ဟု ဆိုဖွယ်ရှိသော်လည်း သေချာစွာစေ့ငုပါမူ ပြည့်စုံမှုမရှိသလို ဝေဝေဝါးဝါးနိုင်လှသည့် အပြစ်အနာအဆာများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

၁၉၅၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ အင်ဒိုချိုင်းနားတွင် ဖြစ်ပွားခဲ့သည့် ဗီယက်နမ်စစ်ပွဲကို အမေရိကန်တို့က ကွန်မြူနစ်အန္တရာယ်ကို ကာကွယ်သည့် တရားသောစစ်ပွဲအဖြစ် စောစောပိုင်းက ရှုမြင်ခဲ့ကြပြီး ဗီယက်နမ်ဘက်ကမူ ကျူးကျော်သူနယ်ချဲ့သမားကို တော်လှန်သည့် စစ်ပွဲအဖြစ်ခံယူကာ ခုခံခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က အမေရိကန်မီဒီယာများက ကွန်မြူနစ်ဗီယက်နမ် တို့ကို ရက်စက်ကြမ်းကြုတ်သူ၊ လူသားမဆန်သူများအဖြစ် ပုံဖော်ခဲ့ကြပြီး အမေရိကန်တပ်ဖွဲ့တို့၏ လက်လွန်ခြေလွန်လုပ်ရပ်များ၊ ရက်စက်ရမ်းကားမှုများကိုမူ ဖုံးဖိခဲ့ကြသည်။ ဗီယက်နမ်စစ်ပွဲအပြီးကာလတွင် ဟောလိဝုဒ်မှ ထုတ်လုပ်လိုက်သည့် ရုပ်ရှင်ကားများ၌ပင် ဗီယက်နမ်မြေပေါ်ရောက်နေသည့် အမေရိကန်စစ်သားတို့ကို သူရဲကောင်းများ၊ လူသားပီသသူများ၊ ကယ်တင်ရှင်များအဖြစ် ပုံဖော်ဖန်တီးကာ ခုခံစစ်ကို ဆင်နွှဲခဲ့ကြသည့် ဗီယက်နမ်စစ်သည်တို့မှာ ဗီလိန်များသဖွယ် အသုံးတော်ခံခဲ့ကြရသည်။

အဆိုပါ အမေရိကန်နှင့် ဗီယက်နမ်တို့၏ စစ်ပွဲတွင် အမှန်တရားသည် မည်သည့်ဘက်တွင်ရှိနေပါသနည်း။ ထိုခေတ်ထိုအခါက ကမ္ဘာ့မီဒီယာတို့က မည်သည့်အမှန်တရားအပေါ်တွင် မည်သို့သစ္စာရှိခဲ့ကြပါသနည်း။ ထို့အပြင် စစ်အေးတိုက်ပွဲကာလများ၊ အရှေ့အလယ်ပိုင်းဒေသဖြစ်ရပ်များ စသည်တို့မှသည် လစ်ဗျား၊ အီရတ်၊ ဆီးရီးယားတို့အထိ အမှန်တရားကို ကမ္ဘာ့မီဒီယာတို့က ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီလား။ လစ်ဗျားနိုင်ငံနှင့်ပြည်သူများ၊ အီရတ်နိုင်ငံနှင့် ပြည်သူများ၊ ဆီးရီးယားနိုင်ငံနှင့်ပြည်သူများ ငြိမ်းချမ်းသာယာဝပြောမှုအတွက် မီဒီယာတို့က တာဝန်ယူခဲ့ကြပါသလား စသည်တို့ကို ပြန်လည်စောကြောကြည့်ရန်လိုမည်ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ နိုင်ငံခြားသတင်းထောက်များ၏ ပုံဖော်ရေးသားမှုများတွင် အစိုးရ၏ ထုတ်ပြန်ချက်များနှင့် သတင်းအချက်အလက်များအပေါ် သံသယများစွာထားရှိသလောက် အခြေအမြစ်မရှိသည့် ဆန့်ကျင်ဘက်သတင်းများကိုမူ မှန်ကုန်တိကျမှု ရှိ မရှိပင် စစ်ဆေးခြင်းမပြုဟု ယုံကြည်ရသည်။ ထို့အပြင် အတည်မပြုနိုင်သည့် အချက်အလက်များကို သတင်းအဖြစ် ထည့်သွင်းထုတ်ပြန်ကာ ပြည်သူလူထုကို သတင်းအပင်းသွင်းမှုများ၊ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို မှန်ကန်သယောင်၊ တရားသယောင် ထင်မြင်လာအောင် သတင်းအဆိပ်သင့်မှုများကို မီဒီယာနည်းလမ်းများဖြင့် ပြုလုပ်လျက်ရှိရာ ပရော်ဖက်ရှင်နယ် မီဒီယာသမားများ အားလုံးဆင်ခြင်တုံတရား ဉာဏ်ရှေ့သွားလျက် ကျင့်ဝတ်များနှင့်အညီ အသက်မွေးဝမ်းကျောင်းနိုင်ကြပါစေကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

နေပြည်တော်

## မိုး ထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၉

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ



ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၉ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

သတင်းစဉ်

## မိုင်းယုမြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

မိုင်းယု ဇွန် ၂၉

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် နယ်စပ်ဒေသ မိုင်းယုမြို့တွင် ရှေ့တန်းရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် ယမန်နေ့က ဒေသတွင်း ကွင်းဆင်းကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မိုင်းယုမြို့ ရှေ့တန်းရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဦးစီးမှူး ဦးစိုင်းနေမွန်ငြိမ်းနှင့် ဝန်ထမ်းများက ဒေသတွင်းရှိ မိုင်းလွေကျေးရွာအုပ်စုသို့ ကွင်းဆင်းကာ အိမ်ထောင်စုလူဦးရေစာရင်း၊ ကလေးမွေးတိုးများ ပြုလုပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ် ပြုလုပ်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ပျက်/ လဲလှယ်သူတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂ ကတ်တိတိကို ထပ်မံထုတ်ပေးနိုင်ကြောင်းနှင့် ဇွန် ၁၄ ရက်က တစ်ကြိမ်၊ ဇွန် ၂၈ ရက်က တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၄ ကတ်ကို ထုတ်ပေးနိုင်ပြီဖြစ်ကြောင်း မြို့ရှေ့တန်းရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ သိရသည်။

ကိုကိုနိုင်(မိုင်းယု)

## ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုအပ်

မိမိတို့နိုင်ငံ၏ အဓိကစိုက်ပျိုးရေးမှာ ဆန်စပါး၊ ပဲနှင့် ဆီထွက်သီးနှံများဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ ထို့အတူ ရပ်နားထားသည့် ပြည်တွင်းကုန်ထုတ်လုပ်ရေးစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုကုန်ကြမ်းများ ထုတ်လုပ်နိုင်သည့် ဝါနှင့် ဝါးစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများတွင်လည်း အုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်၍ အုန်းထွက်ပစ္စည်းများ ထုတ်လုပ်ကာ နိုင်ငံတကာသို့တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ၏ဝင်ငွေတိုးတက်ရေးအတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# အရည်အသွေးကောင်း အာလူးများ စီးပွားဖြစ်အမြောက်အမြား စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် တစ်သျှုးနည်းပညာသုံး မျိုးအာလူးများ ထုတ်လုပ်ပေးမည်

**နေပြည်တော် ဇွန် ၂၉**

အရည်အသွေးကောင်း အာလူးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တစ်သျှုးနည်းပညာအသုံးပြု၍ မျိုးအာလူးထုတ်လုပ်နိုင်ရေးကို ဌာနပိုင်သုတေသန ဓာတ်ခွဲခန်းများ၊ စိုက်ပျိုးရေးခြံများနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများအတွက် စီမံချက်များ စနစ်တကျ ညှိနှိုင်းရေးဆွဲရန် လိုအပ်ကြောင်း၊ ရေရှည်တွင် စီးပွားဖြစ် မျိုးထုတ်လုပ်ခြင်းနှင့် မျိုးသိုလှောင် ဖြန့်ဖြူးရောင်းချခြင်းကို ပုဂ္ဂလိကပိုင်းက ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ရန် အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ဘက်စုံပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ဇွန်၂၇ ရက်က ရှမ်းပြည်နယ် ဟဲဟိုးအာလူးအသင်း၊ နောင်တရား အာလူးစိုက်တောင်သူအသင်းများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

### စိုက်ပျိုးစရိတ်ချေးငွေရရှိရေး

တွေ့ဆုံပွဲသို့ ဟဲဟိုးအာလူးအသင်းနှင့် နောင်တရား အာလူးစိုက်တောင်သူအသင်းတို့မှ ဥက္ကဋ္ဌများ၊ ဟဲဟိုးနှင့် နောင်တရား အာလူးစိုက်တောင်သူအစုအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး လက်ရှိ အာလူးစိုက်ပျိုးထုတ်လုပ်နေမှု၊ မျိုးအာလူးသိုလှောင်မှုများနှင့် တိုးချဲ့ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များတွင် မျိုးအာလူး တင်သွင်းမှုအတွက် အခွန်ကင်းလွတ်ခွင့် ရရှိရေး၊ စားသုံးရန်အာလူးများ ပြည်ပမှတင်သွင်းနေမှုကို ထိန်းချုပ်ရေး၊ အာလူးစိုက်ပျိုးစရိတ် ချေးငွေရရှိရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

### စီစဉ်ဆောင်ရွက်သွားမည်

ရှမ်းပြည်နယ်တွင် အာလူးစိုက်ဧက ငါးသောင်းကျော်ရှိကြောင်း၊ အာလူးစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ရေးအတွက် မျိုးထားမျိုးလှောင် အသုံးပြုခြင်း လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ တစ်သျှုးနည်းပညာဖြင့် မျိုးအာလူးများ ထုတ်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မျိုးသန့်ပွားများခြင်း လုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပါဝင်ပူးပေါင်း ဆောင်ရွက်ရေးနှင့် မျိုးပွားခြင်း၊ မျိုးသိုလှောင်ခြင်းနှင့် မျိုးဖြန့်ခြင်းကို အကျိုးဆောင်တောင်သူများ ဖွဲ့စည်းလျက် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ကြောင်း သိရသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ် အောင်ပန်းနှင့် ဟဲဟိုးဒေသအတွင်း ဟင်းသီးဟင်းရွက် လက်ကားဈေးများ တည်ထောင်ခြင်းနှင့် လယ်ယာထွက်ကုန် အခြောက်လှန်းခြင်း၊ သိုလှောင်ခြင်းနှင့် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် မြေနေရာရွေးချယ်သတ်မှတ်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ဟဲဟိုးအာလူးကုမ္ပဏီ၏ အအေးခန်းသိုလှောင်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကလောမြို့နယ် အင်းခေါင်းကျေးရွာတွင် ဟဲဟိုးအာလူးကုမ္ပဏီ၏ အအေးခန်း သိုလှောင်ရုံနှင့် နောင်တရားရှိ စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေး ထွက်ကုန်များ ပြုပြင်ထုပ်ပိုးရေးစင်တာနှင့် အအေးခန်းသိုလှောင်ရုံ တည်ဆောက်ခြင်းလုပ်ငန်းခွင်များကို ကြည့်ရှုအားပေးသည်။

လက်ရှိတွင် ဟဲဟိုး၌ သိုလှောင်ရုံ နှစ်ခုရှိပြီး မျိုးအာလူး တန် ၁၅၀၀ ခန့်သာ သိုလှောင်နိုင်လျက်ရှိရာ တည်ဆောက်လျက်ရှိသည့် သိုလှောင်ရုံများ ပြီးစီးပါက အင်းခေါင်းအအေးခန်း သိုလှောင်ရုံတွင် မျိုးအာလူး တန် ၁၀၀၀နှင့် နောင်တရား အအေးခန်း သိုလှောင်ရုံတွင် တန် ၂၀၀၀ စုစုပေါင်း မျိုး အာလူး တန် ၃၀၀၀ ထပ်မံ သိုလှောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

● *ရှေ့ဖုံးမှ*

ယခုတည်ဆောက်နေသည့် မြစိမ်းရောင် မေတ္တာပေါင်းကူးတံတားကို ငွေကျပ်သန်း ၃၃၀၀ အကုန်ကျခံ၍ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၆) က တာဝန်ယူတည်ဆောက်လျက်ရှိပြီး တံတား အရှည်ပေ ၁၂၀၀၊ ယာဉ်သွားလမ်းအကျယ် ပေ၂၀၊ ယာဉ်တစ်စီး ချင်းခံနိုင်ဝန် တန် ၆၀ ရှိကာ နှစ်လမ်းမောင်းသံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ တံတားဦးစီးဌာနအနေနဲ့ ဒီဘဏ္ဍာနှစ်မှာ ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အပ်နှံတဲ့ ရန်ပုံငွေတွေနဲ့ ပေ ၅၀ အထက် တံတားကြီး၊ ငယ် စုစုပေါင်း၂၀၇စင်း တည်ဆောက်နေပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း တည်ဆောက်နေတဲ့ ဒီ စစ်တောင်းမြစ်ကူးတံတားက ပေ ၁၂၀၀ ရှိတဲ့ တံတားတစ်စင်း ဖြစ်ပါတယ်။ ဒီတံတားသစ်ကြီးမပြီးခင် သစ်သား တံတားပေါ်က နေ့စဉ်ဖြတ်သန်းသွားလာနေကြတဲ့ ပြည်သူတွေရဲ့ သွားလာမှု အဆင်ပြေအောင် စောင့်ကြည့်ကူညီနေပါတယ်။ တံတားကို အသုံးပြုမယ့် ပြည်သူတွေဟာ တံတားဦးစီးဌာနရဲ့ Coustomer များ ဖြစ်တဲ့အတွက် တံတားသစ်ကြီး တည်ဆောက်နေတဲ့ ကာလမှာ သစ်သားတံတားလေးကို အသုံးပြုနေရတဲ့အတွက် ဒီတံတားလေး ကောင်းမွန်ရေးကို အမြဲမပြတ်စောင့်ကြည့်ပြီး ဆောင်ရွက်ပေးစရာရှိတာတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးဝင်းမင်းထွဋ်က ပြောသည်။

မြစိမ်းရောင် မေတ္တာပေါင်းကူးတံတားကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးတွင် တည်ဆောက်ပြီး တည်ဆောက်ဆဲ ပေ ၁၀၀၀ အထက် တံတား ၃၁ စင်းရှိကာ ယခုမြစိမ်းရောင် မေတ္တာပေါင်းကူးတံတားသည် စစ်တောင်းမြစ်ပေါ်တွင် တည်ဆောက်သည့် ၁၀ စင်းမြောက်တံတားဖြစ်ကြောင်း သိရသည်။

မြစိမ်းရောင် မေတ္တာပေါင်းကူးတံတား တည်ဆောက်ပြီးစီးသွားပါက စစ်တောင်းမြစ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာများသည် ပြည်ထောင်စုနယ်မြေလယ်ဝေးမြို့နှင့် ဆက်စပ်သွားမည်ဖြစ်ပြီး စစ်တောင်းမြစ်အနောက်ဘက်ခြမ်းရှိ ကျေးရွာများသည် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်သို့ ခရီးသွားလာမှု လွယ်ကူလျင်မြန်ကာ အဆိုပါကျေးရွာများမှ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ **သတင်း-ဟိန်းမင်းစိုး၊ ဓာတ်ပုံ-SKK**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြား

နေပြည်တော် ဇွန် ၂၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Metropol Hotel ၌ လက်ခံတွေ့ဆုံ၍ သိရှိလိုသည်များကို ဖြေကြားသည်။**

**အဆိုပါ မေးမြန်းမှုများနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည် –**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana ၏ သိရှိလိုသည့် မေးမြန်းချက်များကို ဖြေကြားစဉ်။

**မေး။ အဆွေတော်ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ယခုလို မော်စကိုကို international security conference ကို လာရောက်တက်ရောက်တာဟာဆိုရင် ဒါပထမအကြိမ် မဟုတ်တော့ပါဘူး။ ယခု (၈) ကြိမ်မြောက် တက်ရောက်တဲ့အချိန်မှာလည်း မနေ့က အဆွေတော် ဗိုလ်ချုပ်မှူးကြီးရဲ့ ဆွေးနွေးဟောပြောမှုမှာ အာရှပစိဖိတ်ဒေသရဲ့ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ဆွေးနွေးဟောပြောသွားခဲ့တာကို တွေ့မြင်ခဲ့ကြရပါတယ်။ တကယ့်မြေပြင်မှာ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ ထပ်မံပြီး ဘယ်လိုအခြေအနေရှိတယ်ဆိုတာလေး ထပ်လောင်းပြောကြားပေးလို့ရနိုင်ပါသလား။**

**ဖြေ။** ပထမဦးဆုံးအနေနဲ့ပေါ့နော်။ အာရှပစိဖိတ်ဒေသကတော့ ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်းမှာ အင်မတန်ကို ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ စိတ်ဝင်စားလာတဲ့နေရာတစ်ခု ဖြစ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းမှာ ဒုတိယကမ္ဘာစစ်ကာလ တစ်လျှောက် ပစိဖိတ်ဒေသနဲ့ အတ္တလန္တိတ်ဒေသဘက်၊ ဥရောပစစ်မျက်နှာဘက်မှာ ပိုပြီးတော့အရေးပါလာတယ်။ အာရှအရှေ့ဖျားနဲ့ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းကာလကျတော့ အာရှပစိဖိတ်က ကမ္ဘာ့နိုင်ငံကြီးအားလုံး စိတ်ဝင်စားလာခဲ့ကြတယ်။ ဒါကြောင့် လုံခြုံရေးနဲ့ပတ်သက်လို့ရှိရင် နိုင်ငံရေးနဲ့ ပတ်သက်တာဖြစ်ဖြစ် လုပ်ဆောင်ချက်တိုင်းမှာ သတိတော်တော်လေးထားရမယ့် အနေအထားဖြစ်တယ်ဆိုတာ ကျွန်တော်ပြောချင်ပါတယ်။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းမှာ ဖြစ်ခဲ့တဲ့တိုက်ပွဲတွေထဲမှာ ဗီယက်နမ်စစ်ပွဲတစ်ခုရှိတယ်။ ဒါအရှေ့တောင်အာရှဒေသမှာ ဖြစ်လာတဲ့ အာရှပစိဖိတ်ဒေသရဲ့ Intrest တစ်ခုဖြစ်တယ်။

**မေး။ လက်ရှိမျက်မှောက်ခေတ်မှာတော့ လုံခြုံရေးနဲ့ပတ်သက်လို့ရှိရင် ဘယ်လိုအန္တရာယ်တွေများ ရင်ဆိုင်နေရပါသလဲ။**

**ဖြေ။** အန္တရာယ်ကတော့အမျိုးမျိုးပဲ။ အကြမ်းဖက်တိုက်ခိုက်မှုတွေလည်း ရှိလာတယ်။ နောက်တစ်ခါ နိုင်ငံတွေအပေါ်မှာ နိုင်ငံရေးအရ သော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ နောက် တည်ငြိမ်အေးချမ်းရေးအတွက် သော်လည်းကောင်း၊ လွှမ်းခြုံမှုတွေ၊ ကြိုးစားမှုတွေ၊ ဒါတွေအများကြီးတွေ့လာရတယ်။ ဒါတွေလည်း အန္တရာယ်ရှိတယ်လို့ ကျွန်တော် ပြောလိုပါတယ်။

**မေး။ အဆွေတော် ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဒီတစ်ခေါက် ရုရှားနိုင်ငံ ခရီးစဉ်မှာလည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey kuzhugetovich Shoigu နဲ့ တွေ့ဆုံပြီးတော့စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ဖို့ ကဏ္ဍတွေမှာ ဆွေးနွေးခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။ ဒီလိုမျိုး ဆွေးနွေးခဲ့ကြတဲ့ အချိန်မှာ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်ပြီးတော့ မည်ကဲ့သို့သော ကဏ္ဍသစ်တွေ ဆက်လက်ဆောင်ရွက်သွားဖို့ ရှိနေပါသလဲ။ ဘယ်လိုသတင်းအသစ်များ ရှိနေပါသလဲ။**

**ဖြေ။** ကဏ္ဍတွေကတော့ အများကြီးဗျ။ လုပ်ရတဲ့ကဏ္ဍတွေက အကျယ်ကြီး။ ဆွေးနွေးတဲ့အကြောင်းအရာတွေလည်း အများကြီးရှိတယ်။ အဲဒီတော့ အသစ်ဆိုတာတော့ မဟုတ်ဘူး။ ကျွန်တော်တို့ လက်ရှိလုပ်ဆောင်နေတဲ့ဟာကိုပဲ တိုးချဲ့လုပ်ဆောင်ဖို့ပဲ ကျွန်တော်တို့ ဆွေးနွေးတာတွေရှိတယ်။ အသစ်သွားဖို့တော့ ကျွန်တော်တို့မရှိဘူး။ စလုပ်ကတည်းကကို နယ်ပယ်ပေါင်းစုံက ကျယ်ပြန့်တယ်။

**မေး။ ဘယ်လိုနယ်ပယ်တွေမှာ ထပ်မံပြီးတော့ တိုးချဲ့သွားဖို့စီစဉ်ထားပါသလဲ။**

**ဖြေ။** မနေ့ကဆိုရင် လေကြောင်းရန်ကာကွယ်ရေးနဲ့ ပတ်သက်တာပေါ့နော်။ ဒါလေး ကျွန်တော်တို့ ဆွေးနွေးဖြစ်ပါတယ်။ ထူးထူးခြားခြား ဆွေးနွေးတယ်လို့မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတကာကို ဒုက္ခပေးနိုင်တာက လေကြောင်းရန်နဲ့ ပတ်သက်တာက ဒုက္ခပေးနိုင်တာ အလားအလာတွေက အများကြီးရှိတယ်။ ဒါကြောင့် လေကြောင်းရန်နဲ့ ကျွန်တော်တို့မြန်မာနိုင်ငံက လေတပ်ဖွဲ့ဆိုတာ အင်အားအင်မတန်ကို ကြီးမားအောင် လုပ်နိုင်ဖို့အတွက် ခနအင်အားကလည်း ကျွန်တော်တို့မှာ မရှိဘူး။ မရှိတော့ Air Defence ကို ပိုပြီးတော့မှ ကျွန်တော်တို့ အဓိကထားတာပါ။ မနေ့က ကျွန်တော်တို့ ဆွေးနွေးတဲ့အကြောင်းအရာထဲမှာ ပါပါတယ်။

**မေး။ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံဆိုတာကလည်း စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး တစ်ခုတည်းနဲ့ ရပ်တန့်နေမှာမဟုတ်တဲ့ မိတ်ဖက်နိုင်ငံတွေ ဖြစ်ကြပါတယ်။ ဒီစစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးအပြင် အခြားဘယ်လို ကဏ္ဍတွေမှာ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားဖို့ စီစဉ်ထားပါသလဲ။**

**ဖြေ။** နယ်ပယ်ပေါင်းစုံရှိတယ်ဗျ။ ဥပမာအားဖြင့် တပ်မတော်ရေတပ်ပိုင်းဆိုင်ရာ တိုးချဲ့ဆောင်ရွက်တာတို့၊ ဆက်သွယ်ရေးပိုင်းဆိုင်ရာ တိုးချဲ့ဆောင်ရွက်တာတို့၊ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်တာတို့ ဒါတွေလည်းရှိပါတယ်။ အသေးစိတ်ပြောရမယ်ဆိုရင်တော့ အများကြီး ရှိတာပေါ့ဗျာ။

**မေး။ လက်ရှိ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး အခြေအနေနဲ့ပတ်သက်တဲ့ မေးခွန်းလေးတစ်ခု မေးခွင့်ပြုပါ။ လက်ရှိကမ္ဘာ့သတင်းမီဒီယာတွေမှာ မြန်မာနိုင်ငံအကြောင်းကို ရေးသားနေကြတာဟာ ဆိုလို့ရှိရင် မိမိတို့ ရုရှားနိုင်ငံအနေနဲ့ သိရှိထားတဲ့ မြန်မာနိုင်ငံမှာ တကယ့်ဖြစ်ပျက်နေတဲ့ အမှန်တရားတွေနဲ့ အရမ်းကိုကင်းကွာလွန်းပါတယ်။ ဘာကြောင့်များ ကမ္ဘာ့မီဒီယာတွေက ဒီလို အမှန်တရားကို မရေးဘဲနဲ့ ဆန့်ကျင်ဘက်ကိုပဲ ရေးနေရတာလဲ။ ဒီအကြောင်းရင်းကို အဆွေတော် ဗိုလ်ချုပ်မှူးကြီး အနေနဲ့ ဘယ်လိုသုံးသပ်ပါသလဲ။**

**ဖြေ။** အဓိကကတော့ ကျွန်တော်တို့ လက်ရှိ စီမံဆောင်ရွက်နေတဲ့ ကိစ္စရပ်တွေပျက်ပြားစေလိုတဲ့ စိတ်နဲ့ သူတို့လိုလားတဲ့သူတွေ နေရာရဖို့အတွက်ကို ဆောင်ရွက်တဲ့ အနေအထားမျိုးလို့ ကျွန်တော်ကတော့ ယူဆတယ်။

**မေး။ အနောက်နိုင်ငံတွေကို ဆိုလိုတာပါလား။**

**ဖြေ။** မှန်ပါတယ်။

**မေး။ အနောက်နိုင်ငံတွေအနေနဲ့ သတင်းမီဒီယာတွေမှာပဲ ရေးသားနေတာလား။ ဒါမှမဟုတ် သူတို့နိုင်ငံ သံတမန်ရေးအနေနဲ့ ဒီလိုမျိုး သတင်းအမှားတွေထုတ်လွှင့်ပြောကြားနေကြတာမျိုး ရှိပါသလား။**

**ဖြေ။** ရှိတာပေါ့။ အများကြီးရှိတာပေါ့။ လုပ်နေကြတာတွေ။ သံတမန်လောကကလည်း လုပ်နေကြတယ်။ နောက်ကုလသမဂ္ဂ အမည်ခံထားတဲ့ အဖွဲ့အစည်းတွေလည်း လုပ်နေကြတာပဲ။ NGO၊ INGO အဖွဲ့တွေလည်း လုပ်နေကြတာပဲ။ သတင်းမီဒီယာလောကကလည်း လုပ်နေကြတာပဲ။

**မေး။ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာတွေ့ရှိချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတဲ့ရာထူးမရှိပါဘူး။ ဒါပေမယ့်လည်း မြန်မာနိုင်ငံရဲ့ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာမရှိတဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးနဲ့ အချိန်အကြာကြီး နိုင်ငံမှာ အာဏာတစ်ခုကို ယူထားခဲ့ပါတယ်။ ဒီလိုမျိုး အခြေအနေတွေက ဘာကြောင့်ဖြစ်ပေါ်လာတာလဲ။ ဘာလို့ သူမက ဒီလိုမျိုး စဉ်းစားပြီးတော့ လုပ်ခဲ့တယ်လို့ထင်ပါသလဲ။**

**ဖြေ။** နိုင်ငံတော်အတိုင်ပင်ခံ ရာထူးမျိုးဆိုတာကတော့ ကိုယ့်ဟာကို ဖန်တီးယူတဲ့ဟာမျိုးပါ။ ဥပဒေမှာတော့ ပုဒ်မတစ်ခုရှိတယ်။ အဖွဲ့အစည်းတစ်ခုခု ဒါမှမဟုတ် လူပုဂ္ဂိုလ်တစ်ယောက်ကို တာဝန်ပေးနိုင်တယ်ဆိုတဲ့ ပုဒ်မတစ်ခုရှိတယ်။ အဲဒီပုဒ်မအရ သူတို့ပေးတာ။ သို့သော်လည်းပဲ လုပ်လို့ရတဲ့ လုပ်ပိုင်ခွင့်တွေရှိတယ်။ လုပ်ပိုင်ခွင့်တွေအရတော့ လုပ်နေကြတဲ့ ကျွန်တော်တို့မှာ အာဏာ ၃ ရပ်ရှိတာပေါ့။ တရားဥပဒေနဲ့ ပတ်သက်တဲ့ ဥပဒေပြုရေးအာဏာရှိတယ်။ အုပ်ချုပ်ရေးအာဏာရှိတယ်။ နောက်တစ်ခါ တရားစီရင်ရေးအာဏာရှိတယ်။ ဥပဒေပြုရေးရယ်၊ အုပ်ချုပ်ရေးရယ်၊ တရားစီရင်ရေးရယ်။ ဒီအာဏာ ၃ ရပ်အပေါ် လွှမ်းခြုံတဲ့ဟာမျိုးတော့ ဘယ်သူမှလုပ်လို့မရဘူး။ သူက အမြင့်ဆုံးပဲ။ သူကအမြင့်ဆုံး အဖွဲ့အစည်းတွေပဲ။ ဒါကိုဘယ်သူမှ ကျော်လွှားလို့မရဘူး။ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ ဒီဟာကျော်လွှားပြီးလုပ်ရတဲ့ ဥပဒေမျိုး ပြဋ္ဌာန်းလို့တော့ ဘယ်လိုမှလုပ်လို့မရဘူး။ ဒါပေမယ့် ဒီပြဋ္ဌာန်းထားတဲ့ ဥပဒေကို

*စာမျက်နှာ ၅ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

*စာမျက်နှာ ၄ မှ*

ကျော်လွန်ပြီးတော့သူကလုပ်လို့ သူက ဒီလိုဖြစ်လာတာ။

အဲဒီမှာ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ-၅၉ (စ) မှာ ဖော်ပြထားတဲ့ဟာ တစ်ခုရှိတယ်။ အဲဒါ ဘာလဲဆိုတော့ မြန်မာနိုင်ငံသားတစ်ယောက်ဟာ နိုင်ငံခြားသားတစ်ယောက်နဲ့ ပတ်သက်တဲ့ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီးတော့ သတ်မှတ်ထားတဲ့ ကန့်သတ်ချက်တွေဖြစ်တယ်။ သူက အဲဒီကန့်သတ်ချက်ထဲမှာ ငြိနေတာရှိပါတယ်။ သူသည် သမ္မတဖြစ်နိုင်ခွင့် အရည်အချင်းထဲမှာ ငြိစွန်းနေတာ လုပ်လို့မရပါဘူး။ လုပ်လို့မရတော့ သူက အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတဲ့ဥပဒေကို ပြဋ္ဌာန်းပြီးတော့မှ ပြန်လုပ်လိုက်တာပေါ့။ ဒါပေမယ့် နိုင်ငံတော်သမ္မတရဲ့ အရည်အချင်းသတ်မှတ်ချက်နဲ့ ဒုတိယသမ္မတတစ်ယောက်ရဲ့ အရည်အချင်းသတ်မှတ်ချက်တွေမှာ အစောကပြောတဲ့ ၅၉(စ)နဲ့ ပတ်သတ်တဲ့ဟာတွေက အကျုံးဝင်တဲ့သူ ဖြစ်တယ်။ သူ့ကို ကျွန်တော်တို့က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်အပ်ပြီးတဲ့အချိန်မှာ သူ့ရဲ့ protocol တန်းစီတဲ့အခါမှာ သမ္မတနဲ့ ဒုတိယသမ္မတကြားမှာ ရှိတယ်ဆိုပြီးတော့ သူက ထည့်လိုက်တာ။ ပြန်တမ်းနဲ့ထည့်ထားတာ။ ဒါဟာ အဲဒါဆိုရင် အလိုအလျောက် ခုန ၅၉(စ)နဲ့ ပတ်သက်တဲ့သူ အကျုံးဝင်တဲ့လူပဲ ဖြစ်ရမယ်။ အဲဒါကို ဥပဒေကဘယ်လိုပဲရှိရှိ။ သူက ဒါကိုရှောင်ရှားချင်လို့။ ဒါပေမယ့် တကယ်တော့ ဥပဒေနဲ့ငြိနေတယ်။ ဒီတစ်ချက်ကိုက မလွတ်ပါဘူး။ ပြန်ပြီးပြည့်စုံအောင်ပြောရလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာတော့ ဝါစဉ်စီတာရှိတယ်။ သမ္မတပြီးရင် ဒုတိယသမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌ။ ၂၅ ဆင့်ရှိတယ်။ နိုင်ငံတကာမှာလည်းရှိတယ်။ ခင်ဗျားတို့ နိုင်ငံမှာလည်း သမ္မတပြီးလို့ရှိရင် ဒုတိယတာဝန်အရှိဆုံး ဘယ်သူလဲ။ တတိယတာဝန်အရှိဆုံးသူ ဘယ်သူလဲ။ Protocol တွေစီလိုက်တာ ရှိတယ်။ တရားဝင်စာထုတ်ပေးတာပေါ့။ အဲဒီတော့ သူက တရားဝင်စာနိုင်ငံတော်ပြန်တမ်းထုတ်ပြီးတော့ သမ္မတလက်မှတ်ထိုးထားတဲ့စာထဲမှာ သူသည် ဒုတိယနေရာမှာ ဖော်ပြထားတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒါဥပဒေနဲ့ ငြိတယ်လို့ ကျွန်တော်တို့ ပြောတာ။

သူမဖော်ပြမထားဘဲနဲ့ စာမထုတ်ထားဘဲနဲ့ သူ့ဟာသူအပြင်မှာ သက်သက်နေရင် ပြဿနာမရှိဘူး။ ဒီမှာ စာနဲ့တရားဝင် ထုတ်ထားတာ။

**မေး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီး တရားစွဲဆိုမှုတွေ ရှိတယ်ဆိုတာ သိရပါတယ်။ သူမကို ဘယ်လိုပြစ်မှုမျိုးနဲ့ ဘယ်လိုပြစ်ဒဏ် ချမှတ်နိုင်ပါသလဲ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ပြည်ပနိုင်ငံတွေက တောင်းဆိုမှုတွေ ရှိခဲ့ပါသလား။ ရှိခဲ့တဲ့ နိုင်ငံတွေနဲ့ တောင်းဆိုမှုတွေကို အနည်းငယ် ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ကျွန်တော်က တရားသူကြီးမဟုတ်တော့လည်း ခက်တယ်လေ ပြောရတာ။ အဲဒါ တရားရုံးကနေပြီးတော့ သူ့အပေါ်မှာ စွပ်စွဲထားတဲ့အချက်တွေအပေါ်မှာ တရားသူကြီးက ဆင်ခြင်တုံတရားနဲ့ စစ်ဆေးမေးမြန်းပြီးတော့ ဆုံးဖြတ်ဆောင်ရွက်ပါလိမ့်မယ်။ တရားစွဲတဲ့အဖွဲ့စည်းတွေကတော့ သူတို့တွေ့ရှိချက်အပေါ် မူတည်ပြီးတော့ သူမအပေါ်မှာ တရားစွဲမှုလုပ်ခဲ့တာပေါ့။ ဒါပေမယ့် တရားသူကြီးကနေ သူစစ်ဆေးမေးမြန်းပြီးတော့မှ စဉ်းစားဆုံးဖြတ်ပါလိမ့်မယ်။

**မေး။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့အစပိုင်းမှာတော့ ရွေးကောက်ပွဲကို တစ်နှစ်အတွင်း ပြန်လည်ကျင်းပပေးမယ်လို့ ပြောပါတယ်။ မကြာသေးခင်အချိန်က ဗိုလ်ချုပ်မှူးကြီး ပြောသွားတဲ့အထဲမှာ ၂ နှစ်အတွင်းမှာ ပြန်လည်ကျင်းပပေးမယ်လို့ ပြောပါတယ်။ အဲ့ဒီ အကြောင်းအရာနဲ့ ပတ်သက်လို့ အနည်းငယ် ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ရွေးကောက်ပွဲရလဒ်တွေ စိစစ်တာကတော့ ကျွန်တော်တို့က ပထမဆုံး တပ်မတော်က စစ်ပြီးတော့ ကြေညာလိုက်တာပါ။ မဲစာရင်းတွေ မှားနေတယ်လို့ ကြေညာလိုက်တာပေါ့။ အဲဒါတွေကို ကျွန်တော်တို့က တာဝန်ယူတဲ့အခါမှာ ရွေးကောက်ပွဲကျင်းပရေး ပြည်ထောင်စုကော်မရှင် UEC လို့ခေါ်တဲ့ ကျွန်တော်တို့ ရွေးချယ်တင်မြှောက်ခဲ့တဲ့ကော်မရှင် ပြန်ဖွဲ့ပြီးတော့ ပြန်စစ်ခိုင်းတာပါ။ သူတို့ရဲ့ စစ်ဆေးတွေ့ရှိချက်ပေါ်မူတည်ပြီး ကျွန်တော်တို့ ထုတ်ပြန်ကြေညာတာရှိတယ်။ အဲဒီတော့ ဒီလုပ်ငန်းတွေပြီးသွားပြီဆိုရင်၊ ကျွန်တော်တို့က ရွေးကောက်ပွဲပြန်လုပ်ဖို့ ကြေညာခဲ့တာပေါ့။ ၆ လအတွင်းလုပ်မယ် ၁ နှစ်အတွင်း လုပ်မယ်လို့တော့ မဟုတ်ပါဘူး။ အရေးပေါ်ကာလအခြေအနေအတွင်းမှာ ဆောင်ရွက်ဖွယ်ရာကိစ္စများ ပြီးမြောက်ပြီဆိုလို့ရှိရင် ရွေးကောက်ပွဲကျင်းပဖို့ကို ကျွန်တော်ပြန်လုပ်မယ်။ အဲ့ဒီက ရွေးချယ်တင်မြှောက်တဲ့ပါတီက အစိုးရဖွဲ့နိုင်ဖို့အတွက် ဆောင်ရွက်ပေးမယ်။ လွှဲပေးမယ်။ ကျွန်တော်ပြောခဲ့တာပါ။

နောက်တစ်ခုကလည်း ခုနကပြောတဲ့ ဒီရွေးကောက်ပွဲ မဲစာရင်းတွေမှားတဲ့အထဲမှာ အဓိကမှားတာက မှတ်ပုံတင်မရှိဘဲနဲ့ မဲစာရင်းတွေပါနေတဲ့ကိစ္စတွေ။ မဲစာရင်းမှာမှတ်ပုံတင်မပါတာ လူပေါင်း ၁၀ သန်းကျော်လောက်ပါနေတယ်။ အဲဒီလူတွေကို ကျွန်တော်တို့ စိစစ်တဲ့အခါမှာ လေးသန်းကျော်လောက်က မှတ်ပုံတင်ပေးဖို့ အရေးတကြီးပေးဖို့ လိုနေတယ်။ ကျွန်တော်တို့ မှတ်ပုံတင်တွေ ထပ်ထုတ်ပေးနေတာတွေရှိတယ်။ ဒါတွေကလည်း အနည်းဆုံး ၁၈ လ ကြာမယ်လို့ သက်ဆိုင်ရာတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက ခန့်မှန်းတာပေါ့။ ၁၈ လကြာမယ်ဆိုတော့ ဒါက သတ်မှတ် တစ်နေ့ကိုလူ ၃၀၀ လုပ်ရမယ်။ အဲ့ဒီ ၃၀၀ လုံး မှန်မှန်ကန်ကန်လုပ်မှ ၁၈ လနဲ့ပြီးမှာ။ တကယ်လို့ အဲ့ဒီလိုအရေအတွက်အတိုင်းမလာဘူးဆိုရင် ဒီထက်ပိုကြာဖို့ပဲရှိတော့တာ။ ကျွန်တော်တို့က မဲစာရင်းမှားတာ မှတ်ပုံတင်မပါဘဲနဲ့ မဲစာရင်းတွေထည့်တဲ့အတွက်ကြောင့် မှားတာကို ထောက်ပြထားတာ။ အဲ့ဒီတော့ လာမယ့်ရွေးကောက်ပွဲ အသစ်လုပ်လို့ရှိရင် မှတ်ပုံတင်မပါဘဲနဲ့မဲစာရင်းထဲမှာပါလာလို့ရှိရင် ကျွန်တော်တို့ပြောစရာဖြစ်လာမယ်။ ဒါကြောင့် မှတ်ပုံတင်က မရှိမဖြစ် ကျွန်တော်တို့ ပေးရမယ့်လုပ်ငန်းတစ်ရပ်ဖြစ်တယ်။ ဒီလုပ်ငန်းပြီးမှ ကျွန်တော်တို့က ရွေးကောက်ပွဲကို စာရင်းဇယား မှန်မှန်နဲ့ရွေးကောက်ပွဲတစ်ခု လုပ်လို့ရမယ်။ ဒီဟာကို ကျွန်တော်တို့ အချိန်တစ်ခု ပေးရလိမ့်မယ်။ ဒါကြောင့် ၂ နှစ်လည်း ဖြစ်ရင် ဖြစ်သွားမယ်လို့ ကျွန်တော်ပြောတာ။

နောက်တစ်ခုရှိသေးတယ်။ အဲဒါကဘာလဲဆိုတော့ ကျွန်တော်တို့ဟာ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေဆိုတာရှိတယ်။ ဒီဥပဒေဟာ နိုင်ငံသားပေးရမယ့် ပုဂ္ဂိုလ်တွေပေးဖို့၊ ဒါတွေလည်း ဒီမဲပေးတဲ့ကာလအတွင်းမှာ မကြာရအောင်လုပ်ဖို့ဆိုပြီးတော့ တာဝန်တစ်ခုရှိတယ်။ ဒါလည်း ကျွန်တော်တို့ သက်ဆိုင်ရာတွေနဲ့ ဆွေးနွေးပြီးတော့ ဆောင်ရွက်နေတာလည်း ရှိတယ်။ ဒါလည်း နှောင့်နှေးနေလို့ မရဘူး။ နှောင့်နှေးမယ်ဆိုရင်လည်း၊ ဒါတွေဟာ ကျန်ခဲ့တယ်ဆိုရင်လည်း အဲဒီမှာ ပြဿနာတစ်ခုက လာလိမ့်မယ်။ ဒါလည်း ဖြေရှင်းဆောင်ရွက်ဖို့ ရှိနေသေးတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# မန္တလေးတိုင်းဒေသကြီး၏ အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းများ စိစစ်ခြင်းအစည်းအဝေးကျင်းပ

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ၆ လ ဘတ်ဂျက် အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းများ တင်ပြတောင်းခံထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ညှိနှိုင်းခြင်း အစည်းအဝေးကို ယနေ့ နံနက် ၉နာရီက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး လွှတ်တော်ရုံးဟောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက ဘတ်ဂျက်များ ရေးဆွဲရာတွင် ရရှိသောငွေ၊ ပြီးစီးနိုင်သောအခြေအနေ၊ အချိန်ကာလသတ်မှတ်ချက်များကို ထည့်သွင်းစဉ်းစားရန်၊ ဌာနနှင့်တိုင်းဒေသကြီးအတွက် အကျိုးရှိမည့် လုပ်ငန်းများကို ဦးစားပေးရန်နှင့် အဆောက်အဦ၊ စက်ကိရိယာများအတွက် တင်ပြတောင်းခံရာတွင် ဌာနတစ်ခုနှင့်တစ်ခု တွက်ချက်နှုန်းထားများ တူညီရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးသိန်းဌေးက မီနီဘတ်ဂျက်ရေးဆွဲရာတွင် သတ်မှတ်မူဘောင်အတွင်း ရေးဆွဲရမည့်ကိစ္စရပ်များ၊ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရသုံး၊ ခန့်မှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဆွေက ၂၀၂၁-၂၀၂၂ခုနှစ် မီနီဘတ်ဂျက်အား ငွေစာရင်းခေါင်းစဉ်များအလိုက် ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ရန်ပုံငွေအစီအစဉ်တွင်ပါဝင်သော



ဌာနဆိုင်ရာ၊ အဖွဲ့အစည်း ၃၃ ခုတို့မှ တာဝန်ရှိသူများက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ၆လ အတွက် ငွေစာရင်းခေါင်းစဉ်များအလိုက် ရငွေ၊ သုံးငွေ မီနီဘတ်ဂျက်အတွက် လျာထားချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကောင်းစွာရှင်သန်ချင်သေးတယ်ဆိုရင် . . .

**ဘမောင်တိုး**

ကမ္ဘာပေါ်က နိုင်ငံအတော်များများ လက်ခံကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်ကို ကျွန်တော်တို့နိုင်ငံလည်း လိုက်ပါကျင့်သုံးနေပါတယ်။ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းနဲ့ ပြည်သူ့ဆန္ဒကို ဦးစားပေးခြင်းစတာတွေဟာ ပြည်သူအားလုံးရဲ့ကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်တဲ့ ဒီမိုကရေစီစံနှုန်းတွေလို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ၂၀၁၀ မှာစတင်တဲ့ ပထမ ငါးနှစ်သက်တမ်းနဲ့ ၂၀၁၅ မှာစတင်တဲ့ ဒုတိယငါးနှစ် သက်တမ်းတွေအတွင်းမှာ ဒီမိုကရေစီအခွင့်အရေးတွေ ထူးထူးခြားခြားရလာပေမယ့် ပြည်သူတွေအတွက် အကျိုးစီးပွားကတော့ ထိထိရောက်ရောက်ဖြစ်မလာဘူးလို့ ဆိုချင်ပါတယ်။

**GZ လေးတွေ၊ PDF လေးတွေ တောထဲမှာ စစ်သင်တန်းတက်ပြီး မြို့ပေါ်ရောက်တော့ ကိုယ့်ဖုံးနဲ့ကိုယ်ပြန်ကွဲပြီး မရှုမလှဖြစ်ကြတာ၊ အားမတန်ဘဲ မိုက်ရူးရဲလုပ်ကြတော့ ပစ်ခတ်ခံရ၊ အဖမ်းခံရတာ။ အဖမ်းခံရပြီး ဖော်ကောင်လုပ်တော့ နောက်ဆက်တွဲ အဖမ်းခံကြရတာတွေနဲ့ ဘဝပျက်မတတ်ဖြစ်ကြတဲ့ လူငယ်လူရွယ်လေးအတွက် မိဘချင်း၊ မိသားစုချင်း ကိုယ်ချင်းစာနာကြရမှာပါ။ ကိုယ့်သားသမီးလေးတွေ ဒီလိုဘဝဆိုးတွေ မကြုံရဖို့ ဝိုင်းဝန်းတားဆီးကာကွယ်ကြဖို့ မိကောင်းဖခင်တိုင်းရဲ့တာဝန်တွေ ဖြစ်ကြပါတယ်။ ထိန်းလို့ သိမ်းလို့ မရတာဖြစ်ဖြစ်၊ အားပေးတာပဲ ဖြစ်ဖြစ် ကိုယ်ပြုတဲ့ကံ ကိုယ်ပြန်ခံရတယ်ဆိုတဲ့ သဘောပါပဲ။ တော်လှန်ရေးသမားဆိုပြီး တပ်မတော်ကို စွန့်စွန့်စားစားတိုက်နေကြတာ မဟုတ်ပါဘူး။**

**အလုံးစုံဖျက်ဆီးရေး**

အဲဒီတော့ စနစ်က အဓိကလား၊ ပြည်သူတွေရဲ့ဘဝက အဓိကလားဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ ပြည်သူတွေရဲ့ဘဝတွေ မပြည့်စုံသရွေ့၊ နိုင်ငံရေးမှာ မရိုးသားသရွေ့ ရွေးကောက်ပွဲတွေလုပ်ပြီး ဒီမိုကရေစီလမ်းကြောင်းပေါ် တက်လိုက် ပြန်ဆင်းလိုက်နဲ့ တစ်လှည့်စီဖြစ်နေမှာ သေချာပါတယ်။ ဒီမိုကရေစီမူမမှန်တာ၊ တိုင်းပြည်ဆင်းရဲတာဟာ စစ်အာဏာရှင်ကြောင့် မဟုတ်ပါဘူး။ အာရှမှာ တိုးတက်နေတဲ့ အာဏာရှင်နိုင်ငံတွေ ရှိပါတယ်။

ဒီမိုကရေစီပါလို့ ကြွေးကြော်ခဲ့တဲ့ NLD လက်ထက်မှာရော တိုးတက်ခဲ့ပါသလား။ လွဲချော်တဲ့ စီးပွားရေးစနစ်တွေ၊ လက်ဝဲဗဟိုဦးစီးစနစ်တွေ၊ လစ်ဘရာစုံ ဘာသာစုံ တန်းတူမှုတွေ၊ ဘာသာခြား လူမျိုးခြား ပြဿနာတွေ၊ ကိုဗစ်အကြောင်းပြ စည်းရုံးမှုတွေ၊ ရွေးကောက်ပွဲမသမာမှုတွေ၊ တစ်ပါတီအာဏာရှင်ဖြစ်ရေး ကြိုးပမ်းမှုတွေကနေ နောက်ဆုံး ဖြစ်မလာတော့ အလုံးစုံဖျက်ဆီးရေး လမ်းခင်းလိုက်တာတွေကို တွေ့နေရပါတယ်။

**စစ်မှန်တဲ့ဒီမိုကရေစီ**

ဒီမိုကရေစီစနစ်နဲ့သွားနေပြီး ပြည်သူတွေ ဆင်းရဲတွင်းနက်နေတဲ့ နိုင်ငံတွေ အများကြီးရှိပါတယ်။ မြန်မာနိုင်ငံက လိုချင်တာက ပြည်သူတွေ မပူမပင် မကြောင့်မကျ ဝဝလင်လင်နေနိုင်တဲ့ ဒီမိုကရေစီကို လိုချင်တာပါ။ မှန်ကန်တိုးတက်တဲ့ နိုင်ငံရေးစနစ်ကို မတည်ဆောက်နိုင်ဘဲ ပြည်သူတွေ စိတ်ဝမ်းကွဲတဲ့၊ အလုံးစုံပျက်စီးတဲ့ ဒီမိုကရေစီကို မလိုချင်ပါဘူး။ အဓိကကတော့ ပြည်သူတွေ အေးအေးချမ်းချမ်းနဲ့ ထမင်းဝဝစားနိုင်ဖို့၊ စီးပွားရေးကောင်းဖို့ အရေးကြီးပါတယ်။ ခိုင်မာတောင့်တင်းတဲ့ စီးပွားရေးကို သွားမယ်ဆိုရင် လျှပ်စစ်မီး၊ စမတ်ကတ်မှတ်ပုံတင်၊ အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်နဲ့ e-Government စနစ်တွေ အားကောင်းလာဖို့ အရေးကြီးပါတယ်။ e-Government တွေ ကောင်းလာရင် အဂတိလိုက်စားမှုတွေလည်း လျော့နည်းသွားမှာဖြစ်ပါတယ်။

**အချင်းချင်းရန်တိုက်**

ယခု CDM ကောင်းမှုကြောင့် ငွေသားကိုင်တွယ်အသုံးပြုမှု အခက်အခဲရှိတာကို အကြောင်းပြုပြီး အီလက်ထရွန်နစ် ငွေချေမှုစနစ်ကို တွန်းတင်ပေးလိုက်သလို ဖြစ်လာပါတယ်။ ငွေကိုမကိုင်နိုင်တော့ ငွေတန်ဖိုး ရှိလာပါတယ်။ ငွေကြေးဈေးကွက် တည်ငြိမ်သွားတဲ့သဘော ရှိလာပါတယ်။ အဆိုးထဲက အကောင်းလို့ ပြောရမှာဖြစ်ပါတယ်။ တကယ်တော့ ပြည်သူတွေအများစုဟာ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင် စားသောက်နိုင်ရင် ဘယ်စနစ်ပဲဖြစ်ဖြစ်၊ ဘယ်သူအုပ်ချုပ်တာပဲဖြစ်ဖြစ် လက်ခံကြမှာဖြစ်ပါတယ်။

ဒါကိုသိထားတဲ့ နိုင်ငံရေးသမားတွေက ဒီမိုကရေစီ အကြောင်းပြုပြီး ပြည်သူလူထုအနေနဲ့ အမှား/အမှန်ကို မခွဲခြားတတ်အောင် ဖန်တီးနိုင်ခဲ့ပါတယ်။ ပြည်သူလူထု ထောက်ခံမှုအား များများစားစားရတော့ ဒီမိုကရေစီ အာဏာရှင်စနစ်ကို ခိုင်ခိုင်မာမာ ကိုင်စွဲပါတယ်။ မကိုင်စွဲနိုင်တော့ ပြည်သူအချင်းချင်း ရန်တိုက်ပေးပါတယ်။

**ငါနဲ့မတူငါ့ရန်သူ**

NLD ဟာ အာဏာလက်လွှတ်လိုက်ရတာနဲ့ ဝန်းရံသူတွေ၊ အပေါင်းပါတွေ၊ ထောက်ခံသူတွေရဲ့ တွန်းအားတွေနဲ့ မြန်မာပြည်ဖျက်စီမံကိန်းကို စတင် အကောင်အထည်ဖော်လာတာ မြင်တွေ့ရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ ဆန္ဒပြမှုမှ ဆူပူဆန္ဒပြမှု၊ ဆူပူဆန္ဒပြမှုမှ အကြမ်းဖက်ဆန္ဒပြမှု၊ အကြမ်းဖက်ဆန္ဒပြမှုမှ အကြမ်းဖက်တိုက်ခိုက်မှု အဆင့်အထိ တွန်းပို့ပေးခဲ့ပါတယ်။ ရပ်ရွာတွေမှာ "ငါနဲ့မတူ ငါ့ရန်သူ"လို့ သတ်မှတ်ပြီး အပြစ်မဲ့ပြည်သူတွေကို ရက်ရက်စက်စက် သတ်ဖြတ်ကြပါတယ်။ စာသင်ကျောင်းတွေ၊ အများပြည်သူဆိုင်ရာနေရာတွေ၊ အစိုးရအဆောက်အအုံတွေကို မီးရှို့ဖျက်ဆီးပါတယ်။ မြို့ပြကာကွယ်ရေးအမည်တပ်ပြီး GZ တွေကနေ PDF တွေ ဖြစ်လာပါတယ်။ ရွေးကောက်ပွဲအကြိုကာလကတည်းက အမှားတွေကို စတင်တွေ့နေပါရက်နဲ့ အမှန်မပြင်တာ၊ မသိသလိုနေခဲ့တာဟာ မရိုးသားတာပါပဲ။

**သွေးထိုးလှုံ့ဆော်**

ယုတ်မာရက်စက် အကြံပက်စက်တဲ့ နိုင်ငံရေးသမားတွေဟာ အသိအမြင် ဗဟုသုတနဲ့ အသိတရားအားနည်းတဲ့ လူငယ်တွေ၊ စိတ်ခံစားလွယ်တဲ့လူငယ်တွေ၊ တက်ကြွလူငယ်တွေကို အသုံးချခဲ့ပါတယ်။ လမ်းမှားပေါ်ကို တွန်းပို့ခဲ့ကြပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် EAOs တွေလက်ထဲ အပ်ခဲ့ကြပါတယ်။ လူငယ်တွေဟာ တောထဲကို သွားပြီး EAOs တွေဆီမှာ မဖြစ်စလောက် စစ်သင်တန်းတွေ တက်ခဲ့ကြပါတယ်။ လည်ဝယ်တဲ့ နိုင်ငံရေးမသူတော်တွေက ဗီဇာမလိုဘဲ အမေရိကားကို ချက်ချင်းအရောက်သွားကြတယ်။ မသူတော်အချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖော်ကြပါတယ်။ GZ နဲ့ PDF လူငယ်လေးတွေကို သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးပြီး သေတွင်းထဲဖြစ်ဖြစ်၊ ထောင်ထဲဖြစ်ဖြစ် တွန်းပို့ကြပါတယ်။ ဒါပေမယ့် အသိခေါက်ခက်အဝင်နက်တဲ့ GZ နဲ့ PDF လူငယ်တွေက သူတို့အချင်းချင်းကို ရန်မတိုက်ပေးပါနဲ့ဆိုပြီး မိုက်တွင်းဆက်နက်နေကြဆဲပါပဲ။

**စိတ်မကောင်းဖြစ်**

မြို့ပေါ်က မိဘအိမ်မှာ ဘော်ကြော့နေခဲ့တဲ့ လူငယ်တွေ၊ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နေခဲ့တဲ့ လူငယ်လေးတွေ တောထဲမှာ ထမင်းမချက်စားနိုင်လို့၊ ကြုံရာ ကျွေးရာ အစားအစာတွေ စားရလို့ အဆင်မပြေဖြစ်ကြလို့ တိုင်းရင်းသားတွေက ပြစ်တင်၊ ပြက်ရယ်ပြုကြတာတွေကို ကြားခဲ့ပြီးပါပြီ။ အခုလည်း ၂၀၂၂ ပါဂျောင်လူသတ်ပွဲကိစ္စ ထပ်ကြားလိုက်ရတော့ အလွန်ပဲ စိတ်မကောင်းဖြစ်ရပါတယ်။ မူလကတည်းက EAOs နယ်ထဲရောက်ရင် ဖြစ်လာနိုင်တာတွေကို ကိုယ့်ထက်အသိဉာဏ်ကြီးသူတွေ၊ အတွေ့အကြုံရင့်ကျက်သူတွေက ပြောနေ၊ အသိပေးနေ၊ သတိပေးနေကြတာကို လက်မခံ၊ နားမထောင်။ အခုတော့ မဖြစ်သင့်တာတွေ ဖြစ်လာတဲ့အခါ ဝမ်းနည်း စိတ်မကောင်းတာကလွဲလို့ ဘာမှမတတ်နိုင်ပါဘူး။

**ကိုယ်ချင်းစာနာ**

GZ လေးတွေ၊ PDF လေးတွေ တောထဲမှာ စစ်သင်တန်းတက်ပြီး မြို့ပေါ်ရောက်တော့ ကိုယ့်ဖုံးနဲ့ကိုယ်ပြန်ကွဲပြီး မရှုမလှဖြစ်ကြတာ၊ အားမတန်ဘဲ မိုက်ရူးရဲလုပ်ကြတော့ ပစ်ခတ်ခံရ၊ အဖမ်းခံရတာ။ အဖမ်းခံရပြီး ဖော်ကောင်လုပ်တော့ နောက်ဆက်တွဲ အဖမ်းခံကြရတာတွေနဲ့ ဘဝပျက်မတတ်ဖြစ်ကြတဲ့ လူငယ်လူရွယ်လေးအတွက် မိဘချင်း၊ မိသားစုချင်း ကိုယ်ချင်းစာနာကြရမှာပါ။ ကိုယ့် သားသမီးလေးတွေ ဒီလိုဘဝဆိုးတွေ မကြုံရဖို့ ဝိုင်းဝန်းတားဆီးကာကွယ်ကြဖို့ မိကောင်းဖခင်တိုင်းရဲ့တာဝန်တွေ ဖြစ်ကြပါတယ်။ ထိန်းလို့ သိမ်းလို့ မရတာဖြစ်ဖြစ်၊ အားပေးတာပဲဖြစ်ဖြစ် ကိုယ်ပြုတဲ့ကံ ကိုယ်ပြန်ခံရတယ်ဆိုတဲ့ သဘောပါပဲ။ တော်လှန်ရေးသမားဆိုပြီး တပ်မတော်ကို စွန့်စွန့်စားစားတိုက်နေကြတာမဟုတ်ပါဘူး။

**ပျက်စီးမှာသေချာ**

ကျောင်းတွေကို ဗုံးခွဲ၊ မီးရှို့၊ ဆရာ ဆရာမတွေ၊ NLD ရဲ့ဆန့်ကျင်ဘက်တွေကို သတ်ဖြတ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကိုသတ်ဖြတ်၊ ရုံးတွေ၊ အများပြည်သူ အဆောက်အအုံတွေကို မီးရှို့၊ ရဲတပ်ဖွဲ့ဝင်တွေကို အလစ်အငိုက် တိုက်ခိုက်သတ်ဖြတ် စတာတွေဟာ တော်လှန်ရေးတပ်သားလား၊ အကြမ်းဖက်သမားလားဆိုတာ ဘယ်သူမဆို ချင့်ချိန်နိုင်ကြမှာပါ။ ယနေ့ကာလမှာ အကြမ်းဖက်မှုတွေကို ထိထိရောက်ရောက် နှိမ်နင်းနေတာကို တွေ့ရမှာပါ။ မြို့တွင်းတိုက်ကွက်ဆိုပြီး ထပ်မံဖော်ဆောင်လာရင်တော့ မန္တလေးဖြစ်စဉ်က နမူနာပြထားတာကို အထူးသတိပြုဖို့လိုမှာဖြစ်ပါတယ်။ အကြမ်းဖက်သူတွေကို အားပေး၊ ကူညီမယ်ဆိုရင် အကြမ်းဖက်မှုဥပဒေနဲ့ အရေးယူခံရမှာက နောက်မှ၊ လက်တွေ့ရင်ဆိုင်ရင် အသက်ခန္ဓာ၊ စည်းစိမ်ဥစ္စာပိုင်ဆိုင်မှုတွေ ပျက်စီးသွားမှာတော့ အရင် သေချာနေပါတယ်။

*စာမျက်နှာ ၉ သို့*

**ကျောင်းတွေကို ဗုံးခွဲ၊ မီးရှို့၊ ဆရာ ဆရာမတွေ၊ NLD ရဲ့ဆန့်ကျင်ဘက်တွေကို သတ်ဖြတ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကိုသတ်ဖြတ်၊ ရုံးတွေ၊ အများပြည်သူ အဆောက်အအုံတွေကို မီးရှို့၊ ရဲတပ်ဖွဲ့ဝင်တွေကို အလစ်အငိုက် တိုက်ခိုက်သတ်ဖြတ် စတာတွေဟာ တော်လှန်ရေး တပ်သားလား၊ အကြမ်းဖက်သမားလားဆိုတာ ဘယ်သူမဆို ချင့်ချိန်နိုင်ကြမှာပါ။ ယနေ့ကာလမှာ အကြမ်းဖက်မှုတွေကို ထိထိရောက်ရောက် နှိမ်နင်းနေတာကို တွေ့ရမှာပါ။ မြို့တွင်းတိုက်ကွက်ဆိုပြီး ထပ်မံဖော်ဆောင်လာရင်တော့ မန္တလေးဖြစ်စဉ်က နမူနာပြထားတာကို အထူးသတိပြုဖို့လိုမှာဖြစ်ပါတယ်။ အကြမ်းဖက်သူတွေကို အားပေးမယ်၊ ကူညီမယ်ဆိုရင် အကြမ်းဖက်မှုဥပဒေနဲ့ အရေးယူခံရမှာက နောက်မှ၊ လက်တွေ့ရင်ဆိုင်ရင် အသက်ခန္ဓာ၊ စည်းစိမ်ဥစ္စာပိုင်ဆိုင်မှုတွေ ပျက်စီးသွားမှာတော့ အရင် သေချာနေပါတယ်။**

# ဒုတိယဝန်ကြီး ဦးမင်းထိန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းများ ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဇွန် ၂၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်- မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၃/၀) မှ (၅/၄)ကြားရှိ ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် Eco Green City Project ရှင်းလင်းဆောင်တွင် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများ ရှင်းလင်းတင်ပြရာ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။(ယာပုံ)

ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)သို့ သွားရောက်၍ သင်တန်းခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် လမ်း၊ တံတား၊ မြို့ပြအိမ်ရာဖွံ့ဖြိုးရေးအတွက် အဓိကဖြစ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ တည်ဆောက်ရန်လိုပါကြောင်း၊ ၎င်းအတွက် ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)တွင် ဝန်ထမ်းများကို အဆင့်လိုက်ကျွမ်းကျင်မှု ညာရပ်များကို စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) အား နိုင်ငံတကာအဆင့်နှင့်အညီ ပြည့်စုံရေး အဆင့်မြှင့်တင်သွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနတွင် e-Government စနစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ရန်နှင့် နိုင်ငံတော်၏ တာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်ရန်လိုပါကြောင်း၊ ခေတ်စနစ်နှင့်ကိုက်ညီသည့် အတတ်ပညာများ ဆည်းပူး၍ ပြည်သူများအတွက် ဖြည့်ဆည်း တည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)မှကျောင်းအုပ်ကြီး၊ အင်ဂျင်နီယာချုပ် ဒေါ်လှလှသွယ်က ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ) သင်တန်းခန်းမဘက်စုံမွမ်းမံမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တံတားဦးစီးဌာန၊ အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲသို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် ဓာတ်ခွဲစမ်းသပ်နေမှု၊ ဓာတ်ခွဲခန်းသုံး ပစ္စည်းများ ပြသထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၂၉**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများ ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံ တစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများက COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာ သင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို အမယ် လေးမျိုး ထောက်ပံ့ပေးအပ်ခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ညောင်တုန်းမြို့နယ်နှင့် ဓနုဖြူမြို့နယ်များရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ စားရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး ထောက်ပံ့ခြင်းနှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မအူပင်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မိသားစုဝင် ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ စားရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးကို ထောက်ပံ့ပေးအပ်ရာ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက အသီးသီးလက်ခံရယူကြသည်။

ထို့ပြင် မွန်းလွဲပိုင်းတွင် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဖျာပုံမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်များရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးကို သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


## ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးများ(၃)စာအုပ် ဝယ်ယူရရှိနိုင်

ရန်ကုန်တက္ကသိုလ်ကြီး၏ ကြီးမြတ်သည့် သမိုင်းကြောင်းများနှင့် ကြီးမားသည့် အစဉ်အလာများကို ပြည်သူများ ခံစားသိမြင်နိုင်စေရန်အတွက် စာပေပညာရှင် ဝါသနာရှင်အသီးသီးက မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထုတ်ဖော်ရေးသားခဲ့ကြပါသည်။

အဆိုပါ ဆောင်းပါးများကို တစ်စုတစ်စည်းတည်း စုစည်း၍ **“ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးများ(၃)”** စာအုပ်အဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေခဲ့ပါသည်။

၎င်းစာအုပ်တွင် ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင် အရေးပါနေဆဲ၊ တန်ဖိုးထားတမ်းတနေရဆဲဖြစ်သော ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ် ဘဝဖြတ်သန်းမှုအတွေ့အကြုံများကို ရေးသားဖော်ပြထားသည့် ဆောင်းပါးပေါင်း ၅၄ ပုဒ်ကို စုစည်းဖော်ပြထားပါသည်။




**ရောင်းဈေး ၅၀၀၀ ကျပ်**

**ဝယ်ယူရရှိနိုင်သည့် နေရာများ**

- ရုံးအမှတ်(၇)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း - ၀၆၇ ၃၄၁၂၃၇၁။
- ထုတ်လုပ်ရေးဌာနခွဲ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၈၂၀၁၉၃၆၊ ၀၁ ၈၃၇၁၃၄၀။
- အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ။
- စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်။


## ပြည်မြို့တွင် မွေးမြူရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်လှစ်

**ပြည် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော မေထုန်မဲ့ သားစပ်မွမ်းမံသင်တန်း (ဆရာဖြစ်သင်တန်း) ဖွင့်ပွဲကို (ဇီးအုပ်) တောင်သူလယ်သမားသင်တန်းကျောင်း၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

**သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်**

အခမ်းအနားတွင် ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးသိန်းအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာဦးခိုင်စိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ပြည်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စိုးလင်းက သင်တန်းစည်းကမ်းချက်များ ရှင်းလင်းပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၈ ဦးအား သင်ခန်းစာများကို သုံးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

# ရွှေဥ သုတေသန

မောင်အောင်

**“ဒီမှာ မောင်အောင်ရေ။ ဟိုတလောက ရေဒီယိုမှာ ကြားလိုက်တယ်။ ဝဥခြောက်ကို တရုတ်ကိုရောင်းတာ တယ်ပြီးဈေးရတယ်ဆိုပဲ။ အဲ့ဒီတော့ ငါတို့လည်း ပိုက်ဆံရတယ်ဆိုတော့ စိတ်ဝင်စားတာပေါ့ကွာ။ ဝဥ ဆိုတာဘယ်လိုမျိုးလဲ။ ဒို့ ကန်စွန်းဥတို့ ပိန်းဥတို့လိုမျိုးလား”**

အမေ့ရွာသို့ မရောက်သည်မှာကြာ၍ အလည်သွားဖြစ်သည်။ ကျွန်တော့်တစ်ဝမ်းကွဲ အစ်ကိုကြီးက အသက်ရှစ်ဆယ်ကျော်ပြီ။ သို့ပေမယ့် ရေဒီယိုနားထောင်သည်။ တီဗွီကြည့်သည်။ နိုင်ငံတော်ပြည်အရေးနှင့် စိုက်ပျိုးမွေးမြူရေးဝါသနာပါသည်။ တစ်သက်လုံးကတောင်သူလုပ်ခဲ့သူမို့ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အတော်လေး နှံ့စပ်သည်။ ကျွန်တော်ရွာရောက်တိုင်း အစ်ကိုနှင့်ဆွေးနွေးဖြစ်သည်။

“ဟုတ်တယ် အစ်ကိုရေ။ ဝဥက ပိန်းဥလိုမျိုးပဲ။ ဒါပေမယ့် အရွယ်အစား ပိုပြီးကြီးတယ်။ တချို့ကဆို ဆင်ခြေထောက်ဥလို့တောင်ခေါ်တယ်။ ဝဥမှာ အယဉ်နဲ့ အရိုင်းဆိုပြီး နှစ်မျိုးရှိတယ်။ ဝဥအရိုင်းကို ပါးပါးလှီး အခြောက်လုပ်ပြီး တရုတ်ပြည်တို့၊ ဂျပန်ပြည်တို့ကို ရောင်းလို့ရတယ်။ အယဉ်ကတော့ ချက်စား၊ ပြုတ်စား လို့ရတာပေါ့။”

“အေးတယ်ဟုတ်ပါလား။ နိုင်ငံခြားရောင်းစားတော့ ဘယ်ဈေးရသလဲ”

“ဝဥ အစိုကတော့ တစ်ပိဿာကို ငွေကျပ် ၅၀၀ ကနေ ၂၀၀၀ လောက်အထိ ဈေးရတယ်။ ဝဥခြောက်ကတော့ တစ်ပိဿာကို ငွေကျပ် ၇၀၀၀ ကနေ ၁၅၀၀၀ ကျပ်လောက်အထိ ဈေးရတယ်။”

ဈေးရတယ်ဆို၍ ကျွန်တော့်အစ်ကို စိတ်ဝင်စားသည်။

“နေပါဦး အဲဒီလောက် ဈေးရအောင် မင်းဝဥက ဘာကောင်းလို့လဲ” “ဘာတွေများ ထူးခြားလို့လဲ”

အစ်ကိုက ဘယ်ကိစ္စမျိုးမဆို အကျိုးနှင့်အကြောင်း ဆင်ခြင်တတ်သည်။ သို့ဖြစ်၍ ဈေးကောင်းသည်ဆိုလျှင် ဘာကြောင့် ဈေးကောင်းသည်ကို သူသိချင်သည်။

“ဘာကြောင့် ဈေးကောင်းလဲဆိုတော့ ဝဥက လူတွေမှာ အဝလွန်စေတဲ့ ကိုလက်စထရောလို့ ခေါ်တဲ့ အဆီဓာတ်ကို လျှော့ချပေးတယ်၊ သွေးပေါင်ချိန်ကို ထိန်းညှိပေးတယ်၊ အစာချေမှုကို ကောင်းစေတယ်၊ ဝမ်းသက်စေတယ်၊ အဆီကျစေတယ်၊ ဆီးချိုရောဂါကို ထိန်းညှိပေးတယ်၊ အသားအရေကို ကောင်းမွန်စေတယ်၊ ထိခိုက်ဒဏ်ရာရရင် အကျက်မြန်စေတယ်၊ ကိုယ်ခံအား ကောင်းစေတယ်။ ဒါကြောင့် နောက်ပိုင်းထုတ်တဲ့ စားသောက်ကုန်တွေမှာ ဝဥနဲ့ထည့်ပြီးထုတ်တာ။”

“မင်းဟာက ဟုတ်ရော ဟုတ်ရဲ့လား။ မင်းက အရေးထဲ ငါ့ကို ဝဥဝယ်မယ့် လူထင်လို့ လာပြီး ညွှန်းနေတာလား။ ဒို့မြန်မာဆေးကျမ်းတွေမှာရော ဝဥနဲ့ပတ်သက်ပြီး ညွှန်ထားတာရှိသလား။”

ကျွန်တော့်အစ်ကိုကြီးက အဲသည်လို စပ်စုသူဖြစ်သည်။ တော်ရုံလူသူနဲ့ စကားပြော၍ မဖြစ်။

“အော် အစ်ကိုကြီးကလည်း အစ်ကိုကြီးက ဝဥဝယ်မည့်သူ မဟုတ်သလို ကျွန်တော်ကလည်း ရောင်းမယ့်သူမှ မဟုတ်ဘဲ။ အခုက ကျွန်တော်သိသလောက် ပြောပြတာ။ ကျွန်တော်တို့ အရှင်နာဂသိန်ရဲ့ အခြေပြုဆေးအဘိဓာန်မှာကတော့ “ဝဥ(အယဉ်)သည် ခြောက်ထပ်စေ၏၊ ထက်မြက်၏၊ အယားပျောက်စေ၏၊ မြိန်စေ၏၊ ဆာလောင်မွတ်သိပ်စေ၏၊ သလိပ်ကိုပယ်တတ်၏၊ မြင်းသရိုက်၊ အဖျဉ်း၊ ဂူလုံး၊ ပြွေလန်ချောင်းပူ၊ အော့အန်၊ ဝမ်းဗိုက်နာ၊ သွေးရောဂါနှင့် ဆင်ခြေထောက်ရောဂါများကို ပျောက်ကင်းစေ၏၊ ဝဥ(အရိုင်း)ကတော့ အားအလွန်တိုးစေ၏၊ ကာမကို အားပေး၏၊ ဝဖြိုးစေ၏”လို့ ဆိုထားတယ်။ အဲ.. ယောအတွင်းဝန်မင်း ဦးဖိုးလှိုင်ရဲ့ ဥတုဘောဇနသင်္ဂဟကျမ်းမှာတော့ ဝဥကို တိုက်ရိုက်တော့ ရေးမထားဘူး။ မျောက်ဥကိုတော့ မျောက်ဥ ဟူသမျှသည် ဆိမ့်၏၊ အေး၏၊ ကြေခဲ၏၊ လေချုပ်၏၊ ကျင်ကြီး ကျင်ငယ်တို့ကို နိုင်စေတတ်၏၊ အဆီမရှိ၊ အား၊ သုတ်တို့ကို ပွားစေတတ်၏၊ ရတ္တပိတ်နာကို နိုင်၏၊ လေသလိပ်တို့ကို ပျက်စေတတ်၏၊ စဉ်းငယ်ဝမ်းမီးကို တောက်စေတတ်၏လို့ ရေးထားတယ်။”

“အဲ ပိန်းဥနှင့်ပတ်သက်ပြီးလည်း ပိန်းဥသည် ကြေခဲ၏၊ ဆိမ့်၏၊ စပ်၏၊ ဝမ်းကို ရှင်စေတတ်၏၊ ကျိချွဲ၏၊ ဖျား၍ ကိုယ်ရောင်သော အာမဝါတနာကို ဖြစ်စေတတ်၏၊ သည်းခြေကို ပျက်စေတတ်၏၊ ပိန်းမဟော်ရာ ဥသည်ဆိမ့်၏၊ ကြေ၏၊ စပ်၏၊ အေး၏၊ ကိုယ်ရောင်နာကို နိုင်၏၊ လို့ရေးထားတယ်။ အဲ ဝက်မြေဥနဲ့ ပတ်သက်ပြီး”........

“ရပါပြီ တော်ပါတော့ကွာ။ မင်းကျက်လာတဲ့စာတွေ ငါ့ကို လာပြီး ရွတ်ပြမနေနဲ့တော့။ မင်းပြောတဲ့ ဝဥက ကိုးဆယ့်ခြောက်ပါးနိုင်တယ် ပြောရင်ရပါပြီ။ အဲဒီ ဝဥက ဒို့နိုင်ငံမှာ ဘယ်မှာ စိုက်ပျိုးလို့




အဖြစ်ဆုံးလဲ”

ကျွန်တော့် အစ်ကိုကြီးအကြောင်းကို ကျွန်တော်သိနေသည်။ ကျွန်တော် မသိဘူး ထင်လျှင် ခရေစေ့တွင်းကျ မေးတတ်သည်။ ကျွန်တော်ဖြေတာတွေ မှန်လျှင်တော့ စကားပြောင်းတတ်သည်။

“ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ချင်းပြည်နယ်တွေမှာ အဓိက စိုက်ပျိုးပါတယ်။ တခြားနေရာတွေမှာလည်း ရေမြေ ရာသီဥတု ကိုက်ညီလျှင် စိုက်လို့ရပါတယ်။ အဓိက စီးပွားဖြစ်စိုက်တာတော့ ချင်းပြည်နယ်မှာပါ။”

“အဲဒါဆိုရင် ဝဥက ဘယ်လိုမြေမျိုးမှာ စိုက်လို့အဖြစ်ဆုံးလဲ။ ဘယ်လိုရာသီဥတုကို အကြိုက်ဆုံးလဲ”

“ပုံမှန်ကတော့ သစ်ရိပ်၊ ဝါးရိပ်ရှိပြီး အစိုဓာတ်ကောင်းတဲ့မြေ၊ သစ်တောမြေပွတွေမှာ စိုက်စရာတောင်မလိုဘဲ သဘာဝအလျောက် ပေါက်တတ်ပါတယ်။ မြေဆွေးဓာတ် များများပါဝင်ပြီး အစိုဓာတ်ထိန်းအားကောင်းတဲ့ နုန်းမြေမှာလည်း ဖြစ်ထွန်းပါတယ်။ အပင်ကတော့ ဘယ်အပင်မဆို ရေဝပ်တဲ့နေရာ ရေစီးရေလာမကောင်းတဲ့ နေရာတွေမှာ မဖြစ်ထွန်းပါဘူး။ မိုးများပြီး မိုးကြာကြာရွာတဲ့ ရာသီဥတုမျိုးကို ကြိုက်ပါတယ်။ ပျမ်းမျှအပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်ကနေ ၃၅ ဒီဂရီစင်တီဂရိတ်အကြား ပူးနွေးစွတ်စိုတဲ့ရာသီဥတုကို ကြိုက်နှစ်သက်ပါတယ်။ အေးမြတဲ့ တောင်ပေါ်ဒေသတွေမှာလည်း ပေါက်ရောက်ပါတယ်။ အပင်ကြီးထွားချိန်မှာ ပူနွေးစွတ်စိုတဲ့ ရာသီဥတုဖြစ်ပြီး ဥကြီးထွားချိန်မှာတော့ ခြောက်သွေ့အေးမြတဲ့ ရာသီဥတုဖြစ်ရင် အကောင်းဆုံးပါ။”

“မင်းဝဥကလည်း ရာသီဥတု တယ်ပြီးချေးများပါလား။ သူ့အကြိုက် လိုက်ပြီး မိုးရွာပေး၊ အေးပေးရမလိုဖြစ်နေပြီ။”

အစ်ကိုကြီးက ဝဥကို အပြစ်တင်နေသည်။

“အဲဒီလိုလည်း မဟုတ်ပါဘူး အစ်ကိုကြီးရ။ ကျွန်တော်တို့ နိုင်ငံမှာ နွေ၊ မိုး၊ ဆောင်းဆိုပြီး ရာသီဥတု သုံးမျိုးရှိတယ်လေ။ အဲဒီတော့ မိုးဦးကျမှာစပြီး စိုက်မယ်၊ မေလလယ်၊ မေလကုန်မှာ စိုက်မယ်၊ မိုးရွာအားကောင်းတဲ့အချိန်မှာ အပင်ဖြစ်မယ်၊ ဆောင်းတွင်းမှာ ဥဖြစ်မယ်။ အဲဒီတော့ ကွက်တိပဲလေ။”

“အေး ဟုတ်ပါပြီ။ စိုက်တော့ရော ဘယ်လိုစိုက်မလဲ။ မျိုးက ဘယ်ကရမလဲ”

“မျိုးကတော့ ဝဥကို ပြန်ပြီး စိတ်ပြီး စိုက်လို့ရပါတယ်။ အဲပြီးတော့ သူ့အရွက်က သီးတဲ့ ရွက်သီးကိုလည်း စိုက်လို့ရတယ်။ အဲဒီဝဥပင်က ပန်းပွင့်ပြီး ပန်းခိုင်မျိုးစေ့ကလည်း စိုက်လို့ရတယ်။ သိပ္ပံနည်းကျ အပင်တစ်သျှူးမျိုးပွားနည်းနဲ့လည်း စိုက်လို့ရတယ်။ သဘာဝနည်းနဲ့ကတော့ ဝဥတူးချိန်မှာ ကျန်ခဲ့တဲ့ ဝဥအစအနနဲ့ အမြစ်အကြွင်းအကျန်တွေက ပေါက်တာရှိသလို ရွက်သီးတွေ ကြွေကျတာ၊ ဝဥပန်းခိုင်က ကြွေကျတာတွေကနေ ပေါက်တာလည်းရှိတယ်။ အဲဒါကြောင့် တစ်ခါ ဝဥစိုက်ပြီးတဲ့နေရာမှာတော့ ဝဥကဆက်ပြီး ပေါက်တာများပါတယ်။ မျိုးပြတ်သွားတယ်မရှိပါဘူး။”

“အေးဟုတ်ပြီ။ မင်း ဝဥစိုက်ရင် ဘယ်လိုစိုက်ရင် အကောင်းဆုံးလဲ။”

ကျွန်တော့်အစ်ကိုကြီး ဝဥစိုက်ပျိုးရေး စိတ်ပါလာပုံရပါသည်။

“စိုက်တာတော့ သိပ်ပြီးမဆန်းပါဘူး။ ကျန်တဲ့အပင်တွေ စိုက်သလိုပါပဲ။ ပထမဆုံး ဝဥစိုက်မည့်မြေမှာ ချုံပင်၊ သစ်ပင်၊ ပေါင်းမြက်တွေကို ရှင်းမယ်။ ပြီးတော့ သစ်ရွက်ဆွေးမြေဩဇာတို့၊ နွားချေးတို့၊ ဘိုကာရှီတို့ထည့်မယ်။ တကယ်လို့ အထွက်ကောင်းချင်တယ်၊ အလွယ်တကူရမယ်ဆိုရင်လည်း နိုင်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်စီယမ် ဓာတ်မြေဩဇာ ဆတူထည့်မယ်။ ပြီးတော့ ထယ်တစ်စပ်၊ ထွန်နှစ်စပ်ထိုးမယ်။ ပြီးမှ (၆)လက်မပတ်လည်(၆)လက်မ အနက်၊ ကျင်းလေးတွေ တူးမယ်။ အတန်းလိုက်စိုက်မှာဖြစ်တဲ့အတွက် အဲဒီကျင်းလေးတွေတူးတဲ့အခါ တစ်ပင်နဲ့ တစ်ပင် (၂)ပေကြားနဲ့ တစ်တန်းနဲ့တစ်တန်း(၄)ပေကြား တူးရမယ်။ ပြီးတော့ ဝဥမျိုးရဲ့အပေါ်မှာ အပေါ်ယံ မြေ(၂-၃)လက်မလောက်ဖုံးပြီး စိုက်ရုံပါပဲ။ မေလလယ်လောက် မိုးဦးကျချိန်မှာ စစိုက်ပြီး စက်တင်ဘာလကုန်လောက်မှာ အရွက်အသီးတွေ ကြွေကျတတ်ပါတယ်။ အဲဒီအရွက်အသီးကို မကြွေမီခူးပြီး မျိုးအနေနဲ့စုဆောင်းရပါတယ်။ အရွက်အသီး တစ်ပိဿာကို ပျမ်းမျှအလုံးရေ ၇၀၀ လောက် ရှိပါတယ်။ အဲဒါကို နေလှန်းပြီး သိမ်းထားရင် နောက်နှစ်ပြန်ပြီး စိုက်လို့ရပါတယ်။ ဝဥပင်ကတော့ တစ်လခွဲလောက်ကြာတဲ့အခါမှာ အညွန့်တွေထွက်လာပြီး အပင်ပိုင်းကြီးထွားလာပါတယ်။ အမြစ်တွေ ပေါ်လာတဲ့အခါ ပင်ခြေမှာ ပေါင်းသင် မြေဆွပြီး ပေါင်လုံးပေးရပါတယ်။ ပင်ခြေမှာ ရေမဝပ်ဖို့ ဂရုစိုက်ရပါမယ်။”

“ဝဥပင်မှာ ပိုးမွှားကျရောက်မှုနည်းပါတယ်။ တစ်ခါတလေတော့ ရွက်စားပိုးကျရောက်တတ်ပါတယ်။ ဝဥစိုက်ပြီးအပင်ဖြစ်ချိန်မှာ ဝဥပင်စည်မှာ ထိခိုက်ဒဏ်ရာရပြီး ပုပ်တတ်၊ ရိတတ်ပါတယ်။ အဲဒီလိုဖြစ်လျှင် ပုပ်တဲ့နေရာ ရိတဲ့နေရာကို ဓွန်းနဲ့ခြစ်ထုတ်ပြီး မြေကြီး ဒါမှမဟုတ် ပြာလိမ်းလိုက်လျှင် ရပါတယ်။ ဒီလိုမလုပ်လျှင် ထိခိုက်ဒဏ်ရာရတဲ့နေရာကနေ အစေးများထွက်ပြီး အပင်နာနိုင်ပါတယ်။ အဲဒါကြောင့် ဒဏ်ရာမရဖို့ ဂရုစိုက်ဖို့လိုပါတယ်။ မိုးကုန်ပြီး ဆောင်းရာသီ နိုဝင်ဘာ၊ ဒီဇင်ဘာလလောက်မှာ မြေပေါ်ပင်ပိုင်းညှိုးခြောက်သွားချိန်မှာ ဝဥတူးဖော်လို့ရပါပြီ။ တူးတဲ့အခါမှာလည်း ဝဥကို ဒဏ်ရာမရအောင် တူးဖို့လိုအပ်ပါတယ်။”

“မင်း ဝဥကလည်း တယ်ပြီး အယုအယကြိုက်သကိုးကွ။ ဒါနဲ့ မင်းတို့ စိုက်ပျိုးရေးဌာနက ဝဥနဲ့ ပတ်သက်ပြီး သုတေသန လုပ်တာတွေရော ရှိသလား။ ဘာတွေလုပ်ထားသလဲ။”

ဝဥ မျိုးအကြောင်း၊ စိုက်ပျိုးနည်းအကြောင်းတွေ မေးပြီးတော့ ကျွန်တော့် အစ်ကိုကြီးက သုတေသနဘက် လှည့်လာခြင်းဖြစ်သည်။

“လုပ်တာပေါ့အစ်ကိုရ။ ကျွန်တော်တို့ စိုက်ပျိုးရေးသုတေသန အပင်ဇီဝနည်းပညာဗဟိုဌာနက ပြီးခဲ့တဲ့နှစ်ကစပြီး မြန်မာပြည်အတွင်း ဒေသအလျောက်ပေါက်ရောက်နေတဲ့ ဝဥမျိုးတွေကို စုဆောင်းပြီး မျိုးဗီဇအခြေခံတွေကို မော်လီကျူလာမတ်ကာတွေ အသုံးပြုပြီး မျိုးသစ်တွေထွက်ပေါ်လာဖို့နဲ့၊ မျိုးသုဉ်းပျောက်ကွယ်မသွားဖို့ လုပ်နေပါတယ်။ ဒ့ါပြင် အပင်တစ်သျှူးနည်းပညာနဲ့ အရည်အသွေးကောင်းတဲ့ မျိုးသစ်တွေ ရောဂါပိုးမွှားတွေ ဒဏ်ခံနိုင်ပြီး ရောဂါပိုးမွှားကင်းစင်တဲ့ အပင်တွေ အချိန်တိုအတွင်း အမြောက်အမြား ထုတ်လုပ်ပေးနေပါတယ်။ ဒ့ါအပြင့် ဝဥအပင်၏ အစိတ်အပိုင်း အမျိုးမျိုးကို အာဟာရပြင် (Media) အမျိုးမျိုးမှာ ဟိုမုန်းဆေးအမျိုးမျိုးထည့်ပြီး စမ်းသပ်ခြင်းဖြင့်၊ အကောင်းဆုံးမျိုးရရှိရေးကို ရန်ကုန်အပင်ဇီဝနည်းပညာဗဟိုမှာ လုပ်နေတာပါ။”

စာမျက်နှာ ၉ သို့

# ၂၀၂၁ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ရရှိသည့် ဝန်ထမ်းများအားနိုင်ငံတော်မှချီးမြှင့်ငွေ ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၉**

၂၀၂၁ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ် ရရှိခဲ့ကြသော ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ အရာထမ်း၊ အမှုထမ်းများကို နိုင်ငံတော်က ချီးမြှင့်ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေး ခန်းမကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးက ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ်ချီးမြှင့်ခြင်းခံရသူ ဝန်ထမ်းများအနေဖြင့် တစ်ဆက်တည်း စုစုပေါင်းလုပ်သက် (၂၆) နှစ်အတွင်း ပြစ်မှုပြစ်ဒဏ် ကင်းရှင်းကြသူများ ဖြစ်ကြပြီး ဝန်ထမ်းလုပ်သက်တစ်လျှောက် တာဝန်ကျေကျေဖြင့် အပြစ်မရှိ ထမ်းဆောင်ခဲ့ကြ၍ ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ် ချီးမြှင့်ခံရသည့် အတွက် ဂုဏ်ယူပါကြောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ်ရသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် ဝန်ထမ်းကောင်းဆိုသည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းပေးကြစေလိုကြောင်းနှင့် နိုင်ငံတော်နှင့် ကော်မတီအတွက် ဆက်လက်ပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားတာဝန်ထမ်းဆောင်ကြပါရန် မှာကြားလိုကြောင်း ပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ယခုနှစ်အတွက် ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ချီးမြှင့်ခြင်းခံရသူ အငြိမ်းစား အမှုထမ်း (၁) ဦး၊ တာဝန်ထမ်းဆောင်ဆဲ အရာထမ်း ၇၁ ဦးနှင့် အမှုထမ်း ၇၈ ဦး စုစုပေါင်း ၁၅၀ ရှိပြီး ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်အတွက် နိုင်ငံတော်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေကျပ်တစ်သိန်းငါးသောင်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန် )၊ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်)၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ်အတွက် နိုင်ငံတော်က ချီးမြှင့်ငွေများကို ဝန်ထမ်းများကိုယ်စား သက်ဆိုင်ရာ ဌာနမှူးများထံ ပေးအပ်ခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အထိ ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ရရှိခဲ့သည့် ဝန်ထမ်း ၂၂၈၀ ရှိပြီ ဖြစ်သည်။

ထို့နောက် ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ်အတွက် နိုင်ငံတော်ကချီးမြှင့်ငွေရရှိသည့် ဝန်ထမ်းများကိုယ်စား ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဦးစီးဌာန ဒုတိယဌာနမှူး ဦးစောလှဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ်အတွက် နိုင်ငံတော်က ချီးမြှင့်ငွေများကို တာဝန်ရှိသူတစ်ဦးထံ ပေးအပ်စဉ်။

## သီပေါမြို့နယ်၌ ကိုဗစ်လူနာများအတွက် ဆေးဝါးနှင့် အလှူငွေများ လှူဒါန်း

**သီပေါ ဇွန် ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ တတိယလှိုင်း ကူးစက်မြန်ရောဂါ ပြန်လည်ဝင်ရောက်လာသည့်အတွက် အရေးပေါ်လိုအပ်သည့်ဆေးဝါးများကို နမ့်လန်မြို့ကိုးမုနှင့် ယဉ်ကျေးမှုကျောင်းသား ကျောင်းသူဟောင်းများမှ နမ့်လန်ဖြူစင်နှလုံးသား လူမှုကူညီရေးအသင်း သို့ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်က ဖြူစင်နှလုံးသား အသင်းရုံး ၌ကျင်းပသည်။

ရှေးဦးစွာ ကိုဗစ်-၁၉ လူနာများ ကုသရန်ဆေးနှင့် အလှူငွေများ လှူဒါန်းရခြင်း အကြောင်းကို ယဉ်ကျေးမှုအသင်းခေါင်းဆောင်က ရှင်းလင်းပြောကြားပြီး ဖြူစင်နှလုံးသား လူမှုကူညီရေး အသင်းဥက္ကဋ္ဌ ဦးရန်နိုင်စိုးထံသို့ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ လူနာတင်ယာဉ်နှင့် လိုအပ်သည့်နေရာများတွင် အသုံးပြုရန်ငွေကျပ် ၁၉၆၀၀၀၀ အပြင် ကာကွယ်ရေး ပစ္စည်းများအတွက် စုစုပေါင်းငွေကျပ် ၆၁ သိန်း တန်ဖိုးရှိ ပစ္စည်းများကို လှူဒါန်းခဲ့သည်။

**စိုင်း(သီပေါ)**

## ကျောက်ဖြူမြို့ ပင်လယ်ကမ်းခြေ၌ ရွေ့လျားစာကြည့်တိုက်ဖွင့်လှစ်

**ကျောက်ဖြူ ဇွန် ၂၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ လူငယ်လူရွယ်များအနေဖြင့် စာပေကို လေ့လာဖတ်ရှုမှုများ ပိုမိုတိုးပွားလာစေရန် ရည်ရွယ်၍ အဆိုပါမြို့ရှိ ပင်လယ်ကမ်းခြေ၌ ရွေ့လျားစာကြည့်တိုက်ကို ဇွန် ၂၇ ရက်က ပထမအပတ်စဉ် အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ဆက်လက်၍လည်း အပတ်စဉ် ပုံမှန်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း "စာပီကမ်းခြေ" အဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ စာပီကမ်းခြေအဖွဲ့ကို စာပေဝါသနာ ရှင်အဖွဲ့ဝင် ၂၀ တို့ဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ရွေ့လျားစာကြည့်တိုက် ဖွင့်လှစ်ရာတွင် သုတ၊ ရသ၊ ဂျာနယ်၊ ရုပ်ပြ၊ မဂ္ဂဇင်း၊ သတင်းစာ စသည့် စာအုပ်စာစောင်ပေါင်း ၇၀၀ ကျော်ဖြင့် ဖွင့်လှစ်လျက်ရှိကြောင်း၊ နောက်လာမည့် သီတင်းပတ်များတွင်လည်း ယင်းကမ်းခြေနေရာ၌ပင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ရွေ့လျားစာကြည့်တိုက်ကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး**

**ဖြိုးဝေလင်း(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

**ဓာတ်သိမ်းတိုက်ပွဲ**

**ပြည်တွင်းက GZ လေးတွေ၊ PDF လေးတွေ အန္တရာယ်တွင်းထဲကို ဆင်းနေရတဲ့အချိန်မှာ နိုင်ငံရေးသမားတွေနဲ့ အစွန်းရောက်တွေက အေးရာအေးကြောင်းနေနေတဲ့ လွတ်မြောက်နယ်မြေထဲကနေ ကလေးတွေကို သေတွင်းထဲ ထပ်မံဆင်းဖို့ လှုံ့ဆော်နေတာဟာ ရက်စက်ယုတ်မာရာကျလွန်းပါတယ်။ ယခု ဇွန်လ ၃၀ လကုန်ရင် မြို့သိမ်းတိုက်ပွဲလို့ လှုံ့ဆော်နေတာကို တွေ့ရပြန်ပါတယ်။ တကယ့် မြို့သိမ်းတိုက်ပွဲလား၊ ရွာသိမ်းတိုက်ပွဲလားတော့ မသိပါ။ PDF လေးတွေ ဓာတ်သိမ်းတိုက်ပွဲကတော့ သေချာပါတယ်။ ပြောတဲ့အတိုင်း လုပ်နိုင်ရင်တော့ PDF တွေကို ခက်ခက်ခဲခဲ ရှာဖွေဖမ်းဆီးစရာမလိုတော့ဘဲ တစ်ခါတည်း ပွဲသိမ်းနိုင်မှာ သေချာနေပါတယ်။**

**အညံ့ခံအလင်းဝင်**

လက်ဇော့ပွဲတစ်ခုမှာ ကြိုးဝိုင်းထဲကိုဝင်မယ်ဆိုရင် လက်ရည်တူကိုယ်ရည်မကွာမှ ယှဉ်ပြိုင်ထိုးသတ်လို့ရပါတယ်။ လက်ရည်မတူဘဲ ထိုးသတ်ရင်တော့ သေကျေဒဏ်ရာရမှာ သေချာပါတယ်။ ခါချဉ်ကောင်မာန်ကြီးပြီး တောင်ကြီးဖြိုဖို့ ဘယ်လိုပဲကြံကြံ အားမတန်ရင်တော့ မာန်လျှော့ရမှာဖြစ်ပါတယ်။ လက်နက်စွဲကိုင် တော်လှန်ချင်တယ်ဆိုတဲ့ GZ လေးတွေ၊ PDF လေးတွေကို မိဘ ညီအစ်ကိုမောင်နှမသဖွယ် ကိုယ်ချင်းစာနာလို့ အကြံပေးလိုပါတယ်။ တောထဲမှာ EAOs တွေနဲ့ သင့်အောင်နေပြီး မြို့ပေါ်တက် ဗုံးခွဲတိုက်ခိုက်ဖို့ ပြန်လာတယ်ဆိုရင် လက်နက်ချအညံ့ခံ အလင်းဝင်လိုက်ဖို့ပါပဲ။ စစ်သင်တန်းတက်ပြီး မြို့ပေါ်ကိုရောက်ပြီးသား လူငယ်လေးတွေလည်း အလားတူပါပဲ။ မိမိတို့ဘဝတွေ၊ အသက်တွေ ကောင်းစွာရှင်သန်နေချင်သေးတယ်ဆိုရင် လမ်းမှားပေါ်ကနေ လမ်းမှန်ပေါ်ကိုတက်လာဖို့ ဖိတ်ခေါ်လိုပါတယ်။ ။

*စာမျက်နှာ ၈ မှ*

"မွန်ပြည်နယ် အပင်ဇီဝနည်းပညာဌာနမှာတော့ ဝဥမျိုးတွေကို ဘယ်လို သိုလှောင်ထားရင် အကောင်းဆုံးဖြစ်မလဲဆိုတာကို သိရှိအောင် သိုလှောင်သိမ်းဆည်းနည်းအမျိုးမျိုးကို သုတေသနပြုလေ့လာနေပြီး ကရင်ပြည်နယ် ကော့ကရိတ်မှာတော့ ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့အညီ လိုက်လျောညီထွေမယ့် ရော်ဘာပင်ကြား၊ ဝဥကို ဘိလပ်မြေအိတ်ခွံမှာမြေဆွေးထည့်စိုက်ပျိုးခြင်း စမ်းသပ်သုတေသနလုပ်နေပါတယ်။ ဝဥမျိုးတွေကို သိုလှောင်ထိန်းသိမ်းတာနဲ့ ပတ်သက်ပြီး ဘာကြောင့် သုတေသနလုပ်ရသလဲဆိုရင် ဝဥမျိုးဥဈေးက တစ်ပိဿာ ငွေကျပ် ၃၅၀၀ ရှိပြီး၊ မျိုးရွက်သီးက (၁)ပိဿာ ငွေကျပ် ၁၅၀၀၀ ဈေးရှိပါတယ်။ ဒါကြောင့် သိုလှောင်ထိန်းသိမ်းတာ အထူးအရေးကြီးပါတယ်။ ဝဥကို မြေပေါ်မှာ ဖြန့်ထားမယ်၊ မြေမြှုပ်ပြီး သိမ်းမယ်၊ သဲဖုံးပြီးသိမ်းမယ်၊ မြေနဲ့ထရိုင်ကိုဒါးမားရောပြီးဖုံးမယ်။ တစ်လုံး ချင်းစီမြှုပ်မယ်။ ကျင်းတူးပြီးမြှုပ်မယ်။ စင်ပေါ်မှာသိမ်းမယ်၊ သမံတလင်းပေါ်မှာသိမ်းမယ်၊ ရော်ဘာစိုက်ခင်းအောက်မှာ သိမ်းမယ် စတဲ့သိမ်းမယ့်ပုံစံ ၁၀ မျိုးနဲ့ စမ်းသပ်ထားပါတယ်။ ၅ လကြာ စမ်းသပ်ပြီး အဖြေဖော်ထုတ်တာ လောလောဆယ်အတိအကျတော့ မသိရသေးပါဘူး။"

"အဲဒီလိုပဲ ကရင်ပြည်နယ် ကော့ကရိတ် အပင်ဇီဝ သုတေသနမှာ လုပ်တဲ့ ရော်ဘာပင်ကြား ဘိလပ်မြေအိတ်ခွံမှာ မြေဆွေးထည့်ပြီး စိုက်တဲ့ သုတေသနလုပ်ငန်းကလည်း ကော့ကရိတ်မြို့နယ် မြောက်ကြားအင်းကျေးရွာအုပ်စု လှိုင်ကွယ်ကျေးရွာ ရော်ဘာစိုက်ခင်းမှာ ထုတ်လုပ်နေတာပါ။ ဒီသုတေသနလုပ်ငန်းကို ၂၀၁၈ ခုနှစ်ကစပြီး လုပ်တာကြောင့် သုံးနှစ်ရှိသွားပါပြီ။ မကြာခင်အဖြေကို သိရှိရပြီး ရော်ဘာစိုက်တောင်သူနဲ့ ဝဥစိုက်တောင်သူတွေကို မကြာမီ ရလာဒ်ကို ပြောနိုင်တော့မှာပါ။"

ကျွန်တော်က ဝဥသုတေသနနှင့်ပတ်သက်ပြီး အရှည်ကြီးရှင်းပြလိုက်ရ၍ အေးနေသော ရေနွေးကြမ်းခွက်ကိုယူ၍ တစ်ကြိုက်တည်း မော့ချလိုက်သည်။

"အင်း မင်းဝဥကလည်း တယ်ပြီးလုပ်ရပါလား။ ကဲ ထားပါတော့ ဝဥစိုက်ရင် တစ်ဧက ဘယ်လောက်ထွက်ပြီး ဝင်ငွေဘယ်လောက်ရမှာမို့ မင်းတို့သုတေသနတွေဘာတွေ လုပ်နေရတာလဲ။"

အစ်ကို၏ မေးခွန်းက တကယ့် အဓိကအချက် ဖြစ်နေသည်။

"ကျွန်တော်တို့ လက်ရှိ ချင်းပြည်နယ် ၁၃ မြို့မှာ ဝဥစိုက်ဧရိယာ ၁၆၉၂၁ ဧက စိုက်ပြီး စုစုပေါင်း ၁၈၂၉၁၄၄၆ ပိဿာထွက်တယ်။ ပျမ်းမျှအထွက်နှုန်း ၁၇၃၇ ဒသမ ၄၀ ပိဿာထွက်တဲ့အတွက် တစ်ပိဿာ ၁၀၀၀ ကျပ် ဈေးနှင့်တွက်ရင် (၁၇)သိန်း(၇)သောင်းကနေ တစ်ပိဿာ ငွေကျပ် ၂၀၀၀ ဈေးနဲ့ တွက်ရင် ၃၅ သိန်းလောက်ရမှာ။ ဒါတောင် ပျမ်းမျှအထွက်နှုန်းနဲ့တွက်တာ။ ဝဥအထွက် အများဆုံး မတူပီတို့၊ ဆမီးတို့၊ ပလက်ဝတို့မှာဆိုရင် တစ်ဧက ပိဿာချိန် ၃၀၀၀ ကျော် ထွက်တဲ့အတွက် ဝဥစိုက်တဲ့ တောင်သူဟာ တစ်ဧကကို သိန်း ၃၀ ကနေ သိန်း ၆၀ အထိ ရနိုင်ပါတယ်။ ဒါကြောင့် ကျေးလက်ဒေသနေပြည်သူတွေ ဝင်ငွေတိုးတက်ရရှိအောင် ဝဥကို တိုးချဲ့စိုက်ကြဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီးက တိုက်တွန်းနေတာပါ။"

"အေးပေ့ါကွာ စိုက်ရမှာပေ့ါ။ မင်းတို့ဝဥက ရွှေဥပဲ။ မင်းတို့ စိုက်ပျိုးရေးဌာနက လုပ်နေတာ ရွှေဥသုတေသနပဲလေကွာ"

အသက်(၈၀)ကျော် ကျွန်တော်အစ်ကိုကြီး အားရဝမ်းသာ သူ့ပေါင်ကိုပုတ်၍ ပြောလာခြင်းဖြစ်ပါသည်။

# NUG ရဲ့ အနောက်တံခါး ဖွင့်ပေးမယ့်အကြံ ... တို့ပြည်သူအားလုံး လက်မခံ

ပြည်ထောင်စုသားတစ်ဦး

**သာစွဥ္ဒါနီ ရခိုင်ပြည်နယ်ကို ပြည်ထောင်စုသားများက အနောက်တံခါးလို့ တင်စားသတ်မှတ်ခဲ့ကြတယ်။ ရခိုင်ပြည်နယ်ရဲ့ မြောက်ဘက်ဆုံး တောင်ကုန်းဒေသမှ တောင်ဘက် ဂွမြို့နယ်အဆုံး ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျောက်ချွန်ဝအထိ အလျားမိုင်ပေါင်း ၃၆၀ ခန့် ရှည်လျားတယ်။ ရခိုင်ပြည်နယ်ဟာ မြောက်ဘက်မှာ အတန်ငယ်ကျယ်ပြန့်ပြီး တောင်ဘက်သို့ ကျဉ်းမြောင်းရှည်လျားလာရာ လိမ္မော်သီးစိတ်ပုံသဏ္ဌာန်ရှိတယ်။ မြောက်ဘက်မှာ မိုင်ပေါင်း ၁၀၀ ခန့်ကျယ်ဝန်းပြီး တောင်ဘက်အရပ်က မိုင် ၂၀ ခန့် ကျယ်ဝန်းတယ်။**

ရခိုင်ပြည်နယ်ဟာ စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ခန့် ကျယ်ဝန်းပြီး မြောက်ဘက်မှာ ချင်းပြည်နယ် ပလက်ဝမြို့နယ်နဲ့ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ တည်ရှိတယ်။ တောင်ဘက်မှာ ဧရာဝတီတိုင်းဒေသကြီးက သာပေါင်းမြို့၊ အရှေ့ဘက်မှာ ရခိုင်ရိုးမ တောင်တန်းကြီးဖြင့် နယ်နိမိတ်သတ်မှတ်ထားတဲ့ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်နဲ့ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၊ အနောက်ဘက်မှာ ဘင်္ဂလားပင်လယ်အော်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ တည်ရှိတယ်။

နတ်မြစ်၊ မယူမြစ်၊ ကုလားတန်မြစ်(ကစ္ဆပနဒီ)၊ လေးမြို့မြစ်၊ မယူတောင်တန်း (ခေါ်) မေယု တောင်တန်း၊ မင်းကြီးတောင်၊ စိုင်းတင်တောင်၊ ဖရုံကာကျွန်း၊ ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်းစတဲ့ ရေသယံဇာတ၊ မြေသယံဇာတတွေဟာ ဒေသခံ ရခိုင်တိုင်းရင်းသားများနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ရဲ့ နှလုံးသည်းပွတ်ဖြစ်တယ်။

**တပ်မတော်ဟာ တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသတည်ငြိမ်ရေးနဲ့ ဒေသခံ တိုင်းရင်းသားမိဘပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ရေးအတွက် စစ်ဆင်ရေးတွေ ပြန်လည်ဆင်နွှဲတဲ့အခါကျတော့ အနောက်နိုင်ငံကြီးများနဲ့ အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းအချို့ဟာ လူမျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် ပုံဖော်စွပ်စွဲလာပြီး ဘင်္ဂါလီများကို ရိုဟင်ဂျာလူမျိုးလို့ ပုံဖော်လာခဲ့ကြ။**

အရှေ့ ဖရုံကာကျွန်း(ခေါ်) အင်ဂရားချိုင်ကျွန်းမှာ ရေနံအနည်းငယ်ထွက်ရှိခဲ့လို့ ရှေးအခါက အီးဇီး ကယ်လ် အင်္ဂလိပ်ရေနံကုမ္ပဏီက ရေနံတူးဖော်ခဲ့ဖူးတယ်။

## သဘာဝသယံဇာတတွေ ပေါကြွယ်ဝ

ရခိုင်ပြည်နယ်ရဲ့မြေသယံဇာတအရ ဆန်စပါး၊ ငရုတ်ကောင်း၊ နှမ်း၊ မြေပဲ၊ ဆေးရွက်ကြီး၊ ရော်ဘာ၊ ဆီအုန်းစတဲ့ စိုက်ပျိုးရေးလုပ်ငန်းအပြင် ရေလုပ်ငန်းပါ စီးပွားဖြစ် ဖြစ်ထွန်းအောင်မြင်တယ်။ ရေနံနဲ့သဘာဝဓာတ်ငွေ့၊ အဆင့်မြင့်သံသတ္တုနဲ့ ကျောက်သလင်း (မာဘယ်လ်ကျောက်) အပါအဝင် သဘာဝသယံဇာတတွေ ပေါကြွယ်ဝတယ်။

ရခိုင်ပြည်နယ်မှာ ရခိုင်တိုင်းရင်းသားများအပြင် သက်၊ ဒိုင်းနက်၊ မြို(ခေါ်) ခမီ တိုင်းရင်းသားမျိုးနွယ်စုတွေလည်း ရှေးယခင်ကတည်းက နေထိုင်ခဲ့ကြတယ်။

၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး မြန်မာပြည်တစ်ပြည်လုံး အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့တဲ့ကာလမှာတော့ ကိုလိုနီနယ်ချဲ့တွေဟာ သူတို့ရဲ့စီးပွားရေး အကျိုးအမြတ်အတွက် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ Market Economy ကို ပြောင်းပစ်လိုက်တယ်။ အထူးသဖြင့် အောက်မြန်မာပြည်မှာ လယ်ယာမြေရိုင်းတွေက အများကြီးရှိတော့ ပြည်ပကို ဆန်စပါးရောင်းထုတ်နိုင်ဖို့ စီစဉ်ဆောင်ရွက်လာတယ်။

စူးအက်တူးမြောင်းဖွင့်တဲ့အချိန်မှာ လယ်ယာမြေတွေကို အတင်းတိုးချဲ့လာခဲ့တယ်။ တိုးချဲ့တဲ့အခါ အလုပ်သမားတွေ လိုလာတဲ့အတွက် အိန္ဒိယက ခေါ်ယူခဲ့တယ်။ ဒ့ါအပြင် Infrastructure တွေ ဆောက်တဲ့နေရာမှာလည်း နဂိုကတည်းက ကျွမ်းကျင်မှုရှိတယ်ဆိုတဲ့ အိန္ဒိယသားတွေကို ခေါ်လာတယ်။ မီးရထားမောင်းလည်း အိန္ဒိယ၊ သင်္ဘောမောင်းတဲ့ စလင်တို့ အလုပ်သမားတို့ဆိုတာလည်း အိန္ဒိယ၊ မြေတိုင်းစာရေးလည်း အိန္ဒိယ၊ နောက်ဆုံး လန်ချားဆွဲတဲ့သူကလည်း အိန္ဒိယပဲ။

## အာရှတိုက်ရဲ့စပါးကျီ

အဲဒီခေတ်က မြန်မာနိုင်ငံဟာ အာရှတိုက်ရဲ့ စပါးကျီတစ်ခုဖြစ်ခဲ့တယ်။ ထိုခေတ်မှာ ဆန်တန်ချိန် သုံးသန်း၊ လေးသန်း ပို့နိုင်ခဲ့တယ်။ သို့ပေမယ့် မြန်မာ တောင်သူလယ်သမားတွေက ဒီအကျိုးအမြတ်ကို မခံစားခဲ့ရပါဘူး။ အရင်းအနှီးတွေက ဗြိတိသျှဘဏ်ကြီးတွေကနေ လယ်သမားတွေဆီကို တိုက်ရိုက်မရောက်ဘူး။ ကြားခံချစ်တီးတွေက တစ်ဆင့်ခံသွားတယ်။ ချစ်တီးတွေက အင်္ဂလိပ်ဘက်ကနေ အတိုးနှုန်းကို ၁ ဒသမ ၅ ရာခိုင်နှုန်းနဲ့ယူပြီးတော့ မြန်မာတောင်သူလယ်သမားတွေကို ငါးရာခိုင်နှုန်း၊ ခြောက်ရာခိုင်နှုန်းနဲ့ ပြန်ပြီးချေးတယ်။ တစ်နှစ်ကုန်လို့ မဆပ်နိုင်တဲ့အခါ နှစ်ပြန်တိုးဆိုပြီး ထပ်ထပ်တက်တက်သွားတဲ့အတွက် မြန်မာတွေရဲ့ လယ်တွေအကုန်လုံး ချစ်တီးလက်ထဲထိုးအပ်လိုက်ရတဲ့အခြေအနေဖြစ်ခဲ့တယ်။

တစ်ဖက်ကလည်း မြန်မာနိုင်ငံဟာ ရေကြည်ရာ မြက်နုရာနိုင်ငံဖြစ်လို့ ထိုစဉ်က စနစ်ကြောင့်၊ စီးပွားရေးကြောင့် အခက်အခဲဖြစ်နေကြတဲ့ အိမ်နီးချင်းနိုင်ငံများက နိုင်ငံသားတွေဟာ မြန်မာနိုင်ငံထဲကို တစ်ဝမ်းတစ်ခါးဝမ်းဝဖို့ ရွှေ့ပြောင်းအခြေချလာကြတယ်။

မြန်မာပြည် လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း ဝင်လာမစဲ တသဲသဲပဲ။ သို့ကလိုကြောင့် ဆရာကြီးသော်တာဆွေက "ရေကြည်ရာ မြက်နုရာ" ဆောင်းပါးမှာ ဤမြေချာသည် ကမ္ဘာ့မျက်စိတွင် ရေကြည်ရာ မြက်နုရာ ဖြစ်နေပါသောကြောင့်

အနောက်ကလဲ လာသည်။ အရှေ့ကလဲ လာသည်။

ရေထဲကလဲ လာသည်။ မိုးပေါ်ကလဲ လာသည်။

မြေကြီးကလဲ လာသည်။

အတိအလင်းလဲ လာသည်။

တိတ်တိတ်ပုန်းလဲ လာသည်။

အထက်တန်းကျကျ အစိုးရနှင့် ဖက်စပ်လုပ်၍

လဲလာသည်။

"လာ ... လာ ... ဗမာပြည်သည် ကမ္ဘာအရှည်၊

ရေကြည်ရာ မြက်နုရာမြေ၊

ဘာသာတိုင်းပြန့်ပွားရာမြေ၊

ပန်းတိုင်းပွင့်စေတဲ့မြေ၊

ကပြားကဂတစ် ဗန်ဒစ်ဗန်ဒတ်တို့

ပေါက်ဖွားရာမြေ" လို့ ရေးသားခဲ့တယ်။

## နဂါးမင်းစစ်ဆင်ရေးကိုဆောင်ရွက်

ရေကြည်ရာ မြက်နုရာ ရေခံမြေခံကောင်းမွန်သော ရခိုင်ပြည်နယ်သို့လည်း လူဦးရေပေါက်ကွဲမှုနှုန်း မြင့်တက်နေတဲ့ တစ်ဖက်နိုင်ငံက နိုင်ငံသားများ အလုံးအရင်းနှင့် ဝင်ရောက်လာကြတယ်။ စိုက်ပျိုးရေးနဲ့ ရေလုပ်ငန်းတွေ ဝင်လုပ်ရင်း အဆင်ပြေလာတော့ အခြေချလာကြတယ်။ အိမ်ထောင်သားမွေးရင်း လူဦးရေကလည်း တစ်စတစ်စ တိုးပွားလာတယ်။

သို့ကလိုကြောင့် ၁၉၇၈ ခုနှစ်မှာ နိုင်ငံတော်က တစ်ဖက်နိုင်ငံမှတရားမဝင် ဝင်ရောက်လာသူများအား စစ်ဆေးသည့် "နဂါးမင်းစစ်ဆင်ရေး"ကို ဆောင်ရွက်ခဲ့ရတယ်။

သို့ပေမယ့် ကျေးရွာများရှိတရားမဝင်ဝင်ရောက်လာသူများဟာ ရွာတွေကိုမီးရှို့၊ ဒေသခံတွေကို ရန်ပြုပြီး တစ်ဖက်နိုင်ငံသို့ ပြန်လည်ထွက်ပြေးသွားကြတယ်။ ပြည်ပရဲ့ ဖိအားတွေအပြင် အိမ်နီးချင်းနှစ်နိုင်ငံဆက်ဆံရေးဟာလည်း တင်းမာခဲ့ကြလို့ နောက်နှစ်မှာ "ဟသ်ာစီမံချက်"ဆိုပြီး တရားမဝင် ဝင်ရောက်ခဲ့တဲ့ အိမ်ထောင်စုတွေကို ပြန်လည်လက်ခံခဲ့ရတယ်။

## ဥပဒေကို အသေအချာပြုစုရေးဆွဲ

သို့ကြောင့်မို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌဦးနေဝင်းဟာ နိုင်ငံသားဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ဖို့ ကြိုးစားခဲ့တယ်။ ပညာရှင်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး တစ်နိုင်ငံလုံးမှာ ဆန္ဒတွေခံယူပြီးမှ နိုင်ငံသားဥပဒေကို အသေအချာပြုစုရေးဆွဲစေခဲ့တယ်။

နိုင်ငံသားဥပဒေနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌကြီးဦးနေဝင်းက မိန့်ခွန်းပြောကြားရာမှာ **"၁၈၂၄ ခုနှစ် နောက်ပိုင်းကစပြီးတော့ လွတ်လပ်ရေးရတဲ့အထိ ဒီကြားအတွင်းမှာ ကျွန်တော်တို့ နိုင်ငံအတွင်းကို နိုင်ငံခြားသားတိုင်းတစ်ပါးသားတွေဟာ အဆီးအတားမရှိ အကြောင်းကြောင်းတွေကြောင့် ဝင်ခဲ့ကြပါတယ်။ အဲဒီဝင်တဲ့အကြောင်းကလည်း စီးပွားရေးအများဆုံး၊ စီးပွားရေးကြောင့်လာကြပါတယ်။ ဦးဆုံးလာတာကတော့ ကျွန်တော်တို့နိုင်ငံကို အုပ်ချုပ်သွားတဲ့အင်္ဂလိပ်ပေ့ါ။ သူ့နောက်က အဆွယ်အပွားတွေ အနေနဲ့ကတော့ အများကြီးပဲ ရောက်လာခဲ့တယ်။**

**ဒီတော့ ဒီလောက်ပဲပြောကြပါစို့ရဲ့။**

**ဒီနိုင်ငံခြားက အကြောင်းကြောင်းကြောင့် ရောက်လာကြတဲ့ ဒီလူတွေကိုပြန်ပြီးတော့ နှင်ထုတ်လို့လည်း လက်တွေ့ဖြစ်နိုင်တဲ့ အခြေအနေမရှိဘူး။ ဒ့ါအပြင်လည်းပဲ လူလူချင်း စာနာတဲ့သဘောနဲ့ ရောက်နေပြီးမှတော့ ဒီလောက်ကြာ နှစ်ရှည်လများနေပြီးတော့မှတော့ သူတို့ကို စိတ်ချမ်းချမ်းသာသာလေးနေပါစေဆိုတဲ့ စေတနာ ကျွန်တော်တို့ထားဖို့ လိုလာတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က သူတို့ကို အခုဥပဒေမှာတော့ "ဧည့်နိုင်ငံသား" ဆိုပြီးတော့ အမည်တပ်လိုက်တယ်။**

**ဒါ ဘာလို့တပ်ရတာလဲဆိုတော့ ဟိုးအရင်တုန်းက ကျွန်တော်တို့နိုင်ငံသားချည်းပဲ၊ ကျွန်တော်တို့တိုင်းရင်းသားတွေချည်းပဲ။ သို့ပေမယ်လို့ ဒီလူတွေဟာ ဧည့်သည်အဖြစ်နဲ့ ရောက်လာကြတယ်။ အဲဒီဧည့်သည်အဖြစ်နဲ့ ရောက်လာကြရာကနေပြီးတော့ မပြန်နိုင်၊ ဒီမှာပဲခေါင်းချကြတော့မယ်ဆိုပြီးတော့ ခေါင်းချမယ့်ဘဝရောက်နေပြီ။**

**အဲဒီတော့ ခေါင်းချရမယ့် ဘဝရောက်နေတော့ ကျွန်တော်တို့နိုင်ငံသားအဖြစ်နဲ့ ကျွန်တော်တို့ လက်ခံတယ်ထား၊ လူလူချင်းစာနာတဲ့သဘောနဲ့ သူတို့ကို သက်ညှာတယ်ဆိုပေတယ်လို့ ကိုယ့်ကို အန္တရာယ်ဖြစ်အောင်တော့ သက်ညှာလို့မဖြစ်ဘူး။ သက်ညှာတယ်ဆိုတာက ဒီတိုင်းပြည်မှာ နေထိုင်ခွင့်ပေးမယ်၊ ဒီတိုင်းပြည်မှာ လုပ်စားကိုင်စားခွင့် တရားသဖြင့်ပေ့ါလေ၊ အလုပ်ကို လုပ်ကိုင်စားခွင့် ပေးမယ်၊ သို့သော်လည်း အချို့အချက်အလက်တွေမှာတော့ တစ်တိုင်းတစ်ပြည်လုံးနဲ့ ပတ်သက်တဲ့ ကိစ္စတွေ တိုင်းပြည်ကြမ္မာကို ဖန်တီးမယ့်ကိစ္စတွေမှာတော့ သူတို့ဟာ ဝင်ပြီးတော့ ခြယ်လှယ်နိုင်မယ့် အဲဒီလိုကိစ္စတွေမှာတော့ သူတို့ကိုချန်ထားရလိမ့်မယ်။ ဒါဟာသူတို့ကို ကျွန်တော်တို့ မုန်းလို့မဟုတ်ဘူး။ သို့သော်လည်း လက်တွေ့မှာ အဲဒီတိုင်းပြည်ကြမ္မာကို ဖန်တီးနိုင်တဲ့နေရာမျိုးမှာ သူတို့ကို ထားလို့ရှိရင် မတော်လို့များ သူတို့က သူတို့တာဝန်ကို အကျေအပွန် တိုင်းပြည်ပေါ်မှာ အကျေအပွန် မဆောင်ရွက်ဘဲနဲ့ ဖောက်လို့ရှိရင် ကျွန်တော်တို့ တိုင်းပြည် ဒုက္ခရောက်လိမ့်မယ်။**

**ဒီဥပဒေကိုဆွဲတာဟာ တော်တော်အချိန်ယူပြီးတော့လေ၊ အားလုံးသိတဲ့အတိုင်းပဲ တစ်တိုင်းပြည်လုံးကို တိုင်ပင်ပြီးတော့ဆွဲတာပဲ။ အဲဒီဥပဒေကို ရေးတဲ့အခါကျတော့ အကြမ်းရေးတာဟာ အောက်မှာတော့ ဘယ်နှခါရေးတယ် မပြောတတ်ဘူး။ ကျွန်တော့်ဆီရောက်ပြီးမှ ထပ်ထပ်ပြီး ကျွန်တော်တွေ့ရတာဟာ ခြောက်ခါလောက်ရှိမယ်။ စကားအသုံးအနှုန်း အချို့အချက်တွေကျန်လို့"** စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့တယ်။

## ဆင်ကြံကြံပြီး အခါအခွင့်ကို စောင့်နေကြ

မြန်မာနိုင်ငံသားဥပဒေကို ၁၉၈၂ ခုနှစ် အောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယအစည်းအဝေးမှာ အတည်ပြုခဲ့တယ်။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေလို့ ထင်ရှားကျော်ကြားခဲ့တယ်။ ဒီဥပဒေကို ကိုလိုနီလက်သစ်နိုင်ငံကြီးအချို့နဲ့ ပြည်တွင်းက အမျိုးသားရေးသစ္စာဖောက်ပုဆိန်ရိုးတွေက လုံးဝမနှစ်မြို့ခဲ့ကြဘူး။ ဆင်ကြံကြံပြီး အခါအခွင့်ကို စောင့်နေကြတယ်။

စာမျက်နှာ ၁၁ သို့

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများ ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပိုက်ကျော်ခြင်း (အမျိုးသား) နှင့် ဘော်လီဘော (အမျိုးသား/အမျိုးသမီး) အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ (C)ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲဗိုလ်လုပွဲကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဘော်လီဘော (အမျိုးသား) ပထမဆုရ သစ်တောရေးရာ-B အသင်းကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဆုဖလားနှင့် ငွေသားဆုငွေကျပ် ၃၀၀၀၀၀ ကိုလည်းကောင်း၊ ပိုက်ကျော်ခြင်း (အမျိုးသား) ပထမဆုရ သစ်တောဦးစီးဌာနအသင်းကို ဒုတိယဝန်ကြီး ဦးမင်းမင်းဦးက ဆုဖလားနှင့် ငွေသားဆုငွေကျပ် ၃၀၀၀၀၀ ကို လည်းကောင်း၊ ဘော်လီဘော (အမျိုးသမီး) ပထမဆုရ ပြည်ထောင်စုဝန်ကြီးရုံး (သစ်တောရေးရာ) အသင်းကို အမြဲတမ်းအတွင်းဝန် ဒေါက်တာညီညီကျော်က ဆုဖလားနှင့် ငွေသားဆုငွေကျပ် ၃၀၀၀၀၀ ကိုလည်းကောင်း၊ ပိုက်ကျော်ခြင်း အမျိုးသားနှင့် ဘော်လီဘော အမျိုးသား/အမျိုးသမီး ဒုတိယဆု ငွေသားဆုငွေကျပ် ၂၀၀၀၀၀၊ တတိယဆု ငွေသားဆုငွေကျပ် ၁၀၀၀၀၀ နှင့် နှစ်သိမ့်ဆုများကို ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပုဏ္ဏားကျွန်းမြို့နယ် မြေသားတာပေါင်ဖို့ခြင်းနှင့် ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်

**ပုဏ္ဏားကျွန်း ဇွန် ၂၉**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ မြစ်မိးရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ၃၆ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ မြစ်မိးရောင်စီမံကိန်းကျေးရွာဖြစ်သော ကွမ်းတောင်အုပ်စု ကွမ်းတောင်ကျေးရွာတွင် စီမံကိန်းအတိုးရရှိငွေမှ ငွေကျပ် ၁၃ ဒသမ ၀၀ သန်းဖြင့် ပြည်သူ့ထည့်ဝင်ငွေ ငွေကျပ် ၀ ဒသမ ၇၈ သန်းဖြင့် ကျေးရွာနေပြည်သူများ လွယ်ကူစွာသွားလာရေး အဆင်ပြေစေရန်အတွက် မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်း အတိုင်းတာ အလျား ၂၀၂ ပေ၊ အနံ ပေ ၂၀၊ အမြင့် ခုနစ်ပေနှင့် ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း အတိုင်းအတာ အလျား ၁၈ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ခုနစ်ပေ၊ လုပ်ငန်းစုစုပေါင်း ကုန်ကျငွေကျပ် ၁၃ ဒသမ ၇၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေကို ယနေ့ နံနက် ၁၁ နာရီက စစ်တွေခရိုင်ဦးစီးမှူး ဦးစောဝေ၊ မြို့နယ်ဦးစီးမှူး ဦးကျော်သန့်ဇင်၊ ခရိုင်၊ မြို့နယ် တာဝန်ခံဝန်ထမ်းများနှင့် ကျေးရွာကော်မတီဝင်များက ကွင်းဆင်းတိုင်းတာဆောင်ရွက်ပြီး လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

သို့နှင့် မြန်မာ့နိုင်ငံရေးအကူးအပြောင်းကာလ ၂၀၁၂ ခုနှစ် ဦးသိန်းစိန် ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ မေလ ၂၈ ရက်ကဖြစ်ပွားခဲ့တဲ့ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ဖြစ်စဉ်နဲ့ ဇွန်လ ၃ ရက်က ဖြစ်ပွားခဲ့တဲ့ သံတွဲခရိုင် တောင်ကုတ်မြို့ဖြစ်စဉ်တို့အပေါ် အကြောင်းပြုပြီး ၂၀၁၂ ခုနှစ် ဇွန်လမှာ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှာ တည်ငြိမ်အေးချမ်းရေးနဲ့ ဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေတဲ့ လူစုလူဝေးနဲ့ အုပ်စုဖွဲ့၍ဥပဒေမဲ့ဆောင်ရွက်မှုများ၊ လူအုပ်စုဖွဲ့ ရိုက်နှက်သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့တယ်။

အဆိုပါဖြစ်စဉ်က အစပြုပြီး အိုအိုင်စီဟာ ဘာသာရေးအရ နယ်မြေပိုင်ဆိုင်ခွင့်၊ ကိုလိုနီလက်သစ် အနောက်နိုင်ငံကြီးအချို့က အင်အားကြီးထွားလာတဲ့ တရုတ်ပြည်ကြီးရဲ့ ပင်လယ်ထွက်ပေါက်နဲ့ အကျိုးစီးပွားအပေါ် တန်ပြန်လိုတဲ့ ပထဝီနိုင်ငံရေးအရ ခလောက်ဆန်မှုတွေကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ရဲ့ ရခိုင်ပြည်နယ်ရဲ့အနောက်တံခါးဟာ မတည်မငြိမ် ဖြစ်လာခဲ့တယ်။

**လုံခြုံရေးစခန်းတွေကိုပါ ဝင်ရောက်တိုက်ခိုက်**

၂၀၁၆ ခုနှစ် NLD အစိုးရအသစ် တက်လာတဲ့အချိန်မှာတော့ အရှိန်အဟုန်ဟာ ပိုမြင့်လာတယ်။ အယ်လ်ကေဒါ၊ အိုင်အက်စ်နဲ့ တောင်အာရှဒေသက ဘာသာရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့တွေနဲ့ ချိတ်ဆက်ထားတဲ့အာဆာ (ARSA) အကြမ်းဖက်အဖွဲ့ဝင်တွေဟာ လုံခြုံရေးစခန်းတွေကိုပါ ဝင်ရောက်တိုက်ခိုက်လာတယ်။

**တပ်မတော်ဟာ တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသတည်ငြိမ်ရေးနဲ့ ဒေသခံတိုင်းရင်းသားမိဘပြည်သူများရဲ့အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ရေးအတွက် စစ်ဆင်ရေးတွေ ပြန်လည်ဆင်နွှဲတဲ့အခါကျတော့ အနောက်နိုင်ငံကြီးများနဲ့ အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းအချို့ဟာ လူမျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် ပုံဖော်စွပ်စွဲလာပြီး ဘင်္ဂါလီများကို ရိုဟင်ဂျာလူမျိုးလို့ ပုံဖော်လာခဲ့ကြတယ်။**

လွတ်လပ်ရေးရပြီးကတည်းက ဘင်္ဂါလီနိုင်ငံရေးလှုပ်ရှားသူတွေဟာ ကိုယ်ပိုင်နယ်မြေအဖြစ် လိုချင်ခဲ့ကြတယ်။ တချို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေလောက်ဆို ကျေနပ်တယ်။ တချို့ သီးခြားနိုင်ငံထောင်ဖို့၊ သို့မဟုတ် အရှေ့ပါကစ္စတန်နဲ့ပေါင်းဖို့၊ တချို့က ရခိုင်တစ်ပြည်လုံးဆွဲထည့်ပြီး အာရကန်ဒေ့ရှ်နိုင်ငံလုပ်ဖို့၊ အနိမ့်ဆုံးကိုယ်ပိုင်နယ်မြေရဖို့ ရည်ရွယ်ပြီး ကိုယ်ပိုင်လူမျိုးလက္ခဏာနဲ့ သီးခြားလူမျိုးလက္ခဏာဖြစ်လာအောင် ရိုဟင်ဂျာဆိုတာကို ဖန်တီးယူခဲ့ကြတယ်။

၂၀၁၂ ခုနှစ် အရေးအခင်းဟာ ဒီအိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ အလွန်ကောင်းတဲ့ အခွင့်အရေးကြီးဖြစ်သွားခဲ့ပါတယ်။ နိုင်ငံရေးအရ ARU ပေါ်လာပြီး ကမ္ဘာ့မျက်နှာစာမှာ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားလာကြတယ်။ နိုင်ငံတကာဥပဒေကို အသုံးချချင်တာနဲ့ မြန်မာ့တပ်မတော်ကို Genocide ကိစ္စဆိုပြီး ပုံဖော်ဖန်တီးလာကြတယ်။

**အစုလိုက်အပြုံလိုက် အသတ်ခံလိုက်ရ**

သို့ကလို အခြေအနေမျိုးမှာ **NLD အစိုးရဟာ မြန်မာ့အရေးကို ကမ္ဘာ့အရေးအဖြစ် သက်ရောက်စေမယ့် ကိုဖီအာနန်ကော်မရှင်ကို ဆွဲသွင်းလာတယ်။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ အကြံပြုချက်တွေပါဝင်တဲ့ ကိုဖီအာနန်အဖွဲ့ရဲ့ အစီရင်ခံစာတင်တဲ့နေ့ ညပိုင်းမှာပဲ ယခင်တစ်ခါထက် ပိုကြီးတဲ့အင်အားနဲ့ နောက်ထပ်တစ်ကြိမ် ထပ်အတိုက်ခံရပြန်ပါတယ်။ ရခိုင်တိုင်းရင်းသားတွေသာမက ဟိန္ဒူလူမျိုးတွေပါ အစုလိုက်အပြုံလိုက် အသတ်ခံလိုက်ရတယ်။**

တပ်ကဝင်ရှင်းတော့ ICG က ချက်ချင်းဆိုသလို တပ်က ရွာတွေကို မီးရှို့နေပါတယ်ဆိုပြီး Google earth ဂြိုဟ်တုဓာတ်ပုံနဲ့တင်လာတယ်။ CNN၊ BBC၊ Reuters၊ နယူးယော့ခ်တိုင်း၊ ဝါရှင်တန်ပို့စ် အပါအဝင် ပြည်တွင်းပြည်ပမီဒီယာတွေကလည်း ကြိုတင်ဇာတ်တိုက်ထားသလို ဆွမ်းကြီးဝိုင်းလောင်းကြတယ်။ HRW က ထအော်တယ်။

ဒီနောက်မှာ ယန်ဟီးလီတို့၊ UN Fact Finding Mission(FFM)တို့၊ International Impartial and Independent Machanism(IIIM)တို့ ဝင်လာပြီး ICC, ICJ ဇာတ်လမ်းတွေ ပေါ်လာခဲ့ပါတယ်။

**NLD အစိုးရဟာ မြန်မာ့အရေးကို ကမ္ဘာ့အရေးအဖြစ် သက်ရောက်စေမယ့် ကိုဖီအာနန်ကော်မရှင်ကို ဆွဲသွင်းလာတယ်။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ အကြံပြုချက်တွေပါဝင်တဲ့ ကိုဖီအာနန်အဖွဲ့ရဲ့ အစီရင်ခံစာတင်တဲ့နေ့ ညပိုင်းမှာပဲ ယခင်တစ်ခါထက် ပိုကြီးတဲ့အင်အားနဲ့ နောက်ထပ်တစ်ကြိမ် ထပ်အတိုက်ခံရပြန်ပါတယ်။ ရခိုင်တိုင်းရင်းသားတွေသာမက ဟိန္ဒူလူမျိုးတွေပါ အစုလိုက်အပြုံလိုက် အသတ်ခံလိုက်ရ။**

ပစ္စက္ခ မြန်မာနိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အတွင်းမှာတော့ အမျိုးသားညီညွတ်ရေးအစိုးရလို့ဆိုတဲ့ NUG အဖွဲ့ဟာ မြန်မာနိုင်ငံလုံးဆိုင်ရာမွတ်ဆလင်လူမျိုးစုများ အတိုင်ပင်ခံကော်မတီနဲ့ ပြီးခဲ့တဲ့ ဇွန် ၁၉ ရက်က ပထမဆုံးတွေ့ဆုံခဲ့တယ်။

NUG အစိုးရရဲ့ ရိုဟင်ဂျာမူဝါဒ ထုတ်ပြန်ပေးတာ၊ လူထုဆန္ဒမပါဘဲ ရေးဆွဲထားတဲ့ ၁၉၈၂ နိုင်ငံသားဥပဒေကို ဖျက်သိမ်းမယ်ဆိုတဲ့ကိစ္စတွေကို ကော်မတီအနေနဲ့ ကြိုဆိုကြောင်း အဆိုပါကော်မတီရဲ့သတင်းထုတ်ပြန်ချက်ကို တွေ့ရတယ်။

ယခုရက်ပိုင်းကျင်းပတဲ့ (၁၀၉) ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံကလည်း "Resolution for a return to democracy and respect for fundamental rights in Myanmar" ခေါင်းစဉ်ပါ အဆိုမူကြမ်းမှာ "ရိုဟင်ဂျာ" ဆိုတဲ့အသုံးအနှုန်းကို အသုံးပြုပြီး အဆိုမူကြမ်းကို ဇွန် ၁၉ ရက်မှာ အတည်ပြုချမှတ်ခဲ့တယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်း ၂၀၂၁ ခုနှစ် ဇွန်လ ၂၂ ရက် ရက်စွဲနဲ့ အဆိုမူကြမ်းပါ မတရားစွပ်စွဲချက်များအပြင် "အထူးသဖြင့် နိုင်ငံရေးရည်ရွယ်ချက်များဖြင့် တီထွင်ဖန်တီးထားသည့် ရိုဟင်ဂျာဟူသည့် အသုံးအနှုန်းကို မြန်မာအစိုးရနှင့် ပြည်သူများ အသိအမှတ်ပြုခြင်းမရှိဘဲ ပယ်ချသည်" ဆိုပြီး သတင်းထုတ်ပြန်ခဲ့ပါတယ်။

သို့ကြောင့်မို့ လတ်တလော NUG ရဲ့ ရိုဟင်ဂျာမူဝါဒနဲ့ ၁၉၈၂ နိုင်ငံသားဥပဒေ ဖျက်သိမ်းမယ်ဆိုတဲ့ကိစ္စဟာလည်း ရှေးမြန်မာဘိုးဘွားတွေနဲ့ မြန်မာနိုင်ငံအပေါ် အမျိုးသားရေးသစ္စာဖောက်ဖျက်ပြီး မြန်မာတို့ရဲ့အနောက်တံခါးကို ဖွင့်ပေးမယ့် အကြံအစည်ကြီးဖြစ်တဲ့အတွက် သမိုင်းတရားခံသာမက သမိုင်းရဲ့ဒဏ်ခတ်ခြင်းကိုပါ ခံယူရမှာဖြစ်ကြောင်း သတိပေးတင်ပြလိုက်ရပါတယ်။ ။

# ဗိုင်းရပ်စ်ကူးစက်မှုများ များပြားနေသော်လည်း ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးမည်

**လန်ဒန် ဇွန် ၂၉**

ကိုဗစ်–၁၉ ဗီဇပြောင်းဒယ်တာကူးစက်မှုကြောင့် ဗြိတိန်တွင် ကူးစက်မှုများမြင့်မားလျက်ရှိသည်။ သို့သော်လည်း အင်္ဂလန်တွင် ပိတ်ဆို့ကန့်သတ်ထားမှုများကို နောက်လတွင် ဖြေလျှော့ပေးသွားရန် အစိုးရက စီစဉ်ထားဆဲဖြစ်သည်။ ကိုဗစ်–၁၉ ကြောင့် သေဆုံးနှုန်းများအပေါ်မူတည်ကာ ဖြေလျှော့မှုများ လုပ်သင့် မလုပ်သင့် စဉ်းစားမည်ဖြစ်သည်။

နိုင်ငံအတွင်း နောက်ထပ်ကူးစက်ခံရမှုများထဲတွင် ဒယ်တာကူးစက်မှုမှာ ၉၅ ရာခိုင်နှုန်းနီးပါးရှိသည်။ ဇွန် ၂၈ ရက်တွင် နောက်ထပ်ကူးစက်ခံရသူအရေအတွက်မှာ ၂၂၈၆၈ ဦး ရှိသည်ဟု ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။ ဖေဖော်ဝါရီလနှောင်းပိုင်းမှစတင်ကာ ပထမဆုံးအကြိမ်အဖြစ် ကူးစက်မှု ၂၀၀၀၀ အထက်ကို ကျော်လွန်သွားခြင်းပင်ဖြစ်သည်။

ကူးစက်မှုအရေအတွက်မှာ ဆက်လက်များပြားနေသော်လည်း သေဆုံးမှုမှာ နည်းပါးဆဲဖြစ်ပြီးယင်းမှာလည်း ကာကွယ်ဆေးထိုးပေးခြင်း အကျိုးကျေးဇူးကြောင့်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးသစ် ဆာဂျစ်ဂျာဗစ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**




# ဗင်နီဇွဲလားနိုင်ငံတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုများ ပြုလုပ်

**ကရာကက် ဇွန် ၂၉**

ဗင်နီဇွဲလားနိုင်ငံ ကရာကက်မြို့တွင် ကျန်းမာရေးအာဏာပိုင်များက ဇွန် ၂၈ ရက်တွင် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုများ လုပ်ဆောင်ခဲ့သည်ဟု သိရသည်။

ကျူးဘားနိုင်ငံထုတ် Abdala ကိုဗစ်–၁၉ ကာကွယ်ဆေးကို ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။ ဒေသတွင်း ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် ကျူးဘားပြည်သူများနှင့် လက်တွဲ တိုက်ဖျက်ရန် နားလည်မှုအရ ဗင်နီဇွဲလားနိုင်ငံသို့ ကိုဗစ်–၁၉ ကာကွယ်ဆေးများ ပထမဆုံးအသုတ်အဖြစ် ရောက်ရှိခဲ့သည်ဟု ဘိုင်အိုကျူးဘားဖားမားမှ ဒေသတွင်းဆေးထုတ်လုပ်သူ ကိုယ်စားလှယ် ပီဒရို အယ်မန်ဒရိစ်က ပြောသည်။

လတ်တလောတွင် ကျူးဘားနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံနှင့် သဘောတူစာချုပ် ချုပ်ဆိုထားပြီး ဗင်နီဇွဲလား ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်–၁၉ ကာကွယ်ဆေး ၁၂ သန်းကို ဝယ်ယူရန် သဘောတူထားသည်။

ပထမဆုံး အသုတ်အဖြစ် ကာကွယ်ဆေး ၃၀၀၀၀ ရရှိခဲ့ပြီး လူပေါင်း ၁၀၀၀၀ ကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**



အစ္စရေးဝန်ကြီးချုပ်သစ် နဖ်တာလီဘန်နက်နှင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်။

# အစ္စရေးဝန်ကြီးချုပ်အသစ်ကို လက်ခံကြိုဆိုမည်ဟု အမေရိကန်သမ္မတ ပြောကြား

**ဝါရှင်တန် ဇွန် ၂၉**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် မကြာမီအချိန်အတွင်း အစ္စရေးဝန်ကြီးချုပ်သစ် နဖ်တာလီဘန်နက်ကို အိမ်ဖြူတော်သို့ ဖိတ်ခေါ်မည်ဟု ပြောကြားခဲ့သည်။

မကြာမီအချိန်အတွင်း ဘန်နက်ကို ကြိုဆိုဧည့်ခံမည်ဟု ဇွန် ၂၈ ရက်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဂျိုးဘိုင်ဒင်က ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ယာယိမ်းပါတီခေါင်းဆောင် နဖ်တာလီဘန်နက်သည် ယခုလအစောပိုင်းကမှ ဝန်ကြီးချုပ်ရာထူးတွင်တာဝန်ယူခဲ့ပြီး အစ္စရေးအစိုးရအဖွဲ့အတွင်း ၁၂ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြောင်းလဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့ တွေ့ဆုံစဉ် အီရန်အရေးမှာ အဓိကဆွေးနွေးရမည့် အကြောင်းအရာ ဖြစ်လာမည်ဖြစ်သည်။

အစ္စရေးသည် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ဆန့်ကျင်သူဖြစ်ပြီး မစ္စတာဘန်နက်သည် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီမှုကို ဆန့်ကျင်သူဖြစ်သည်။ ၎င်း၏ စောင့်ကြည့်မှုအောက်တွင် အီရန်နျူကလီးယားလက်နက် မရရှိစေရဟု သမ္မတ ဘိုင်ဒင်က ပြောသည်။

ပါလက်စတိုင်းနှင့် အစ္စရေးအရေးကိစ္စသည်လည်း အမေရိကန်သမ္မတနှင့် တွေ့ဆုံရာတွင် နောက်ထပ် အရေးတကြီး ဆွေးနွေးရမည့် ကိစ္စဖြစ်လာမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ဗင်နီဇွဲလားနိုင်ငံတွင် ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူရန်စောင့်ဆိုင်းနေကြသူများကို ဇွန် ၈ ရက်က တွေ့ရစဉ်။

# အမေရိကန်အနောက်ပိုင်း အပူချိန် မြင့်တက်

**ဝါရှင်တန် ဇွန် ၂၉**

အမေရိကန်အနောက်ပိုင်းတွင် နေထိုင်ကြသည့် ဒေသခံများမှာ ပြင်းထန်သည့် အပူဒဏ်ကို ခံစားနေရသည်။ အပူချိန်မှာ ၄၅ ဒီဂရီဆဲလ်စီးယက်အထိ မြင့်တက်နေသည်။

ဝါရှင်တန်နှင့် အော်ရီဂွန် ပြည်နယ်ကယ်လီဖိုးနီးယားပြည်နယ် တစ်စိတ်တစ်ပိုင်းနှင့် နီဗားဒါးတို့တွင် အပူချိန်ပိုမိုပြင်းထန်စွာခံစားရမည်ဟု အမျိုးသားမိုးလေဝသဌာနက ကြေညာထားသည်။

ပစိဖိတ်အနောက်မြောက်ဘက်ခြမ်းတွင် နေထိုင်ကြသူများမှာ သင့်လျော်သည့် အပူချိန်တွင် နေထိုင်ရသည်။ မိုးခေါင်မှုကြောင့် ဟူဗားဆယ်အတွင်း အနိမ့်ဆုံးရေအမှတ်သို့ ကျဆင်းသွားပြီး သန်းနှင့်ချီသော လူများမှာ သောက်ရေနှင့် လျှပ်စစ်အတွက် မိဒ်ရေကန်ကို မှီခိုအားထားနေရသည်။

မိုးခေါင်မှုမှတစ်ဆင့် တောမီးလောင်သည်အထိ ဖြစ်သွားမည်ကို ကယ်လီဖိုးနီးယားဒေသခံများက ကြောက်ရွံ့နေကြရသည်။

ပြီးခဲ့သည့်နှစ်အတွင်းကလည်း ကယ်လီဖိုးနီးယားပြည်သူများသည် အဆိုးရွားဆုံးသော တောမီးနှင့် ရင်ဆိုင်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# ဖလော်ရီဒါတွင် ကွန်ဒိုပြိုကျမှုကြောင့် သေဆုံးသူ ၁၁ ဦးရှိလာ

**ဖလော်ရီဒါ ဇွန် ၂၉**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် မိုင်ယာမီကမ်းခြေအနီးတွင် ကွန်ဒိုတစ်လုံးပြိုကျမှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ၁၁ ဦးအထိ ရှိလာပြီဟု မြို့တော်ဝန် ဒန်နီလာလာဗင်းကာဗာက ဇွန် ၂၈ ရက်တွင် ပြောသည်။

ပျောက်ဆုံးနေဆဲဖြစ်သည့် လူပေါင်း ၁၅၀ ကို ကယ်ဆယ်ရေးလုပ်သားများက ဆက်လက်ရှာဖွေဆဲဖြစ်ကြောင်း ၎င်းက ပြောသည်။

ကွန်ဒိုပြိုကျရခြင်း၏အကြောင်းကို ဆက်လက်စုံစမ်းဆဲဖြစ်ပြီး ၁၉၈၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် အဆိုပါ အဆောက်အအုံမှာ ကိုယ်ထည်ပိုင်းဆိုင်ရာ ပျက်စီးမှုများကို အင်ဂျင်နီယာများက စိုးရိမ်လျက်ရှိသည်ဟု ၂၀၁၈ ခုနှစ်တွင် အစီရင်ခံစာထွက်ပေါ်လာခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုယ်ဝန်သည်အမျိုးသမီးများ၊ နို့တိုက်မိခင်များနှင့် ကလေးငယ်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေး

ဂျကာတာ ဇွန် ၂၉

**အင်ဒိုနီးရှားနိုင်ငံ၌ ကိုယ်ဝန်သည် အမျိုးသမီးများ၊ နို့တိုက်မိခင်များနှင့် အသက် ၁၂ နှစ်မှ ၁၈ နှစ်ကြား ကလေးများကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း ဒုတိယသမ္မတ မာရက်ဖ်အာမင်က ဇွန် ၂၉ ရက်တွင် ပြောကြားလိုက်သည်။**

ကိုယ်ဝန်သည်အမျိုးသမီးများ၊ နို့တိုက်မိခင်များနှင့် အသက် ၁၂ နှစ်မှ ၁၈ နှစ်ကြား ကလေးများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဈေးကွက်တင်ဖြန့်ချိလာမှုအပေါ် ကြိုဆိုကြောင်း ဒုတိယသမ္မတမာရက်ဖ်အာမင်က ပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးပေးနိုင်ခြင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေကို ကိုင်တွယ်ဖြေရှင်းရာတွင် အပြောင်းအလဲတစ်ခု ဖြစ်စေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ပိုမိုကူးစက်ဖြစ်ပွားမှုမြန်သည့် ဒယ်လ်တာ ကိုဗစ်- ၁၉ မျိုးစိတ်သစ်စတင်ဝင်ရောက်ချိန်ကတည်းက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် ကလေးအရေအတွက်မှာ ၁၂ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း အင်ဒိုနီးရှားကလေးအထူးကုအဖွဲ့က ဖော်ပြသော အချက်အလက်များအရ သိရသည်။

အင်ဒိုနီးရှားဆေးဝါးနှင့် အစားအစာထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားအေဂျင်စီ (ဘီပီအိုအမ်)က အသက် ၁၂ နှစ်မှ ၁၇ နှစ်ကြားကလေးများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးအသင့်အတင့်ပမာဏကို အရေးပေါ်အသုံးပြုခွင့်ပေးခဲ့သည်။ ထို့အတူ သားဖွားနှင့် မီးယပ်အဖွဲ့ကလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်အမျိုးသမီးများ အထူးသဖြင့် ကိုဗစ်- ၁၉ အလွယ်တကူ ကူးစက်ဖြစ်ပွားနိုင်ခြေရှိသူများအတွက် အသုံးပြုရန် ထောက်ခံအကြံပြုခဲ့သည်။

ဆင်ဟွာ



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရှိ ရထားဘူတာတစ်ခုတွင် နှာခေါင်းစည်းတပ်ထားသူများ အိမ်ပြန်ရန် စောင့်ဆိုင်းနေစဉ်။

# စားသောက်ဆိုင်များနှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်တစ်လကြာ ရပ်နားခြင်းခံထားရသော ထိုင်းအလုပ်သမားများအတွက် အပိုထပ်ဆောင်းနစ်နာကြေးပေးအပ်မည်

**ဘန်ကောက် ဇွန် ၂၉**

စားသောက်ဆိုင်များနှင့် ဆောက်လုပ် ရေးလုပ်ငန်းများတွင် တစ်လကြာ အလုပ်ရပ်နားခြင်းခံထားရသော ထိုင်းအလုပ်သမားများသည် ထိုင်းဘတ် ၂၀၀၀ (အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၃၀) ကို အပိုထပ်ဆောင်းနစ်နာကြေးအဖြစ် ရရှိမည်ဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက ပြောကြားလိုက်သည်။

တစ်လကြာ တားဆီးပိတ်ဆို့ခြင်း ခံလိုက်ရသော ထိုင်းအလုပ်သမားများသည် လုပ်ခထက်ဝက်ခန့်လျော်ကြေးကို လက်ခံရရှိမည်ဖြစ်သည်။ အဆိုပါပမာဏသည် ၎င်းတို့၏ လစာထက်ဝက်နှင့်ညီမျှပြီး နောက်ထပ်ဘတ် ၂၀၀၀ ကိုလည်းအပိုဆောင်း နစ်နာကြေးအဖြစ် ရရှိမည်ဖြစ်ကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူ အနူချာဘူရာပါချိုင်စရီက ဇွန် ၂၉ ရက်တွင် ပြောသည်။

အစိုးရသည် အဆိုပါ ကုန်ကျစရိတ်ကို ကာမိရန် ထိုင်းဘတ် ၇ ဒသမ ၅ ဘီလီယံကို ပြင်ဆင်ထားကြောင်း သိရသည်။

လူမှုဖူလုံရေး ဝင်ထားသည့် အလုပ်သမား ၆၉၀၀၀၀ ကျော်သည် အစိုးရ၏ ဒုက္ခသည်ကယ်ဆယ်ရေး အစီအစဉ်မှ အကျိုးကျေးဇူးကို ခံစားရမည်ဖြစ်သည်။

သို့သော်လည်း လူမှုဖူလုံရေး မဝင်ထားသည့် အလုပ်သမားများအနေဖြင့် လုပ်ခထက်ဝက်ခန့် လျော်ကြေးကို ရရှိမည်မဟုတ်သော်လည်း အပိုဆောင်းနစ်နာကြေးဘတ် ၂၀၀၀ ကို လက်ခံရရှိမည်ဖြစ်ကြောင်း အနူချာက ပြောသည်။

ဆင်ဟွာ



ထိုင်းနိုင်ငံ ဘန်ကောက်ရှိ ရထားဘူတာရုံတစ်ခုတွင် နှာခေါင်းစည်းတပ်ဆင်သွားလာနေသည့် ခရီးသည်များကို တွေ့ရစဉ်။

# ၄၁၉ ရက်ကြာ ကိုဗစ်- ၁၉ ကူးစက်ခြင်းမရှိခဲ့သည့် ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်သူတစ်ဦးတွေ့ရှိ

**ဘန်ဒါစီရီဘီကာဝန် ဇွန် ၂၉**

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ တစ်ဦးရှိကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၀ အထိ ရောက်ရှိလာပြီဖြစ်သည်။

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၀ မှာ အသက် ၄၂ နှစ်ရှိသူအမျိုးသားတစ်ဦးဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ ၂၀၂၁ ခုနှစ် ဇွန် ၁၆ ရက်က ပြန်လည်ရောက်ရှိလာသူဖြစ်သည်။ ၎င်းတွင် ကိုဗစ်-၁၉ ကူးစက်မှုလက္ခဏာများ အလျှင်းမရှိကြောင်း သိရသည်။

၎င်းဆိုက်ရောက်လာချိန်၌ သီးသန့်ကန့်သတ်စောင့်ကြည့်မှု ခံယူခဲ့ရသည်။ စုံစမ်းစစ်ဆေးမှုများနှင့် ခြေရာကောက်စနစ်များအရ ၎င်းနှင့်နီးစပ်သူမရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအားလုံးမှာ အခြေအနေကောင်းမွန်ကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုမရှိခဲ့သည်မှာ ၄၁၉ ရက်ကြာခဲ့ပြီဖြစ်သည်။ စုစုပေါင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၂၄၈ ဦးရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးသူသုံးဦး ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ကူးစက်ဖြစ်ပွားသူ ခုနစ်သိန်းခွဲနီးပါးရောက်ရှိလာ

**ကွာလာလမ်ပူ ဇွန် ၂၉**

မလေးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၄၃၇ ဦး ရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်းကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၇၄၅၇၀၃ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၄ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၆၄၂၃ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောသည်။

နောက်ထပ် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၀၇ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၅၁၀၈ ဦး ရှိလာသည်။

ယခုအခါတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၆၇၇၇၅၁ ဦး သို့မဟုတ် ၉၀ ဒသမ ၉ ရာခိုင်နှုန်း ရှိလာခဲ့သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံတွင် လေးခုမြောက် ကိုဗစ်- ၁၉ ကာကွယ်ဆေးအဖြစ် မော်ဒါနာဆေးကို အရေးပေါ်အသုံးပြုခွင့်ပေး

**နယူးဒေလီ ဇွန် ၂၉**

အိန္ဒိယဆေးဝါးထိန်းချုပ်ကွပ်ကဲရေးဌာနသည် မွမ်ဘိုင်းအခြေစိုက် နိုင်ငံပေါင်းစုံ ဆေးဝါးကုမ္ပဏီဖြစ်သော စီပလာမှ တင်သွင်းသော မော်ဒါနာ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့်ပေးလိုက်ကြောင်း အရာရှိများက ပြောသည်။

မော်ဒါနာ ကာကွယ်ဆေး၏ တိုးတက်ဖွံ့ဖြိုးမှုများကို နယူးဒေလီရှိ သတင်းစာရှင်းလင်းပွဲတွင် အစိုးရ ကျန်းမာရေးညာဏ်ကြီးရှင်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဗီကေပေါလ်က အတည်ပြုခဲ့သည်။

ယခုမော်ဒါနာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတည်ပြုလိုက်ခြင်းဖြင့် ထိုဆေးသည် အိန္ဒိယနိုင်ငံတွင် အရေးပေါ်အသုံးပြုခွင့်ပေးခဲ့သော လေးခုမြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်လာခဲ့သည်။

မော်ဒါနာ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပြီးသူ ၁၀၀ ကို ပထမဆုံး စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ပေါလ်ကပြောသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗီရှီးလ်၊ ကိုဗက်ဇင်၊ စပွတ်နစ် ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို အရေးပေါ်အသုံးပြုခွင့်ပေးပြီးနောက် ယခုတစ်ခါ အရေးပေါ် အသုံးပြုခွင့်ပေးလိုက်သော မော်ဒါနာ ကိုဗစ်- ၁၉ ကာကွယ်ဆေးသည် အိန္ဒိယနိုင်ငံ၏ လေးခုမြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်လာခဲ့သည်။

ဆင်ဟွာ




မော်ဒါနာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို တွေ့ရစဉ်။

# ဒယ်တာကိုဗစ်- ၁၉ မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုကို လျှော့ချဖို့ တားဆီးကန့်သတ်ချက်တွေ တင်းကျပ်လာတဲ့ ကမ္ဘာ့နိုင်ငံများ

လင်းဟန်သစ်

**ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၉၀ ကျော်မှာ ကူးစက်မှုတိုးလာတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေချိန်မှာ အိန္ဒိယနိုင်ငံမှာ ပထမဆုံးတွေ့ရှိခဲ့တဲ့ ဒယ်တာ ကိုဗစ်- ၁၉ မျိုးစိတ်သစ်ကူးစက်ပျံ့နှံ့မှုကို လျှော့ချဖို့ ကမ္ဘာ့နိုင်ငံအများစုဟာ သူတို့ရဲ့ တားဆီးကန့်သတ်ချက်တွေကို တင်းကျပ်ခဲ့ကြပါတယ်။**

### အဓိကဇာတ်လိုက်ကျော်

ဒယ်တာကိုဗစ်- ၁၉ မျိုးစိတ်သစ်ဟာ တောင်အာဖရိကနိုင်ငံမှာ မှတ်တမ်းတင်ရလောက်တဲ့ ကူးစက်ဖြစ်ပွားမှုရဲ့ လက်သည်တရားခံဖြစ်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ တောင်အာဖရိကနိုင်ငံရဲ့ ကိုဗစ်-၁၉ တတိယအကျော့ဖြစ်ပွားမှုရဲ့ အဓိကဇာတ်လိုက်ကျော်လည်း ဖြစ်ပါတယ်။

အာဖရိကမှာ တောင်အာဖရိကဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအဆိုးဆုံး နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဇွန် ၂၇ ရက်က သေဆုံးသူ ၁၂၂ ဦး အပါအဝင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၀၀၀ ကျော် ရှိခဲ့ပါတယ်။ အခုတော့ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းဟာ ၁၉၂၈၈၉၇ ဦး ရှိလာခဲ့ပါပြီ။

### စုပေါင်းတွေ့ဆုံမှုတွေ ကန့်သတ်

ဇွန် ၂၇ ရက် ရုပ်မြင်သံကြားမိန့်ခွန်းမှာ သမ္မတဆိုင်ရယ် ရာမာဖိုဆာက သူ့နိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာတာကို ထိန်းချုပ်ဖို့ ၁၄ ရက်ကြာ ကိုဗစ်- ၁၉ အလုံပိတ်ကန့်သတ်ပိတ်ဆို့မှု အဆင့်-၄ ကို ကျင့်သုံးသွားမယ်လို့ ပြောကြားခဲ့ပါတယ်။

ဇွန် ၂၈ ရက်မှ ဇူလိုင် ၁၁ ရက်အထိ မည်သည့်အိမ်တွင်း၊ အိမ်ပြင် စုပေါင်းတွေ့ဆုံမှုမျိုးမဆို ကန့်သတ်ထားကြောင်း၊ အဆိုပါကန့်သတ်ချက်တွေထဲမှာ ဘာသာရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနဲ့ လူမှုရေးဆိုင်ရာ စုပေါင်းတွေ့ဆုံမှုမျိုးတွေလည်း ပါဝင်ပါတယ်။

### ညမထွက်ရအမိန့်ပြဋ္ဌာန်း

ညမထွက်ရအမိန့်ကိုလည်း ည ၉ နာရီကနေ နံနက် ၄ နာရီအထိ ပြဋ္ဌာန်းသွားမှာဖြစ်ပါတယ်။ ထို့အတူ အရေးမကြီးတဲ့ အဆောက်အအုံတွေကိုလည်း ပိတ်သိမ်းသွားဖို့လိုတယ်လို့ ရာမာဖိုဆာက ဆက်လက်ပြောကြားခဲ့ပါတယ်။

စားသောက်ဆိုင်တွေကိုလည်း ဆိုင်မှစားစရာထုတ်ယူတဲ့စနစ်နဲ့သာ ရောင်းချဖို့၊ စားသောက်ဆိုင်ပရိဝုဏ်အတွင်းမှာ ဖောက်သည်တွေကို စားသောက်ခွင့်မပြုဖို့လည်း မှာကြားထားပါတယ်။ အရက်သေစာနဲ့ပတ်သက်တဲ့ အရေးပေါ်မတော်တဆမှုတွေကို လျှော့ပါးသက်သာစေဖို့ အရက်ရောင်းချခြင်းတွေကိုလည်း တင်းကျပ်စွာ တားမြစ်ထားပါတယ်။

### ကျောင်းတွေကိုပိတ်

ကျောင်းတွေကိုလည်း ဇွန် ၃၀ ရက်မှစကာ ပိတ်သွားမှာဖြစ်ပြီး ကျောင်းအားလုံးကို အခုသီတင်းပတ်အကုန်မှာ ပိတ်သွားဖို့ မျှော်လင့်ထားပါတယ်။

မိမိတို့ရဲ့ အဓိကဦးစားပေးတာဝန်ကတော့ လူမှလူချင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို




ဒယ်တာကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်ကို သတိထားရန် စိုက်ထူထားသည့် ဆိုင်းဘုတ်တစ်ခုကို ယင်းဗိုင်းရပ်စ်ပိုးတွေ့ရှိရာ အိန္ဒိယနိုင်ငံတွင် တွေ့ရစဉ်။

> **❍ အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုအတွင်း ပြည်သူတွေအနေနဲ့ အကြောင်းပြချက် ငါးချက်နဲ့သာ အပြင်ထွက်ခွင့်ရရှိမှာဖြစ်ပါတယ်။ အဲဒီအကြောင်းပြချက်တွေထဲမှာ ဆေးဝါးကုသမှု၊ မရှိမဖြစ်ကုန်ပစ္စည်းဝယ်ယူမှုနဲ့ မလုပ်မနေရလုပ်ရမယ့်အလုပ် စတာတွေ ပါဝင်ပါတယ်။ ပြည်သူတွေအနေနဲ့ သူတို့နေအိမ်က ထွက်ခွာလာတဲ့အခါမှာတော့ နှာခေါင်းစည်းကို မဝတ်မနေရ ဝတ်ဆင်ရမှာဖြစ်**

ဖြတ်တောက်လျှော့ချဖို့ဖြစ်ကြောင်းနဲ့ ကိုဗစ်- ၁၉ ကူးစက်မှုပြမျဉ်းကွေးကို ဖြေလျှော့သွားဖို့ လုပ်ဆောင်ဖို့ပဲဖြစ်တယ်လို့ ရာမာဖိုဆာက ပြောပါတယ်။

### စီးပွားရေးဆောင်ရွက်ချက်တွေကို ခွင့်ပြုပေး

အခုလက်ရှိကျင့်သုံးနေတဲ့ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးဆိုင်ရာဖြစ်စဉ်တွေမှာ စီးပွားရေးဆောင်ရွက်ချက်တွေကို ဖြစ်နိုင်သမျှ ခွင့်ပြုပေးထားကြောင်း၊ ထိုသို့ ခွင့်ပြုပေးထားမှသာ စီးပွားရေးဆိုင်ရာ ထိခိုက်မှုအဆိုးဆုံးဖြစ်သွားမှာ မဟုတ်ဘူးလို့ ရာမာဖိုဆာက ဆက်လက်ပြောပါတယ်။

ဇွန် ၁၄ ရက်က ဒယ်တာကိုဗစ်- ၁၉ အသွင်ပြောင်း မျိုးစိတ်ကူးစက်ဖြစ်ပွားမှု ပထမဆုံး တွေ့ရှိခဲ့တဲ့ ကူဝိတ်နိုင်ငံဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတိုးလာတဲ့အခြေအနေကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဇွန် ၂၇ ရက်က နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၅၈ ဦးရှိလာခဲ့တဲ့အတွက် စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၃၅၁၄၈၁ ဦးအထိ ရှိလာခဲ့တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားပါတယ်။

### ကာကွယ်ဆေးထိုးထားသူတွေကိုခွင့်ပြု

ထို့အတူ ဇွန် ၂၇ ရက်က ကူဝိတ်အစိုးရက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားတဲ့နိုင်ငံသားတွေကိုပဲ ဈေးဝယ်ကုန်တိုက်တွေ၊ ဆလွန်းတွေ၊ အားကစားခန်းမတွေနဲ့ စားသောက်ဆိုင်တွေကို သွားရောက်ခွင့်ပြုခဲ့ပါတယ်။

လွန်ခဲ့တဲ့သီတင်းပတ်က ကူဝိတ်လက်နက်ကိုင်တပ်ဖွဲ့တွေဟာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကို ရင်ဆိုင်ဖြေရှင်းဖို့ နိုင်ငံအတွင်းရှိ အစိုးရအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးမထိုးထားတဲ့သူတွေကို အများပြည်သူနဲ့သက်ဆိုင်တဲ့နေရာတွေကို မသွားလာဖို့ တားမြစ်ကြပါတယ်။

ကျန်းမာရေးဆောင်ရွက်ချက်တွေကို အကောင်အထည်ဖော်ရေးကော်မတီအကြီးအကဲ အယ်လ်မန်ဖိုဟီက အစိုးရရဲ့ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ လုပ်ငန်းစဉ်တွေကို ဆွေးနွေးခဲ့တယ်လို့ ပြောပါတယ်။ အဲဒီကော်မတီက နိုင်ငံအတွင်းမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့ရဲ့ အကူအညီကိုယူပြီး အရပ်ဘက်ကျန်းမာရေးအဖွဲ့တွေကို ကူညီကာ ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### မလာရောက်ဖို့ တားဆီးသွားမယ်

လာမယ့် တနင်္ဂနွေနေ့မှစကာ ကာကွယ်ဆေးမထိုးထားတဲ့သူတွေကို စားသောက်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေ၊ အားကစားခန်းမတွေ၊ ဆလွန်းတွေ၊ ဈေးဝယ်ကုန်တိုက်တွေကို လာရောက်ခြင်းမပြုဖို့ တားဆီးသွားမှာဖြစ်ပါတယ်။

လာမယ့်နှစ်လအတွင်း ကူဝိတ်မှာ ကျန်းမာရေး လိုအပ်ချက်တွေကို ဒီထက်ပိုပြီး တင်းကျပ်သွားဖို့လိုအပ်ပါတယ်။ ကာကွယ်ဆေးထိုးထားသူအရေအတွက် ရာခိုင်နှုန်းတိုးလာခြင်းဖြင့် ပြည်သူတွေကြား ခုခံအားတိုးမြင့်လာဖို့ကို မျှော်မှန်းရမှာဖြစ်ပါတယ်။

### ဩစတြေးလျရဲ့ ကိုဗစ်ကူးစက်မှု

ဩစတြေးလျနိုင်ငံရဲ့ လူဦးရေအထူထပ်ဆုံးပြည်နယ်တစ်ခုဖြစ်တဲ့ နယူးဆောက်သ်ဝေးလ်ပြည်နယ်မှာ ဇွန် ၂၆ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက် ဖြစ်ပွားသူ ၃၀ ရှိခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအားလုံးဟာ ဆစ်ဒနေ အရှေ့ပိုင်း ဘွန်ဒီအစုလိုက် ကူးစက်ဖြစ်ပွားမှုနဲ့ သက်ဆိုင်နေပါတယ်။

မြောက်ပိုင်းအချုပ်အခြာပိုင်နယ်မြေဟာ အခုတော့ ကိုဗစ်-၁၉ ခြိမ်းခြောက်မှုနဲ့ ကြုံတွေ့နေရပြီဖြစ်ပါတယ်။ ဒါဝင်မှာ အလုံပိတ် ကန့်သတ်ပိတ်ဆို့မှုကို ၄၈ နာရီကြာ ချမှတ်လိုက်ပြီဖြစ်ပါတယ်။

ရွှေတွင်းလုပ်သားလေးဦး ဒယ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားမှုတွေ့ရှိပြီးတဲ့နောက်မှာ အပြည့်အဝအလုံပိတ်ကန့်သတ်ပိတ်ဆို့မှုကို ဇွန် ၂၇ ရက် နေ့လယ် ၁ နာရီမှာ ဒါဝင်၊ ပါမာစတန်နဲ့ ဒါဝင်ကျေးလက်ဒေသတွေမှာ ပြဋ္ဌာန်းခဲ့ပါတယ်။

### ခိုင်မာတဲ့အကြောင်းပြချက်နဲ့ အပြင်ထွက်ရမယ်

အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုအတွင်း ပြည်သူတွေအနေနဲ့ အကြောင်းပြချက် ငါးချက်နဲ့သာ အပြင်ထွက်ခွင့်ရရှိမှာဖြစ်ပါတယ်။ အဲဒီအကြောင်းပြချက်တွေထဲမှာ ဆေးဝါးကုသမှု၊ မရှိမဖြစ်ကုန်ပစ္စည်းဝယ်ယူမှုနဲ့ မလုပ်မနေရလုပ်ရမယ့်အလုပ် စတာတွေပါဝင်ပါတယ်။ ပြည်သူတွေအနေနဲ့ သူတို့နေအိမ်က ထွက်ခွာလာတဲ့အခါမှာတော့ နှာခေါင်းစည်းကို မဝတ်မနေရ ဝတ်ဆင်ရမှာဖြစ်ပါတယ်။

တခြား ဩစတြေးလျပြည်နယ်တွေအနက် ဩစတြေးလျအနောက်ပိုင်း၊ ဩစတြေးလျတောင်ပိုင်းတို့မှာလည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တားဆီးဖို့ ဆောင်ရွက်နေကြပါတယ်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ အိန္ဒိယနိုင်ငံမှာ ပထမဆုံးစတင်တွေ့ရှိခဲ့တဲ့ ဒယ်တာကိုဗစ်-၁၉ မျိုးစိတ်သစ်ဟာ ကူးစက်မှုအမြန်ဆုံးနဲ့ အင်အားချည့်နဲ့သူတွေအတွက် ကြောက်စရာအကောင်းဆုံး မျိုးစိတ်တစ်ခုဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားထားပါတယ်။ ။

ကိုးကား - ဆင်ဟွာ

*ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၉-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၅၁) ခု | (၁၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများ တွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ | (၉၆) ခု | (၂၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၉၂) ခု | (၅၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၁) ခု | (၆) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၄၀) ခု | (၄) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၁၃၈) ခု | (၄၆) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၁၁) ခု | (၁၀) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၈၆) ခု | (၆၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၈၈) ခု | (၁၆၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၁၀၉) ခု | (၈၃၁) ဦး |
| စုစုပေါင်း | (၈,၂၃၂) ခု | (၁,၃၁၂) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID– 19 ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID– 19 ရောဂါကာကွယ် ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင် ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂၉- ၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၁၁၆၆၈ | ၂၈၉၆၂၈၄၉ | ၆၁၉၅၉၅ |
| ၂။ | အိန္ဒိယ | ၃၀၃၁၆၈၉၇ | ၂၉၃၆၆၆၀၁ | ၃၉၇၆၆၈ |
| ၃။ | ဘရာဇီး | ၁၈၄၄၈၄၀၂ | ၁၆၆၇၃၃၂၉ | ၅၁၄၂၀၂ |
| ၄။ | ပြင်သစ် | ၅၇၇၀၅၃၀ | ၅၆၀၈၉၂၁ | ၁၁၁၀၁၂ |
| ၅။ | ရုရှား | ၅၄၉၃၅၅၇ | ၄၉၈၄၀၃၇ | ၁၃၄၅၄၅ |
| ၆။ | တူရကီ | ၅၄၁၄၃၁၀ | ၅၂၈၀၅၅၈ | ၄၉၆၃၄ |
| ၇။ | ဗြိတိန် | ၄၇၅၅၀၇၈ | ၃၄၁၉၁၉၉ | ၁၂၈၁၀၃ |
| ၈။ | အာဂျင်တီးနား | ၄၄၂၃၆၃၆ | ၄၀၄၆၃၀၈ | ၉၃၁၄၂ |
| ၉။ | အီတလီ | ၄၂၅၈၄၅၆ | ၄၀၇၆၂၇၄ | ၁၂၇၅၀၀ |
| ၁၀။ | ကိုလံဘီယာ | ၄၁၈၇၁၉၄ | ၃၈၈၀၂၆၁ | ၁၀၅၃၂၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၉ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၁၅၆၄၆၅ | ၁၈၆၉၆၀၆ | ၅၈၀၂၄ |
| ဖိလစ်ပိုင် | ၁၄၀၈၀၅၈ | ၁၃၃၃၄၆၄ | ၂၄၅၅၇ |
| မလေးရှား | ၇၄၅၇၀၃ | ၆၇၇၇၅၁ | ၅၁၀၈ |
| ထိုင်း | ၂၅၄၅၁၅ | ၂၀၅၀၆၄ | ၁၉၇၀ |
| မြန်မာ | ၁၅၅၆၉၇ | ၁၃၅၉၉၂ | ၃၃၂၀ |
| စင်ကာပူ | ၆၂၅၆၃ | ၆၂၂၁၂ | ၃၆ |
| ကမ္ဘောဒီးယား | ၄၉၂၅၅ | ၄၃၄၇၃ | ၅၇၅ |
| ဗီယက်နမ် | ၁၆၁၃၆ | ၆၅၁၉ | ၇၈ |
| လာအို | ၂၁၁၀ | ၁၉၈၆ | ၃ |
| ဘရူနိုင်း | ၂၅၉ | ၂၄၅ | ၃ |

## အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အလှူရှင်များက COVID-19 ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၉**

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများအတွက် COVID– 19 ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများအား အလှူရှင်များက ပေးအပ်လှူဒါန်း ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင် များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး အလှူရှင်များ ကိုဗစ်– ၁၉ ရောဂါကာကွယ်ရေး ပစ္စည်းများနှင့် အလှူငွေများကို အသီးသီးပေးအပ် လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ ကိုဗစ်– ၁၉ ပရဟိတကွန်ရက်၊ COVID–19 Operation Team နှင့် Freedom Volunteer ကွန်ရက်များသို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် PPE ဝတ်စုံ ၆၀၀၊ လက်အိတ် အစုံ ၆၀၀၊ နှာခေါင်းစည်း ၅၀၀၀ နှင့် စက်သုံးဆီဂါလန် ၆၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ကိုဗစ်– ၁၉ ကုသရေးစင်တာ(၁)ရှိ လူနာများအတွက် Lemon Fresh အချိုရည်ဘူး ၁၀၀၀ နှင့် Vitahome အားဆေးအလုံး ၂၄၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နွားထိုးကြီး၌ တစ်နေ့တည်းပိုးတွေ့သူ ၁၁ ဦး တွေ့ရှိ ကာကွယ်ဆေးထိုးပြီးဝန်ထမ်းများပါဝင်

**နွားထိုးကြီး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးတွင် ဒေသတွင်း ကိုဗစ်ကူးစက်မှုကြောင့် ဇွန် ၂၇ ရက်က တစ်ရက်တည်း ကိုဗစ်ပိုးတွေ့ရှိသူ ၁၁ ဦး တွေ့ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းငါးဦးမှာ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးဖြစ်ကြောင်း We.Love.Natogyi ထံမှ သိရသည်။

နွားထိုးကြီးတွင် ဌာနဆိုင်ရာများမှ စတင်ပိုး တွေ့ရှိနေရာမှ ခုနစ်ဦးတွေ့ရှိခဲ့ပြီး ယခု ၁၁ ဦးနှင့် စုစုပေါင်း ၁၈ ဦးရှိလာပြီဖြစ်သည်။

ဝန်ထမ်းအိမ်ရာ ဆေးရုံလေးထပ်ဆောင်နှင့် ဆေးရုံကူးစက်ဆောင်တွင် ဆေးကုသပေးနေပြီး ထိတွေ့ဆက်စပ်သူ ၁၄ ဦးကို ဘိုးဘွားရိပ်သာ၌ စောင့်ကြည့်ရေးစင်တာတွင် ထားရှိကြောင်း သိရသည်။

ရောဂါထိန်းချုပ်ရေးအတွက် လူနာအိမ်များကို ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။

**ဌေးမြင့်မောင်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၉**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)တွင် ၂ ဒသမ ၅၂ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၂ ဒသမ ၀၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

*❈ ကျော်ဖုံးမှ*

(၁) ဝါဆိုမိုးဦး
(၂) ကျော်ကျော်နန္ဒ
(၃) ဟန်နေတာ
(၄) သက်မွန်မြင့်
(၅) G Fatt (ခ) မြတ်သူ
(၆) Kelvin Kate(ခ) အောင်သူလွင်
(၇) မယ်ရီ
(၈) နော်ဖောအယ်ထား
(၉) ခါရာ
(၁၀) စူးရှနိုင်
(၁၁) ချစ်သုဝေ
(၁၂) J Fire (ခ) အောင်ကိုငြိမ်း
(၁၃) သီဟထွန်း
(၁၄) အေးဝတ်ရည်သောင်း
(၁၅) အေးမြတ်သူ
(၁၆) ညီနန္ဒ
(၁၇) မထက် (ခ) ဥက္ကာထက်
(၁၈) မေဦးမောင်
(၁၉) ခြူးပန်းနွယ်
(၂၀) သားငယ်
(၂၁) အောင်ထက်
(၂၂) နန်းသူဇာ
(၂၃) သွင်ပပအောင်
(၂၄) သဇင်နွယ်ဝင်း

- အထက်ပါ အမှုမှရုပ်သိမ်းပေးခဲ့သည့် အနုပညာရှင်များအနေဖြင့် အလားတူ ကျူးလွန် ချိုးဖောက်မှုများအား ထပ်မံ၍ လုပ်ဆောင်မည် ဆိုပါက တည်ဆဲ ဥပဒေများအရ ထိရောက်စွာ အရေးယူ ဆောင်ရွက် သွားမည် ဖြစ်သည့်အပြင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၀ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆူပူဆန္ဒပြမှုဖြစ်စဉ်များနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့မှ စစ်ဆေးဆဲ တရားခံများနှင့် တရားရုံး၌ စစ်ဆေးဆဲ တရားခံများအနက် ပထမဦးစားပေးအဖြစ် ပြန်လည် စေလွှတ်ပေးသင့်သူများကိုလည်း အမှုမှ ရုပ်သိမ်းပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

**သတင်းစဉ်**


ဝါဆိုမိုးဦး



ကျော်ကျော်နန္ဒ


ဟန်နေတာ


သက်မွန်မြင့်


G Fatt (ခ) မြတ်သူ


Kelvin Kate(ခ) အောင်သူလွင်


မယ်ရီ


နော်ဖောအယ်ထား


ခါရာ


စူးရှနိုင်


ချစ်သုဝေ


J Fire (ခ) အောင်ကိုငြိမ်း


သီဟထွန်း


အေးဝတ်ရည်သောင်း


အေးမြတ်သူ


ညီနန္ဒ


မထက်(ခ) ဥက္ကာထက်


မေဦးမောင်


ခြူးပန်းနွယ်


သားငယ်


အောင်ထက်


နန်းသူဇာ


သွင်ပပအောင်


သဇင်နွယ်ဝင်း

# နမ္မတူမြို့နယ်၌ နမ္မတူ-လားရှိုး-မူဆယ် ပြေးဆွဲလျက်ရှိသည့် ယာဉ်လိုင်းများအားလုံး ယာယီပိတ်ထားမည်

**နမ္မတူ ဇွန် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန် ရည်ရွယ်၍ နမ္မတူ- လားရှိုး- မူဆယ် ပြေးဆွဲလျက်ရှိသည့် ယာဉ်လိုင်းများအားလုံး ဇွန် ၂၈ ရက်မှ စတင်ကာ ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ယာဉ်လိုင်းများ ယာယီပိတ်ထားဆောင်ရွက်ရာတွင် Stay at home မြို့နယ်အဖြစ် သတ်မှတ်ထားသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အပါအဝင် ဆက်စပ်လျက်ရှိသော လမ်းကြောင်းတစ်လျှောက်ရှိ မြို့နယ်များသို့ မော်တော်ယာဉ်ပြေးဆွဲခွင့်အား ဇွန် ၂၈ ရက်မှ စတင်ကာ ယာယီပိတ်ထားမည်ဖြစ်ပြီး ပြန်လည်ပြေးဆွဲခွင့်ရရှိပါက အသိပေးမည် ဖြစ်ကြောင်းနှင့် မော်တော်ယာဉ်လိုင်းများ ယာယီပိတ်ထားလျက်ရှိသည့် ကာလအတွင်း ကိုဗစ်- ၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိဘဲ ပြေးဆွဲလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမ္မတူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

နမ္မတူမြို့နယ်တွင် ဇွန် ၁၆ ရက်မှစတင်ကာ ယနေ့အချိန်အထိ ရက်သတ္တနှစ်ပတ်အတွင်း ကိုဗစ်- ၁၉ ရောဂါပိုးတွေ့ရှိသူ အမျိုးသမီးငါးဦးရှိပြီဖြစ်ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

# ညောင်ရွှေမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်စောင့်ကြည့်ရေး စင်တာ ပြင်ဆင်ဆောင်ရွက်ပြီးစီး

**ညောင်ရွှေ ဇွန် ၂၉**

ရှမ်းပြည်နယ် တောင်ပိုင်း ညောင်ရွှေမြို့တွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းအတွက် ရောဂါစောင့်ကြည့်ရေး နေရာကို မြို့မရန်ကုန်ကျောင်းတိုက်အတွင်းရှိ ပတ္တမြားရတုသုံးထပ် စာဖြေဆောင်၌ ဇွန် ၂၉ ရက် မွန်းလွဲပိုင်းတွင် ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။



အဆိုပါနေရာ ပြင်ဆင်ဆောင်ရွက်မှုကို ညောင်ရွှေမြို့နယ် ကိုဗစ်- ၁၉ ရောဂါ စောင့်ကြည့်၊ စစ်ဆေး၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှု ကော်မတီတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး Centre သို့ ဝင်ရောက်သူများကို အမျိုးသား၊ အမျိုးသမီး သီးသန့်ထားရှိ၍ Stay at Home အစီအစဉ်၌ အကျုံးဝင်ကြောင်း ကြေညာထားသည့် မြို့နယ်များမှ လာရောက်သူများကို ချမှတ်ထားသည့် စည်းကမ်းများနှင့်အညီ ထားရှိဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော CRPH ၊ NUG အဖွဲ့များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများ၊ မိုင်းထောင်ဖောက်ခွဲမှု၊ မီးရှို့ဖျက်ဆီးမှုနှင့် အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ လုပ်ဆောင်ရာတွင် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုလုပ်ရပ်များတွင် ပါဝင်သူ သန်းဝင်း၏ ထွက်ဆိုချက်အရ ဇွန် ၂၈ ရက် နံနက် ၂ နာရီခန့်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၅/၈)ရပ်ကွက်နေ ပြောင်ကြီး (ခ)ခင်မောင်ထွေး(ခ)ချစ်မင်းနှင့် ရန်နိုင်စိုးတို့ နှစ်ဦး၏ နေအိမ်သို့ သွားရောက်ဖမ်းဆီးခဲ့ရာ ပြောင်ကြီး (ခ) ခင်မောင်ထွေး (ခ) ချစ်မင်းကို ၎င်း၏ နေအိမ်အတွင်းမှ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး နံနက် ၄ နာရီခန့်တွင် ရန်နိုင်စိုး၏ နေအိမ်သို့ သွားရောက် ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်၌ မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ ပွိုင့် 45 Auto ကျည် ၁၆ တောင့်၊ ပွိုင့် 45 4CP ကျည် ၄ တောင့်၊ လက်လုပ်မိုင်း ခုနစ်လုံး၊ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြောင်ကြီး(ခ) ခင်မောင်ထွေး(ခ)ချစ်မင်း၏ ထွက်ဆိုချက်အရ မွန်းလွဲ ၁၂ နာရီခွဲတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်(၂)နေ ကိုလင်း





(စိစစ်ဆဲ) ပိုင်ဆိုင်သော Lucky 7 KTV သို့ သွားရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ MG-1 လက်ပစ်ဗုံး နှစ်လုံးအား သိမ်းဆည်းရမိကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

အလားတူ မွန်းလွဲ ၃ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် မလွှဲတောင် စစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက်နေ ဦးဝေ(၆၄)နှစ် မောင်းနှင်လာသည့် MON 3N/5700 "ဂရိတ်" ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ခုံအမှတ်(၆)တွင် လိုက်ပါလာသည့် ခရီးသည် ထားဝယ်မြို့ ဘဝပင်ကျေးရွာနေ ကျော်စိုး (၅၂)နှစ် (ဘ)ဦးအုန်းကြိုင်၏ ထိုင်ခုံအောက်နှင့် ထိုင်ခုံရှေ့ခြေနင်းနေရာတို့တွင် တင်ဆောင်လာသော စက္ကူဖာအတွင်းမှ ဝိုင်ယာကြိုးတပ်ထားသော လျှပ်စစ်ဒီတိုနေတာ တစ်ဖာလျှင် အချောင်း ၅၀၀ ပါ ခြောက်ဖာ(ပေါင်း အချောင်း ၃၀၀၀)၊ ဝိုင်ယာကြိုး တပ်ဆင်ထားခြင်းမရှိသေးသည့် လျှပ်စစ်ဒီတိုနေတာ တစ်ဖာလျှင် အချောင်း ၅၀၀ ပါ ခြောက်ဖာ(ပေါင်း အချောင်း ၃၀၀၀)၊ လျှပ်စစ်ရှော့တိုက်သတ္တုကြိုးခွေ ၁၆ ခွေတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထို့အတူ မွန်းလွဲ ၄ နာရီ မိနစ် ၂၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့တောကျေးရွာနေ ဦးပေါ်လာ(၅၄)နှစ် (ဘ) ဦးတဉ်၏ နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်၌ မတွေ့ရှိရဘဲ ၎င်း၏ နေအိမ်ခြံဝင်းအတွင်းမှ အမိုနီယမ်နိုက်ထရိတ် တစ်အိတ်လျှင် ၄၀ ကီလိုဂရမ်ပါ ၁၆ အိတ်နှင့် တစ်အိတ်လျှင် ၅၀ ကီလိုဂရမ်ပါ လေးအိတ် စုစုပေါင်း အိတ် ၂၀ (၈၄၀ ကီလိုဂရမ်)တို့အား တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

အလားတူ ည ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ညှော့စာရင်းစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် ကျောက်တွင်းရပ်ကွက် အောင်ဇေယျလမ်းနေ ဟိန်းရာဇာဟိန်း (၃၆)နှစ် (ဘ) ဦးခင်အိုင်၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်တွင် မတွေ့ရှိရဘဲ အဆိုပါနေအိမ်အတွင်းမှ အရှည် သုံးလက်မခန့်ရှိ လက်လုပ်သေနတ် တစ်လက်၊ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အတူ ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတော(မြောက်)ရပ်ကွက် ပြည်လမ်း အမှတ် (၃၁၃-စီ) ၄ လွှာ ထက်အောင်ရှိန် (ခ)ဇာဏီထွန်း (၂၉)နှစ်၏ နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စစ်ဆေးခဲ့ရာ CCI STANDARD VELOCITY 22LR တံဆိပ်ပါ အပြာရောင် စက္ကူဘူးဖြင့် ထည့်ထားသော ပွိုင့် ၂၂ ကျည်ဆန် အတောင့် ၅၀ ပါ လေးဘူး၊ သံဘောစေ့ ၄၅၀ နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**အရေးယူဆောင်ရွက်သွားမည်**

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ဖိနပ်အောက်ခံဆိုးပြားစက်ရုံကို မီးရှို့ဖျက်ဆီးခဲ့မှုတွင် ပါဝင်သူအား ပြစ်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် မြေတိုင်း(၂၂) အလယ်ကျေးရွာ ဦးဖိုးလှိုင်လမ်းနှင့် ဦးရွှေဘင်လမ်းထောင့် အကွက်အမှတ်(၂၀)ရှိ Myanmar Rong Wie New ဖိနပ်အောက်ခံ ဆိုးပြားစက်ရုံကို မတ် ၁၄ ရက် ညနေ ၄ နာရီခန့်တွင် အောင်ဇော်လင်း (ဘ) ဦးဇော်ဇော် အပါအဝင် ၂၁ ဦးတို့နှင့်အတူ မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးဖြင့်အကျိုးဖျက်ဆီးမှုကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ -၄၃၆ အရ



အောင်ဆန်းလင်း(ခ)
အောင်ဆန်းမြင့်

၎င်းတို့အား မေ ၂၄ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ် (၂၀)နှစ်" အမိန့်ကို ချမှတ်လိုက်သည့် သတင်းအား ထုတ်ပြန်ပြီးဖြစ်သည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇/၈၈ အရ ဖမ်းဝရမ်း ထုတ်ထားသူများအနက်မှ အောင်ဆန်းလင်း(ခ) အောင်ဆန်းမြင့် (ဘ) ဦးအောင်သူကို ဖမ်းဆီးရမိခဲ့သဖြင့် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ - ၄၃၆ အရ ၎င်းအား ဇွန် ၂၈ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ်(၂၀)နှစ်" အမိန့်ကို ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## သစ်တောဦးစီးဌာနဝန်ထမ်းများ ရန်ပြုတိုက်ခိုက်ခံရမှုနှင့် ဌာနပိုင် အဆောက်အအုံများ၊ စိုက်ခင်းများ၊ ဖမ်းဆီးသစ်များ၊ ယာဉ်/ယန္တရားများ၊ ပျိုးဥယျာဉ်များ ဖျက်ဆီးခံရ

**နေပြည်တော် ဇွန် ၂၉**

ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၁၈ ရက်အထိ ကာလအတွင်း ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့အတွင်း မသမာသူများမှ သစ်တောဝန်ထမ်းများကို ရန်ပြုတိုက်ခိုက်ခြင်း၊ သစ်တောရုံးများ၊ သစ်တောဘိနယ်စခန်းများ မီးရှို့ဖျက်ဆီးခြင်း၊ ဖမ်းဆီးသစ်များနှင့် ယာဉ်/ယန္တရားများ၊ ဆက်စပ်ပစ္စည်းများ လုယက်ယူဆောင်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ သစ်တောစိုက်ခင်းများမှ ကျွန်းပင်များ ခုတ်လှဲခိုးယူခြင်းဖြစ်စဉ်များ (၂၆) ကြိမ် ဖြစ်ပွားခဲ့သည်။

ထိုသို့ အကြမ်းဖက်တိုက်ခိုက် လုယက်၊ ဖျက်ဆီးမှုများကြောင့် သစ်တောဝန်ထမ်း သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နိုင်ငံပိုင် အဆောက်အအုံ ကိုးလုံး၊ ပုံစံ(၈) ဝင် သစ်/ဖမ်းဆီးသစ် (ကျွန်း/ သစ်မာ/အခြား) ၄၈၉ တန်ခန့်၊ မော်တော်ယာဉ် သုံးစီး၊ ဆိုင်ကယ် ၁၈ စီး၊ လက်ကိုင်စက်လွှ ၁၁ လုံး၊ လက်ကိုင်ဖုန်း ၁၀ လုံး၊ ဘက်ထရီအိုး ကိုးလုံး၊ အင်ဂျင် ရှစ်လုံး၊ ဆက်စပ်ပစ္စည်း ၅၀ ၊ ဒိုင်နမို နှစ်လုံး၊ သက်ကြီးစိုက်ခင်းဟောင်း ၁၂ ခုမှ ကျွန်းပင် ၉၀၃၉ ပင်၊ ပျိုးဥယျာဉ် နှစ်ခုမှ (ကျွန်း/ မန်ကျည်းရှား) ပျိုးပင်ပေါင်း ၃၀၀၀၀ ၊ ကျေးရွာသုံးထင်း စိုက်ခင်း (ယူကလစ်/မဲဇလီ) ဧက ၂၀ တို့ ပျက်စီးဆုံးရှုံးခဲ့ရပြီး ခန့်မှန်းတန်ဖိုး စုစုပေါင်း ငွေ(၃၄၅, ၁၅၈,၂၀၁) ကျပ် ဆုံးရှုံးခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။**သတင်းစဉ်**

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့် အတင့်ရှိမည်

**နေပြည်တော် ဇွန် ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**


# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူအချို့ကို အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခဲ့မှု ဖြစ်စဉ်များမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးစိုင်းလင်းဇော်ကို ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်တွင် လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းကို ၂၀၂၂ ခုနှစ် မေ ၉ ရက်တွင် လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ် (၁၃) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှဦးကို ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင်လည်းကောင်း အကြမ်းဖက်သူများက ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြကြောင်းနှင့် လုပ်ကြံသတ်ဖြတ်ခဲ့သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သက်ဆိုင်ရာ နေ့ရက်အသီးသီးတွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သူ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ နယ်မြေအသီးသီးတွင် သတင်းစုံစမ်း ချိတ်ဆက်ဖော်ထုတ်ခြင်း၊ နယ်မြေများအတွင်း ပိတ်ဆို့စစ်ဆေးရှာဖွေ ဖော်ထုတ်ခြင်းများနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးစိုင်းလင်းဇော်ကို လုပ်ကြံသတ်ဖြတ်ခဲ့သူ ကျော်သီဟ (ခ) သားသား (၃၈) နှစ် (ဘ) ဦးမြင့်လှိုင်နှင့် ချစ်ကိုကို (ခ) အောင်ပုထူး (၂၉) နှစ် (ဘ) ဦးအောင်သိန်းဝင်း၊ အမှတ်(၁၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဦးကို လုပ်ကြံသတ်ဖြတ်ခဲ့သူ သန်းဝင်း (ခ) ကိုမူ (၃၉)နှစ် (ဘ) ဦးတင်၊ အမှတ် (၆) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းကို လုပ်ကြံသတ်ဖြတ်ခဲ့သူ စိုးသူ(ခ) နိုင်လင်း (ခ) အောင်ဇေယျ(ခ) အာကြီး(၃၁)နှစ် (ဘ)ဦးတင်ဦး တို့ကို ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း အသီးသီး ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။





ပြစ်မှုကျူးလွန်သူ ကျော်သီဟ(ခ)သားသားနှင့် သိမ်းဆည်းရမိသည့် ပစ္စည်းများကို တွေ့ရစဉ်။

ဖော်ထုတ်ဖမ်းဆီးရမိသူများ အပေါ် စစ်ဆေးချက်များအရ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၂) ဦးစိုင်းလင်းဇော်ကို ဇွန် ၁ ရက်တွင် ကျော်သီဟ (ခ) သားသားက ပစ္စတိုသေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ပစ္စတိုသေနတ်နှင့် ကျည် ခုနစ်တောင့်ကို ပူးပေါင်းပါဝင် ပတ်သက်သူ ပြောင်ကြီး (ခ) ကျောင်းသား (စိစစ်ဆဲ) နှင့် ချစ်ကိုကို (ခ) အောင်ပုထူး (၂၉) နှစ် (ဘ) ဦးအောင်သိန်းဝင်းတို့ထံမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ကြံသတ်ဖြတ်ရန်အတွက် ငွေကျပ် သိန်း ၂၀ ကို ၎င်းထံ ပေးအပ်ခဲ့ကြောင်း၊ လုပ်ကြံသတ်ဖြတ်သည့်နေ့တွင် ပြောင်ကြီး (ခ) ကျောင်းသားမှ လာရောက်ခေါ်ဆောင်ခဲ့ပြီး ပစ်ခတ်ရမည့်နေရာကို ရွေးချယ်ပြသခဲ့ကာ ဦးစိုင်းလင်းဇော် ကားဖြင့် ထွက်လာစဉ် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

အလားတူ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ် (၁၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှဦးကို ဇွန် ၁၆ ရက်တွင် သန်းဝင်း (ခ) ကိုမူက ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပစ္စတိုသေနတ်နှင့် ကျည် ၁၅ တောင့်အား ပူးပေါင်းပါဝင် ပတ်သက်သူ ရန်ပိုင်စိုး (ခ) သရက်သီး(စိစစ်ဆဲ) ထံမှ ရရှိခဲ့ကြောင်း၊ လုပ်ကြံသတ်ဖြတ်နိုင်ရန်အတွက် ရန်ပိုင်စိုး (ခ) သရက်သီးမှ အချက်အလက်များ ကြိုတင်စုံစမ်းပေးထားခဲ့ကြောင်း၊ အုပ်ချုပ်ရေးမှူး ပုံမှန်သွားလာသည့် အချိန်များအား အနီးကပ်လေ့လာ ကြည့်ရှုခဲ့ကြောင်း၊ သတ်ဖြတ်သည့်နေ့တွင် ငယ်ငယ်(စိစစ်ဆဲ)နှင့်အတူ ဆိုင်ကယ်ဖြင့် နောက်ယောင်ခံလိုက်၍ အနီးကပ်သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ထို့အတူ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ် (၆) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းအား မေ ၉ ရက်တွင် စိုးသူ(ခ)နိုင်လင်း (ခ) အောင်ဇေယျ (ခ) အာကြီးနှင့် ဖြိုးလေး (စိစစ်ဆဲ)၊ မျိုးလေး(စိစစ်ဆဲ)နှင့် ငယ်ငယ် (စိစစ်ဆဲ) တို့က အသင့်ယူဆောင်လာကြသော ဓားဦးချွန်နှင့် စကောဘာတို့ဖြင့် ရိုက်နှက်ထိုးခုတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ လုပ်ကြံသတ်ဖြတ်မည့်နေ့မတိုင်မီ မေ ၈ ရက်တွင် ဖမ်းဆီးရမိသူ စိုးသူ(ခ)အာကြီးနှင့် ပူးပေါင်းပါဝင်ပတ်သက်သူ လေးဦးသည် အုပ်ချုပ်ရေးမှူး၏ လှုပ်ရှားမှုများကို စောင့်ကြည့်ခဲ့ပြီး လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်များတွင် ဖမ်းဆီးရမိထားသည့် တရားခံများဖြစ်သည့် ကျော်သီဟ (ခ) သားသား၊ ချစ်ကိုကို (ခ) အောင်ပုထူး၊ သန်းဝင်း (ခ) ကိုမူနှင့် စိုးသူ(ခ) နိုင်လင်း (ခ) အောင်ဇေယျ(ခ) အာကြီးတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် ထွက်ပြေး လွတ်မြောက်လျက်ရှိသည့် ပူးပေါင်းပါဝင်ပတ်သက်ခဲ့သူများဖြစ်သည့် ပြောင်ကြီး(ခ) ကျောင်းသား၊ သရက်သီး (ခ) ရန်ပိုင်စိုး၊ ငယ်ငယ်နှင့် ဖြိုးလေးပါ သုံးဦးတို့ကို ဖမ်းဆီးရမိနိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့၌ ရန်ကုန်-မန္တလေးစာပို့ရထားကို အကြမ်းဖက်သူများက မိုင်းထောင်ဖောက်ခွဲ

**နေပြည်တော် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့၌ ရန်ကုန် - မန္တလေး စာပို့ရထားကို အကြမ်းဖက်သူများက မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ဇွန် ၂၈ ရက် ည ၉ နာရီတွင် ရန်ကုန်မှ မန္တလေးသို့ စက်ခေါင်းအမှတ် DF–2097 အမှတ်(၁) အဆန်စာပို့ရထားကို စက်ခေါင်းမောင်း ဦးအောင်မြင့်သိန်းနှင့် အကူစက်ခေါင်းမောင်း ဦးသက်ဟိန်းတို့ မောင်းနှင်လာစဉ် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ အမှတ်(၁) ရပ်ကွက်ရှိ ရထားသံလမ်းမိုင်တိုင် အမှတ် ၂၀၅/ ၁၄ နှင့် ၅ အကြား ရေနီဘူတာအဝင် တံတားအမှတ် ၃၃၈ ကို ဖြတ်သန်းမောင်းနှင်စဉ် ရထားသံလမ်းပေါ်မှ မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် မီးရထား စက်ခေါင်း ဝဲဘက်မှန်တစ်ချပ် ကွဲအက်ပျက်စီးကာ မီးရထားသံလမ်းရှိ တံတားအုတ်ခုံပေါင်တွင် အရှည် ၂ ပေ၊ အနံ ၈ လက်မခန့် ပျက်စီးခဲ့ပြီး လူထိခိုက်မှု မရှိကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိုင်းပေါက်ကွဲသည့်နေရာကို စစ်ဆေးခဲ့ရာ တံတားအောက်ခြေမှ မိုင်းထောင်ဖောက်ခွဲရာတွင် အသုံးပြုခဲ့သည့် ဝိုင်ယာကြိုးကိုက် ၄၀ ခန့်၊ မီးတိုင်တစ်ခွေ၊ ဆိုင်ကယ်ဘက်ထရီအိုးတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။





ထိုကဲ့သို့ အများပြည်သူများ ခရီးသွားလာရေး လွယ်ကူချောမွေ့စေရေးနှင့် သယ်ယူပို့ဆောင်ရေး ပိုမို လွယ်ကူစေရေးအတွက် နိုင်ငံတော်အစိုးရမှ စီစဉ်ပြေးဆွဲပေးနေသည့် ခရီးသွားလုပ်ငန်းများ ပျက်စီးစေရန် ရည်ရွယ်၍ မီးရထား သံလမ်းများအား မိုင်းထောင် ဖောက်ခွဲမှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ ရဲတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံး

**နေပြည်တော် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ ရဲတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် အိုးစုလမ်းအနီး လုံခြုံရေးရယူထားသော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ရပ်ကွက်အတွင်း လှည့်ကင်းဆောင်ရွက်ရန်အတွက် ထွက်ခွာလာစဉ် သမာဓိလမ်းထိပ်အနီးရှိ ရောဝတီဘဏ်အနီးအရောက်၌ MDY 1K–1159 Toyota Wish အဖြူရောင်ယာဉ်မောင်းနှင်လာသော အကြမ်းဖက်သူ အမျိုးသားတစ်ဦး(စိစစ်ဆဲ)က သေနတ်ဖြင့် ကိုးချက်ခန့် ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါ အကြမ်းဖက်သူ အမျိုးသားမှာ မော်တော်ယာဉ်ပေါ်မှဆင်း၍ ထွက်ပြေးသွားခဲ့သည်။ အဆိုပါ မော်တော်ယာဉ်အား သွားရောက်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်အနီး လမ်းပေါ်မှ ပစ္စတိုသေနတ် တစ်လက်၊ ၉ မမ ကျည်ခွံ ကိုးခုနှင့် မော်တော်ယာဉ်ခေါင်းခန်းအတွင်းမှ ၉ မမကျည် အတောင့် ၂၀၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ အိမ်ထောင်စုစာရင်းစာရွက်မိတ္တူ ၁ ရွက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျည်ထိမှန်ဒဏ်ရာရရှိ ကျဆုံးခဲ့သဖြင့် ၎င်းအကြမ်းဖက် တိုက်ခိုက်ခဲ့သူကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးအင်အားများ ပူးပေါင်း၍ လိုအပ်သော ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၆-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့် ရုရှားနိုင်ငံ RIA သတင်းဌာနမှ Ms. Kukushkina Tatiana တို့ တွေ့ဆုံမေးမြန်းမှုမှတ်တမ်း
**၀၉:၃၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်မှတ်တမ်း
**၁၃:၀၀** မြန်မာနိုင်ငံအရေးအလေးအနက် တွေးသူတစ်ဦးရဲ့စကားသံများ 'ဦးမိုးဟိန်းနှင့်တွေ့ဆုံခြင်း' (အပိုင်း-၅၈)
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သမိုင်းဘာသာရပ်'
**၁၆:၃၅** ခေတ်အဆက်ဆက်မြန်မာအမျိုးသမီး များ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု(အပိုင်း-၄) (ရတနာပုံခေတ်)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** ရွှေပြည်အမရသာပေစွ
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါင်ဆောင်ရာ' (အပိုင်း-၁၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဝဿာန်ခါမီ တေးသံသီ ဖျော်ဖြေမှုအစီအစဉ်
**၂၁:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နတ်ဆိုးပလေးရဲ့ကိုယ်ရံတော်' (အပိုင်း-၁၅)

### mitv

**07:01** News
**07:27** Kayah
**07:34** To The Land Of Countless Temples - Bagan Trip (Ep-2)
**07:56** Dances of Myanmar (Akha Traditional Dance)
**08:01** Mahavihara: From Forest Monastery to Dhamma-Vinnya University (Part-1)
**08:35** Myanmar Traditional Art, Silversmith
**08:38** Art Designer Nay Chi Win Lai Yee
**09:01** Next Generation "Skater"
**09:10** Rakhine Tourist Area
**09:42** Chef Life: Thit Htoo
**09:54** Golden Mandalay Hill
**11:01** Water Hyacinth and Rattan Products

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ကချင်တစေးနှင့်စပီပြုလုပ်ပုံ
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကေတုမတီတောင်ငူမြို့သို့ အလည်တစ်ခေါက်(အပိုင်း-၁)
**ဝကေကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၈)
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၄)
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ပြောင်းဖူးခြောက်ပြုတ်နည်း
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်းရိုးရာဆေးအိုး/ဆေးတံအကြောင်း
**မွန် (၁၅:၀၀ မှ ၁၈:၀၀)**
ရာသီအလိုက်မွန်ရိုးရာပွဲတော်များ
**ရခိုင် (၁၈:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၄)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပင်လောင်းရှမ်းစက္ကူ
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ကြက်သွန်ဖြူနှင့်ကျန်းမာရေး

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel**
MRTV FARMERS' CHANNEL ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
**Education Channel**
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက် များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# မြေသားရေလှောင်ကန်ကို ပြင်ဆင်ခြင်းနှင့် စင်မြင့်ရေကန်တည်ဆောက်ပြီးစီးနေမှုအား ကြည့်ရှုစစ်ဆေး

**ထားဝယ် ဇွန် ၂၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူးတို့ကျေးရွာတွင် သောက်သုံးရေ အလုံအလောက် ရရှိစေရန် ရည်ရွယ်၍ မြေသားရေလှောင်ကန်အား ပြင်ဆင်ခြင်းနှင့် စင်မြင့်ရေကန် တည်ဆောက်ပြီးစီးနေမှုကို ယမန်နေ့က တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးရဲခေါင်က မြေသားရေကန် တိုးချဲ့ပြင်ဆင်ခြင်းနှင့် စင်မြင့်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုကို စံချိန်စံညွှန်းနှင့်အညီ ကိုက်ညီမှု ရှိ/ မရှိကြည့်ရှုစစ်ဆေးပြီး ရွာသူ ရွာသားများအား ရေပေးရေး လုပ်ငန်းနှင့် ပတ်သက်၍ ရေရှည် တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်း ထိန်းသိမ်းကြစေလိုကြောင်း မှာကြားသည်။

ရေပေးရေး လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြေသားရေကန်တိုးချဲ့ခြင်းလုပ်ငန်းကို မွမ်းမံရန်ပုံငွေဖြင့် ခွင့်ပြုငွေကျပ် သန်း ၄ ဒသမ ၈၀ နှင့် စင်မြင့်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းအား တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ကျေးရွာရှိ အိမ်ခြေ ၂၅၄ အိမ်၊ လူဦးရေ ၁၇၇၉ ဦးအား အကျိုးပြုစေမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစ်မင်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ဝက်မွေးမြူရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၆ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၃၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၄ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၁ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၀ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၄၄၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၅၈ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၈ . ၈၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၉ . ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၇၃၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၁၂၆၇ | ၁၁၃၉၈၃၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၂၂၈ | ၇၉၉၀၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၁ | ၁၀၂၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၂၄၇ | ၆၆၉၇၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တရားရုံးကဦးဆောင်သည့် (Court-Led Mediation) ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ

ဦးကျော်ကျော် (တရားရေး)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" ဟူသော ဆောင်ပုဒ်ဖြင့် ငါးနှစ်တာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ စီမံကိန်း၏ ပန်းတိုင်အဖြစ် လူတိုင်းသို့အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ဟူသည့် ရည်မှန်းချက်(၂)ရပ် ထားရှိပါသည်။ စီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရေးအတွက် နှစ်စဉ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာ လုပ်ငန်းနယ်ပယ်(၅)ရပ်ဖြစ်သည့် တရားရုံးဝန်ဆောင်မှုများ အများပြည်သူ လက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊ အများပြည်သူ၏အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှုစွမ်းရည် မြှင့်တင်ရန်၊ တရားစီရင်ရေး၏ပညာရပ် ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်၊ ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်ဟူ၍ မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၅)ရပ် သတ်မှတ်ထားပါသည်။

မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၅)ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှုအစီအစဉ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်အကောင်အထည်ဖော်ခဲ့ရာ ထိုက်သင့်သည့်အောင်မြင်မှုများလည်း ရရှိနေပြီဖြစ်ပါသည်။

**စနစ်တကျဖြည့်ဆည်းပေးရန် ဆောင်ရွက်**

မဟာဗျူဟာစီမံကိန်းအရ မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးရေးကို ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် တရားရုံးပေါင်း ၂၆ ရုံး၊ ၂၀၁၉ ခုနှစ်တွင် တရားရုံးပေါင်း ၄၈ ရုံး၊ ၂၀၂၀ ပြည့်နှစ်တွင် တရားရုံးပေါင်း ၁၃၄ ရုံးတို့တွင် မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်တွင်လည်း ခရိုင်တရားရုံး ၂၂ ရုံးနှင့် မြို့နယ်တရားရုံး ၁၀၄ ရုံးတို့ကို မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးသည့် တရားရုံးများအဖြစ် တိုးချဲ့အကောင်အထည်ဖော်မည်ဖြစ်ရာ တစ်နိုင်ငံလုံးတွင် စုစုပေါင်း ၃၃၄ ရုံးအထိ ရှိလာမည်ဖြစ်ပါသည်။ မှုခင်းစီမံခန့်ခွဲမှုစနစ်အပြင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကိုလည်း ရှေ့ပြေးအစီအစဉ်အဖြစ် အကောင်အထည်ဖော်လျက်ရှိရာ အများပြည်သူအတွက် တရားမျှတမှု လက်လှမ်းမီရေးကို စနစ်တကျဖြည့်ဆည်းပေးရန် ဆောင်ရွက်လျက်ရှိသည်မှာ မြင်သာပါသည်။

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုသည်မှာ တရားရုံး၌ စွဲဆိုပြီးဖြစ်သော တရားမမှုအားအမှုသည်တို့၏ ဆန္ဒအရဖြစ်စေ၊ သတ်မှတ်ချက်အရဖြစ်စေ တရားရုံးရှိ စေ့စပ်ဖြေရှင်းရေးဌာန၌ အမှုသည်များကိုယ်တိုင်ပါဝင်ပြီး စေ့စပ်ဖြေရှင်းရာတွင် တရားရုံးက တာဝန်ပေးအပ်သည့် စေ့စပ်ဖြေရှင်းရေးအရာရှိတစ်ဦးက အမှုသည်များအကြား ကြားဝင်ကူညီဆောင်ရွက်ပေးခြင်းဖြင့် အငြင်းပွားမှုကို ဖြေရှင်းခြင်းဖြစ်သည်။

**အသိအမှတ်ပြုခြင်းဟူသော အခြေခံမူများနှင့်အညီ**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို (၁) သတ်မှတ်ထားသည့်အမှုအမျိုးအစားများမှအပ ကျန်တရားမမှုများအား အမှုသည်တို့၏ဆန္ဒအရ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း၊ (၂) စေ့စပ်ဖြေရှင်းရေးတွင် မပါဝင်လိုတော့ကြောင်း (သို့မဟုတ်) စေ့စပ်ဖြေရှင်းရေးကို ဆက်လက်မဆောင်ရွက်လိုတော့ကြောင်း အမှုသည်တစ်ဖက်ဖက်က (သို့မဟုတ်) နှစ်ဖက်အမှုသည်များက စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့် မည်သည့်အဆင့်တွင်မဆို ထုတ်ဖော်ပြောကြားလာသည့်အခါ စေ့စပ်ဖြေရှင်းရေးအရာရှိက အမှုသည်တို့၏ ဆန္ဒအရ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်မှုကို အပြီးသတ်ခွင့်ပြုခြင်း၊ (၃) စေ့စပ်ဖြေရှင်းရေးလုပ်ငန်းစဉ်တစ်လျှောက်တွင် အမှုသည်များ နားလည်ရလွယ်ကူပြီး၊ ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် ရိုးရှင်းသော လုပ်ထုံးလုပ်နည်းများကိုအသုံးပြုခြင်း၊ (၄) စေ့စပ်ဖြေရှင်းရေးဆောင်ရွက်စဉ် အမှုသည်တို့၏ပြောကြားချက်များ၊ တင်ပြသည့်အထောက်အထားများ၊ ညှိနှိုင်းချက်များ၊ ဝန်ခံချက်များကို အမှုသည်တို့၏ သဘောတူညီချက်မပါဘဲ ထုတ်ဖော်ပြောကြားခြင်းမပြုဘဲ လုံခြုံစွာ ထိန်းသိမ်းထားရှိခြင်း၊ (၅) စေ့စပ်ဖြေရှင်းရေး အရာရှိသည် လုပ်ငန်းစဉ်တစ်လျှောက် ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျကျ ကျင့်ဝတ်နှင့်အညီဆောင်ရွက်ခြင်း၊ (၆) နှစ်ဖက်အမှုသည်များက သဘောတူလက်ခံသည့် သဘောတူညီချက်ကိုသာ စေ့စပ်ဖြေရှင်းရေး သဘောတူညီချက်အဖြစ် အသိအမှတ်ပြုခြင်းဟူသော အခြေခံမူများနှင့်အညီ ဆောင်ရွက်လျက် ရှိပါသည်။

"တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး" ဆောင်ရွက်သည့် စေ့စပ်ဖြေရှင်းရေးဌာနသည် တရားရုံး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ယင်းဌာနသည် တရားရုံးကလွှဲအပ်သည့် တရားမမှုများကိုသာ စေ့စပ်ဖြေရှင်းရန်လက်ခံဆောင်ရွက်နိုင်ပြီး အမှုသည်တို့က စေ့စပ်ဖြေရှင်းပေးရန် တိုက်ရိုက်လျှောက်ထားလာသည့် တရားမမှုများကို လက်ခံဆောင်ရွက်နိုင်ခွင့်မရှိပါ။

တရားရုံးသို့ စတင်စွဲဆိုတင်ပို့လာသော တရားမမှုများအနက် မိသားစုဆိုင်ရာ အငြင်းပွားမှုများ၊ ငွေကြေးဆိုင်ရာ အငြင်းပွားမှုများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများသည် အမှုမစစ်ဆေးမီအဆင့်တွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် သတ်မှတ်ထားသောအမှုများဖြစ်ပါသည်။

◆ စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ် စတင်ကျင့်သုံးသည့် အချိန်တွင် ယင်းတရားရုံးရှိ စစ်ဆေးဆဲတရားမမှုများနှင့် စပ်လျဉ်း၍လည်း အမှုသည်များက ၎င်းတို့၏သဘောဆန္ဒအလျောက် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်လိုကြောင်း တင်ပြလာသည့်အခါ အမှုစစ်တရားသူကြီးသည် ယင်းအမှုအား သတ်မှတ်ချက်နှင့်အညီ စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲပြောင်းပေးအပ်၍ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်နိုင်

အထက်ပါအမှုအမျိုးအစားတွင် မပါဝင်သော်လည်း အမှုသည်တို့က ၎င်းတို့၏ သဘောဆန္ဒအလျောက် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်လိုကြောင်း တရားရုံးတွင် တင်ပြလာသည့်အခါ အမှုစစ်တရားသူကြီးသည် ယင်းအမှုအား သတ်မှတ်ချက်နှင့်အညီ စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲပြောင်းပေးအပ်၍ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နိုင်ပါသည်။

စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ် စတင်ကျင့်သုံးသည့် အချိန်တွင် ယင်းတရားရုံးရှိ စစ်ဆေးဆဲတရားမမှုများနှင့် စပ်လျဉ်း၍လည်း အမှုသည်များက ၎င်းတို့၏သဘောဆန္ဒအလျောက် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်လိုကြောင်း တင်ပြလာသည့်အခါ အမှုစစ်တရားသူကြီးသည် ယင်းအမှုအား သတ်မှတ်ချက်နှင့်အညီ စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲပြောင်းပေးအပ်၍ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်နိုင်ပါသည်။

စေ့စပ်ဖြေရှင်းရေးအရာရှိသည် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရာတွင် လွတ်လပ်စွာဆောင်ရွက်မှု၊ သာတူညီမျှရှိမှု၊ သမာသမတ်ကျမှု၊ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ချက်များ၏ လုံခြုံမှုဟူသော ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြရပါသည်။

**အထောက်အကူဖြစ်စေနိုင်ခြင်း**

တရားမမှုများကို စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ခြင်းအားဖြင့် အမှုသည်များနှင့် တရားရုံးတို့သည်(၁) အမှုသည်များသည် မိမိတို့အမှန်တကယ် အငြင်းပွားနေသည့် ပြဿနာအပေါ် မိမိတို့ကိုယ်တိုင် ညှိနှိုင်းဖြေရှင်း အဖြေရှာရခြင်းဖြစ်သည့်အတွက် စေ့စပ်ဖြေရှင်းရေး ရလဒ်အပေါ် စိတ်ကျေနပ်မှုမြင့်မားစေနိုင်ခြင်း၊ (၂) စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်စဉ် အချင်းချင်းညှိနှိုင်း အဖြေရှာခြင်းအားဖြင့် နှစ်ဖက်အမှုသည်များအကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေနိုင်ခြင်း၊ (၃) စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့်လုပ်ထုံးလုပ်နည်းသည် ရိုးရှင်းလွယ်ကူသည့်အတွက် လုပ်ငန်းစဉ်တစ်လျှောက် အမှုသည်များ လွယ်ကူသက်သာစွာ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ခြင်း၊ (၄) အမှုသည်များအနေဖြင့် မိမိတို့လျှို့ဝှက်ထားလိုသည့် အကြောင်းအရာများ၊ အထောက်အထားများကို အခြားသူများမသိရှိစေဘဲ လုံခြုံစွာထိန်းသိမ်းထားရှိနိုင်ခြင်း၊ (၅) စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အခါ အမှုသည်များအနေဖြင့် ၎င်းတို့၏အငြင်းပွားမှုကို အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဖြေရှင်းပြီးစီးနိုင်ခြင်း၊ (၆) စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အခါ တရားရုံးရှိ တရားမမှုလက်ကျန် လျော့ကျရေးကို အထောက်အကူဖြစ်စေနိုင်သည့်အပြင် တရားမမှုများ လျင်မြန်စွာ ပြီးပြတ်ရေးကိုလည်း အထောက်အကူဖြစ်စေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

**စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူး**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်းကို စမ်းသပ်အစီအစဉ်အနေဖြင့် တောင်ငူခရိုင်တရားရုံး၊ တောင်ငူမြို့နယ်တရားရုံး၊ ဒက္ခိဏခရိုင်တရားရုံးနှင့် တပ်ကုန်းမြို့နယ် တရားရုံးများတွင် ၂၀၁၉ ခုနှစ် မတ်လ ၁ ရက်နေ့မှ စတင်၍လည်းကောင်း၊ ဒက္ခိဏခရိုင်အတွင်းရှိ ပျဉ်းမနားမြို့နယ် တရားရုံး၊ လယ်ဝေးမြို့နယ်တရားရုံး၊ ဒက္ခိဏမြို့နယ်တရားရုံး၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၊ ဇမ္ဗူသီရိမြို့နယ် တရားရုံး၊ ဥတ္တရသီရိမြို့နယ် တရားရုံးများတွင်လည်း ၂၀၂၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့မှစတင်၍လည်းကောင်းစမ်းသပ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်နေ့မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနများ ဖွင့်လှစ်၍ဖွဲ့စည်းထားပြီး တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နေပါသဖြင့် တရားမမှုခင်း ရင်ဆိုင်နေကြရသည့် ပြည်သူများအနေဖြင့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများကို သိရှိခံစားနိုင်ကြစေရန် အသိပေး ရေးသားတင်ပြအပ်ပါသည်။ ။

## အခွန်ကြေညာလွှာတင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာများ

၁။ သက်ဆိုင်ရာအခွန်ဥပဒေများအရ အခွန်ကြေညာလွှာ နောက်ဆုံးထားတင်သွင်းရမည့် နေ့ရက်များကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

| စဉ် | အခွန်ကြေညာလွှာအမျိုးအစား | နောက်ဆုံးထားတင်သွင်းရမည့်နေ့ |
|---|---|---|
| က | ဝင်ငွေခွန်ကြေညာလွှာ | ဝင်ငွေနှစ်ကုန်ဆုံးပြီး(၃)လအတွင်း၊ |
| ခ | အခြေပစ္စည်းမှမြတ်စွန်းငွေကြေညာလွှာ | ရောင်းချ/လဲလှယ်/လွှဲပြောင်းသည့်နေ့မှ ရက်ပေါင်း(၃)လအတွင်း၊ |
| ဂ | ကုန်သွယ်လုပ်ငန်းခွန်နှစ်ချုပ်ကြေညာလွှာ | ဘဏ္ဍာနှစ်ကုန်ဆုံးပြီး(၃)လအတွင်း၊ |
| ဃ | သုံးလပတ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာ | သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး နောက်(၁)လအတွင်း၊ |
| င | သုံးလပတ်အထူးကုန်စည်ခွန်ကြေညာလွှာ | သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး (၁၀) ရက်အတွင်း။ |

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် သက်ဆိုင်ရာအခွန်ဥပဒေများအရ အခွန်ကြေညာလွှာ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်းမရှိပါက အချိန်တိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည့်အခွင့်အရေး ရှိပါသည်။

၃။ လျှောက်ထားရာတွင် ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားရမည်ဖြစ်ပြီး သာမန်အားဖြင့်(၁၅)ရက်ထက်မပိုသောကာလအထိ တိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပါသည်။ ယင်းကာလထက်ပိုမိုလိုအပ်ပါက လုံလောက်သော အကြောင်းအရာများ၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အခွန်ထမ်းပြည်သူများအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ အခွန်ကြေညာလွှာ တင်သွင်းရမည့်ရက်ကို တိုးမြှင့်ပေးရန် လျှောက်လွှာတင်သွင်းခြင်းဖြစ်ပါက ၎င်းလျှောက်လွှာကို လက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းအား သက်ဆိုင်ရာအခွန်ရုံးထံမှ ရယူရမည်ဖြစ်ပါသည်။ အချိန်တိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် ခွင့်ပြုကြောင်း သို့မဟုတ် ခွင့်မပြုကြောင်း အကြောင်းကြားစာကို လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာအခွန်ရုံးမှ အကြောင်းပြန်ကြားမည်ဖြစ်ပါသည်။

၅။ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ အခွန်ကြေညာလွှာတင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားလိုပါက သတ်မှတ်လျှောက်လွှာပုံစံကို **https://www.ird.gov.mm/sites/default/files/TAL_24_ Filing_Date_ Extension_Form.pdf** မှ ရယူ၍ မိမိတို့ အခွန်ပေးသွင်းနေသည့်အခွန်ရုံးများသို့ လျှောက်ထားနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

## အခွန်ပေးဆောင်ရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာများ

၁။ သက်ဆိုင်ရာအခွန်ဥပဒေများအရ အခွန်ပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးထားပေးသွင်းရမည့် နေ့ရက်များကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

| စဉ် | ပေးသွင်းရမည့်အခွန်အမျိုးအစား | နောက်ဆုံးထားပေးသွင်းရမည့်နေ့ |
|---|---|---|
| က | သုံးလတစ်ကြိမ်ဝင်ငွေခွန်ပေးသွင်းခြင်း | သုံးလပြည့်မြောက်သည့်ရက်မှ (၁၀) ရက်အတွင်း၊ |
| ခ | အခြေပစ္စည်းမှမြတ်စွန်းငွေခန့်မှန်း တွက်ချက်ပေးသွင်းခြင်း | ရောင်းချ/လဲလှယ်/လွှဲပြောင်းသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း၊ |
| ဂ | လစဉ်ကုန်သွယ်လုပ်ငန်းခွန် | သက်ဆိုင်ရာလကုန်ဆုံးပြီး(၁၀)ရက်အတွင်း၊ |
| ဃ | လစဉ်အထူးကုန်စည်ခွန် | သက်ဆိုင်ရာလကုန်ဆုံးပြီး(၁၀)ရက်အတွင်း၊ |
| င | စည်းကြပ်မှုအရကျသင့်အခွန် | စည်းကြပ်မှုပြုလုပ်သည့်နေ့မှ(၁၄)ရက်အတွင်း သို့မဟုတ် စည်းကြပ်မှုအကြောင်းကြားစာပါ သတ်မှတ်ရက်။ |

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် သက်ဆိုင်ရာအခွန်ဥပဒေများအရ အခွန်ပေးသွင်းခြင်းနှင့် စပ်လျဉ်း၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ပေးသွင်းနိုင်ခြင်းမရှိပါက အချိန် တိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည့် အခွင့်အရေးရှိပါသည်။

၃။ လျှောက်ထားရာတွင် အခွန်ပေးသွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားရမည်ဖြစ်ပြီး ပေးဆောင်ရမည့် အခွန်ငွေပမာဏနှင့် ဒဏ်ကြေးငွေအား တစ်လုံးတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ပေးသွင်းရန် တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အခွန်ထမ်းပြည်သူများအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ အခွန်ပေးသွင်းရမည့်ရက်ကို တိုးမြှင့်ပေးရန် လျှောက်လွှာတင်သွင်းခြင်းဖြစ်ပါက ၎င်းလျှောက်လွှာကို လက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းအား သက်ဆိုင်ရာအခွန်ရုံးထံမှ ရယူရမည်ဖြစ်ပါသည်။ အချိန်တိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် ခွင့်ပြုကြောင်း သို့မဟုတ် ခွင့်မပြုကြောင်း အကြောင်းကြားစာကို လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း သက်ဆိုင်ရာအခွန်ရုံးမှ အကြောင်းပြန်ကြားမည်ဖြစ်ပါသည်။

၅။ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၄၊ ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့်နေ့ရက်ထက်ကျော်လွန်၍ အခွန်ပေးဆောင်ရမည့်ရက်တိုးမြှင့်ပေးရန် လျှောက်ထားလိုပါက သတ်မှတ်လျှောက်လွှာပုံစံကို **https://www.ird.gov.mm/sites/default/files/TAL_44_ Payment Date_Extension_Form.pdf** မှ ရယူ၍ မိမိတို့အခွန်ပေးသွင်းနေသည့်အခွန်ရုံးများသို့ လျှောက်ထားနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

## ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း တို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄၃ စီး၊ သွင်းကုန် ၈၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၄၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် ပြည်ထောင်စုလမ်းမကြီးပေါ်၌ လှည့်လည်စစ်ဆေးစဉ် ဖိုင်မောက်ရွာအနီးရှောင်ကွင်းလမ်းအတွင်းရှိ သစ်ပင်အနီး၌ ရှောင်ကွင်းသယ်ဆောင်ရန်စုပုံထားသော တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် တရုတ်စာတန်းပါ (Compound fertilizer)(1bag x 40kg) 70 bags နှင့် အပင်ပိုးသတ်ဆေး (14) မျိုး (44 Pkg) စုစုပေါင်းတားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၉၈ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ ကျောဖုံးမှ

ပွဲထွက်လာသည့် အတွက် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ဦးဆောင်ဂိုးကို ဆွစ်ဇာလန်အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၁၅ မိနစ်တွင် ဆီဖာရိုဗစ်က သွင်းယူခဲ့သည်။ ပြင်သစ်အသင်းသည် ပထမပိုင်းတွင် ဆွစ်ဇာလန်အသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်နေခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၅၅ မိနစ်တွင် ဆွစ်ဇာလန်အသင်း ပယ်နယ်တီ ကန်ခွင့်ရရှိခဲ့ပြီး ရီကာဒိုရိုဒရီဂွက်ဇ်ကန်သွင်းသော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိပေ။

ထို့နောက် ပြင်သစ်အသင်းအနေဖြင့် ဆွစ်ဇာလန်အသင်းဘက်သို့ ဖိအားပေးကစားခဲ့ပြီး ချေပဂိုး သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၅၇ မိနစ်တွင် အမ်ဘက်ပီ၏ ဖန်တီးပေးမှုမှ တစ်ဆင့် ဘင်ဇီမာက သွင်းယူပေးနိုင်ခဲ့သည်။ မကြာမီတွင် ဂရစ်ဇ်မန်း၏ ဖန်တီးပေးမှုမှ တစ်ဆင့် ဘင်ဇီမာကပင် ဂိုးထပ်မံသွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၇၅ မိနစ်တွင် ပြင်သစ်အသင်း တတိယဂိုးရရှိခဲ့ပြီး ပေါ့ဂ်ဘာက သွင်းယူပေးသည်။

ပွဲချိန် ၈၁ မိနစ်တွင် ဆီဖာရိုဗစ်က ဆွစ်ဇာလန်အတွက် ဒုတိယချေပဂိုး သွင်းယူပေးသည်။ ဆွစ်ဇာလန်အတွက် တတိယချေပဂိုးကို ပွဲပြီးခါနီးတွင် ဂါဗာနိုဗစ်က သွင်းယူပေးနိုင်ခဲ့သည်။ ပွဲအပြီး တစ်ဖက်သုံးဂိုးစီသရေကျနေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပိုတွင်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပယ်နယ်တီ အဆုံးအဖြတ် ခံယူခဲ့ရသည်။

ပယ်နယ်တီအဆုံးအဖြတ်တွင် ဆွစ်ဇာလန်ကစားသမားများ ဂိုးဝင်အောင် သွင်းယူနိုင်ခဲ့သော်လည်း ပြင်သစ်အသင်းမှ အမ်ဘက်ပီ ကန်သွင်းမှုကို ဂိုးသမားက ကာကွယ်နိုင်ခဲ့သဖြင့် ငါးဂိုး-လေးဂိုးဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ ဆွစ်ဇာလန်အသင်းသည် ဇူလိုင် ၂ ရက်ကွာတားဖိုင်နယ်တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

❋ ကျောဖုံးမှ

၂၀၂၂ အာရှဖလား ယူ-၂၃ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် ၄၆ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အရှေ့အာရှဇုန်တွင် ၂၂ သင်း၊ အနောက်အာရှဇုန်တွင် ၂၄ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်တွင် အရှေ့အာရှဇုန် Pot-1 တွင်တောင်ကိုရီးယား၊ ဩစတြေးလျ၊ ထိုင်း၊ မြောက်ကိုရီးယား၊ ဗီယက်နမ်၊ Pot-2 တွင် ဂျပန်၊ တရုတ်၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ Pot-3 တွင် ဟောင်ကောင်၊ အင်ဒိုနီးရှား၊ လာအို၊ တီမော၊ ကမ္ဘောဒီးယား၊ Pot-4 တွင် တရုတ်တိုင်ပေ၊ မွန်ဂိုလီးယား၊ ဖိလစ်ပိုင်၊ မကာအို၊ ဘရူနိုင်း၊ မြောက်မာရီယာနာကျွန်းစု၊ ဂူအမ်၊ အနောက်အာရှဇုန် Pot-1 တွင် ဆော်ဒီအာရေဗျ၊ ဥဇဘက်ကစ္စတန်၊ ဆီးရီးယား၊ ဂျော်ဒန်၊ ယူအေအီး၊ အီရန်၊ Pot-2 တွင် အီရတ်၊ ကာတာ၊ ဘာရိန်း၊ တာဂျစ်ကစ္စတန်၊ အိုမန်၊ ပါလက်စတိုင်း၊ Pot-3 တွင် ဘင်္ဂလားဒေ့ရှ်၊ အာဖဂန် နစ္စတန်၊ လက်ဘနွန်၊ ကူဝိတ်၊ တာ့ခ်မင်နစ္စတန်၊ ယီမင်၊ Pot-4 တွင် အိန္ဒိယ၊ ကာဂျစ္စတန်၊ နီပေါ၊ မော်လ်ဒိုက်၊ သီရိလင်္ကာနှင့် ဘူတန်အသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် အကြိမ်တိုင်း ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုံးကျင်းပသည့် ၂၀၁၄ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရခဲ့သော်လည်း ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၂၀ ပြိုင်ပွဲတို့တွင် ခြေစစ်ပွဲမအောင်ခဲ့ပေ။ မြန်မာအသင်းသည် ခြေစစ်ပွဲမအောင်သည့်သုံးကြိမ်တွင် အုပ်စုဒုတိယနေရာရသော်လည်း သတ်မှတ်ထားသည့် အကောင်းဆုံးအသင်း အရေအတွက်အတွင်း မဝင်သဖြင့် နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်မရခဲ့ခြင်းဖြစ်သည်။ ယင်းခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂၊ ယူ-၂၃ အသင်းကို နည်းပြချုပ်အဖြစ် ဘူလ်ဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်က ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲပြီးပါက ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲနှစ်ခုအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# သတိပြုစားသုံးသင့်သော အချိုမှုန့်(ဟင်းချိုမှုန့်)

ဒေါက်တာ မြင့်သန်း(ညောင်လေးပင်)

ရှေးတရုတ်လူမျိုးတို့က လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ခန့်ကပင် အစားအစာများတွင် အရသာထူးကဲစေရန် ဟင်းခပ်စရာအချို့ကို သုံးစွဲလေ့ရှိခဲ့ကြသည်။ Seaweeds ခေါ်ကျောက်ပွင့်၊ ကျောက်ခက်၊ ပင်လယ်ရေညှိ စသည့်ပင်လယ်ထွက်ပေါက်ပင်တို့မှ ဂလူတာမစ်အက်စစ် (glutamic acid) ထုတ်ယူနည်းကိုလည်း တွေ့ရှိခဲ့ကြသည်။ Liquid nutrient medium ခေါ် အာဟာရအရည် ကြားခံပစ္စည်းတွင် အချဉ်ဖောက်ခြင်း (Fermentation) ဖြင့် ဂလူတာမစ်အက်စစ်ကိုရရှိပြီး ၉၉ ရာခိုင်နှုန်း သန့်စင်သော ဂလူတာမစ်အက်စစ်နှင့် ဆိုဒီယမ်ဆားဓာတ်တို့ ပေါင်းစပ်လိုက်သော် MSG (Monosodium Glutamate) ခေါ် ဟင်းချိုမှုန့် အချိုမှုန့်ကို ရရှိပါသည်။ ယင်းသည် ထူးကဲသောအရသာကို ဖြစ်ပေါ်စေပါသည်။ ကြံ၊ ပီလောပီနံ့ဥ၊ မုန်လာဥနီ၊ တင်လဲရည် စသည်တို့မှလည်း ထုတ်ယူလေ့ရှိ ကြသည်။

MSG ကို ဂျပန်လူမျိုး ဇီဝဓာတုပညာရှင် Kikunae Ikeda က ၁၉၀၈ ခုနှစ်က ဂျပန်ရိုးရာ စွပ်ပြုတ်များတွင် ခံစားရသော kombu အမည်ရှိအရသာနှင့် ဆင်တူခံစားနိုင်သော အရသာကို ပင်လယ်ရေညှိတို့မှ ထုတ်ယူခဲ့သည်။

**MSG(Monosodium Glutamate)**

$C_3H_8NNa_{04}$ မိုနိုဆိုဒီယမ်ဂလူတာမိတ်သည် ဂလူတာမစ်အက်စစ်၏ ဆိုဒီယမ်ဆား (Sodium salt of glutamic acid) ဖြစ်ပြီး အဖြူရောင်အမှုန့်အဖြစ် တွေ့နိုင်ပါသည်။ ဂလူတာမစ်အက်စစ်သည် အော်ဂဲနစ်ဒြပ်ပေါင်းတစ်မျိုးဖြစ်ပြီး ကာဗွန်အက်တမ်များဖြင့် ဖွဲ့ထားသည်။ MSG တွင် D–Glutamic acid, pyroglutamic acid, L–glutamic acid တို့လည်း ပါဝင်ပါသည်။ အချိုမှုန့်(MSG)၏အရသာသည် အချို၊ အငန်၊ အချဉ်၊ အခါး စသည့် အဓိကအရသာခံစားမှုများတွင် မပါဘဲ ထူးခြားသောအရသာရှိသဖြင့် ယူမာမီ (Umami) ဟု ခေါ်ကြောင်း သိရသည်။ တရုတ်စကား Xien Wai မှလာသည်ဟုလည်း ဆိုသည်။ အင်္ဂလိပ်စကားလုံးမှာ savory ,broth– like or meaty taste စသည်ဖြင့် စွဲလမ်းနှစ်သက်ဖွယ် အရသာထူးခံစားရစေသည်ကို ဆိုလိုပါသည်။ အစားအစာများတွင် ထည့်သုံးပါက စားသုံးသူတို့ နှစ်သက်ကြရုံမက စွဲလမ်းတမ်းတမှုကိုပါ ဖြစ်သဖြင့် မလွတ်တမ်းသုံးစွဲလာကြပါသည်။ အရသာခံစားမှု ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်သည့် Chaudhari က လူ့လျှာတွင် MSG ကို ခံစားနိုင်သည့် အရသာခံအဖုငယ်ကလေးများ (taste buds) ပင်ရှိနေပြီဟု ဆိုပါသည်။ ထိုအရသာ ထူးကိုရရှိစေသည့် အဓိကပါဝင်သည့်ပစ္စည်းသုံးမျိုး Umami substances မှာ ဂလူတာမိတ် (glutamate)၊ 5–inosinate, 5–guanylate တို့ဖြစ်ကြပြီး ဂျပန်ပညာရှင်တို့က စတင်တွေ့ရှိခဲ့သည်။ ၁၉၀၀ ပြည့်နှစ်များနောက်ပိုင်းတွင် စားသုံးသင့်ကြောင်း ထောက်ခံမှုများရှိလာကာ ကမ္ဘာအနှံ့ ကျယ်ပြန့်စွာ သုံးစွဲလာခဲ့ကြသည်။ ယင်းကိုသုံးစွဲခြင်းကြောင့် အန္တရာယ်ကင်းပါ၏ လောဆိုသည့် သံသယများက လွန်ခဲ့သောနှစ်အနည်းငယ်ကပင် ဖြစ်ပေါ်လာခဲ့သည်။





Figure 3: Industrial Production of Monosodium Glutamate by Fermentation.

ကြံမှတစ်ဆင့်အချိုမှုန့်ကို အဆင့်ဆင့်ထုတ်ယူနိုင်ပုံ။

ယင်းကြောင့် ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ IBS Irritable Bowel Syndrome ခေါ် မကြာခဏဝမ်းလျှောခြင်း၊ ရင်ကျပ်ပန်းနာရှိသူများတွင် ရောဂါထလာစေခြင်း၊ panic attacks ခေါ် ကြောက်တတ်သည့်စိတ်များဖြစ်လာခြင်းတို့ကို တွေ့ရှိလာရသည်။ Wistar rats ခေါ် စမ်းသပ်ခံကြွက်ငယ်များတွင် fibroid ခေါ်သားအိမ် အသားလုံးများဖြစ်လာသည်ကို တွေ့ရသည်။ ထို့ပြင် total protein ပရိုတင်းဓာတ်တက်လာခြင်း၊ ကိုလက်စထရော၊ အီစထရိုဂင်တို့ပါ များလာခြင်း၊ ယင်းတို့ကြောင့် Fibroid အသားလုံးများ ဖြစ်ပေါ်ခြင်းနှင့် ဆက်စပ်နိုင်ကြောင်း ယူဆကြပါသည်။ ထိုစမ်းသပ်ခံ ကြွက်ငယ်တို့တွင် MSG အနည်းငယ် (5mg/kg)ကျွေးပြီး စမ်းသပ်ရာ အသည်းကိုထိခိုက်မှုရှိကြောင်း တွေ့ရသည်။ MSG ကြောင့် သွေးခဲစေသော သွေးဖြူ Platelets များပြားလာခြင်း၊ သွေးထွက်မှုနှင့် သွေးခဲမှုကြာမြင့်ချိန် (Bleeding and Clotting time) တို့ ပိုမိုကြာမြင့်လာကြောင်း၊ Oxidative Stress ခေါ် ဇီဝဖြစ်စဉ်အပေါ် ဖိစီးမှုမြင့်မားလာမှုကြောင့် သွေး အတွင်းရှိ အချိုဓာတ်မြင့်တက်လာကြောင်း၊ ကျောက်ကပ်ရှိ တစ်သျှူးများ ထိခိုက်စေနိုင်ကြောင်း စသည်တို့ကိုလည်း တွေ့ရှိရသည်။ နိုင်ဂျီး ရီးယားနိုင်ငံရှိ (IS,KC,SMC, BS) ကုမ္ပဏီထုတ် အချိုမှုန့်တို့ကို စားသုံးသူများတွင် လိင်ပိုင်းဆိုင်ရာဟော်မုန်းများ (Testosterone, Estrogen, Progesterone)စသည်တို့ လျော့ကျသွားကြောင်း၊ လေ့လာသူ Nwajei ဆိုသူက ဆိုပါသည်။ Wistar albino rats ကြွက်ဖြူများတွင် လေ့လာရာတွင်လည်း ယင်းသို့ဖြစ်ပေါ်သည်ကို တွေ့ရသည်။

အချိုမှုန့်ကြောင့်ထင်ရှားသည့် ကျန်းမာရေးပြဿနာမှာ Chinese Restaurant Syndrome – CRS ဖြစ်ပါသည်။

အချိုမှုန့်ကြောင့် ထိခိုက်မှုကို လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်ကပင် တွေ့ရှိခဲ့ပြီး Chinese Restaurant Syndrome (CRS)တရုတ်စားသောက်ဆိုင် ရောဂါလက္ခဏာစု”ဟုအမည်ပေးခဲ့ကြသည်။ အချိုမှုန့်ကဲသော စားသောက်ဖွယ်များကို စားသောက်ပြီး မိနစ်၂၀ ခန့်အကြာတွင် ကျောပြင်မှာ နာခြင်း၊ ထုံကျဉ်ခြင်းဖြစ်လာပြီး ယင်းက လက်မောင်း နှစ်ဖက်ဆီရွေ့သွားတတ်သည်။ သို့မဟုတ် ရင်ညွန့်ရိုးဆီ ရွေ့သွားကာ နုံးချွေခြင်း၊ ရင်တုံခြင်းများလည်း ခံစားရတတ်သည်။ ထို့နောက် မျက်နှာနီမြန်းလာခြင်း၊ ခေါင်းမူးခြင်း၊ လဲကျခြင်း၊ မျက်နှာများတင်းကျပ်လာခြင်း စသည်တို့လည်း ခံစားလာရတတ်သည်ဟု ဆိုပါသည်။ ကလေးငယ်တို့မှာ ကိုယ်အပူချိန်တက်ခြင်း၊ တက်ခြင်း၊ စိုးရိမ်ကြောက်လန့်စိတ်ဖြစ်ခြင်းတို့ ဖြစ်တတ်သည်။

သို့သော် ထိုသို့ဖြစ်ပွားတတ်မှုသည် အချိုမှုန့်မည်မျှစားသနည်း၊ မိမိကိုယ်တိုင်၏ ခန္ဓာကိုယ်ဇီဝသဘာဝက MSG အချိုမှုန့်အပေါ် မည်သို့ တုံ့ပြန်သနည်း ဆိုသည့်အချက်များပေါ်တွင် မူတည်သည်ဟု လေ့လာမှုများအရ သိရပါသည်။ အယ်လ်ဇိုင်းမား(Alzheimer )နှင့် ပါကင်ဆန် (Parkinson) စသည့် သက်ကြီးသတိမေ့ရောဂါ၊ သွက်ချပါဒရောဂါရှိသူများတွင် ပိုဖြစ်ပွားလွယ်သည်ဟုလည်း သိရသည်။ ဆေးပညာနိုဘယ်လ်ဆုရှင် ပါမောက္ခ ဒေါက်တာ ကိုနတ်ဘိုင်ရူးသားကမူ MSG သည် ကျန်းမာနေသူ၏ ဦးနှောက်အကာအရံ (blood – brain – barrier) ကိုမဖြတ်နိုင်၊ သို့သော် သင့်တင့်သည့်ပမာဏသာ စားသုံးသင့်သည်ဟု ဆိုပါသည်။ အချိုမှုန့် MSG ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ Toxicological effect of MSG on Human ဆောင်းပါးကို Global Journal of Nutrition and Health Science GJNFS–May 16,2019, “ကမ္ဘာလုံးဆိုင်ရာ အာဟာရနှင့် ကျန်းမာရေးဂျာနယ်”တွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

**ဦးနှောက်နှင့် အာရုံကြောဆိုင်ရာထိခိုက်မှု**

ဂလူတာမိတ်ဓာတုပစ္စည်းတို့ကို လက်ခံနိုင်သည့် ဆဲလ်များ( neuronal cells )သည် ဗဟိုနာဗ်ကြောအဖွဲ့ (Central Nervous System) ရှိ amygdala, hippocampus,hypothalamus စသည့်နေရာတို့တွင် များစွာရှိနေသည်။ ထိုနေရာတို့သည် ခန္ဓာကိုယ်၏အဓိကကျသော ဇီဝဖြစ်စဉ်များ၊ အလိုလျောက် တုံ့ပြန်မှုစနစ်များကို ထိန်းချုပ်ရာနေရာများဖြစ်ကြသည်။ စားလိုက်သမျှ MSG တို့.က၊ ထိုနေရာများတွင် စုပုံလာကာ oversti – mulation ခေါ် လွန်ကဲသည့် လှုံ့ဆော်မှုများဖြစ်ပေါ်စေပါသည်။ ယင်းကို Exitotoxicity ဟုခေါ်ပြီး နူရိုနယ်ဆဲလ်များ ပျက်စီးခြင်း၊ အာရုံကြောဆဲလ်များ ပျက် စီးခြင်းတို့ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါပြဿနာများ ရင်ဆိုင်လာရနိုင်ပါသည်။

**အဝလွန်ခြင်း (Obesity)**

ခန္ဓာကိုယ်၏ ဇီဝယန္တရားကို ကမောက်ကမဖြစ်သည့်အတွက် အချိုဓာတ်နှင့် ယင်းကိုထိန်းပေးသော အင်ဆူလင်ဟော်မုန်းတို့ ထိခိုက်လာတတ်ပါသည်။ ယင်းကြောင့် ခန္ဓာကိုယ်တွင် အဆီဓာတ်များစုပုံလာကာ ကိုယ်အလေးချိန်တိုးလာခြင်း၊ သွေးအတွင်း အဆီဓာတ်တက်လာကာ နှလုံးနှင့် သွေးကြောဆိုင်ရာပြဿနာများ ဖြစ်လာခြင်း၊ Growth Hormone ခေါ် ခန္ဓာကိုယ်ကြီးထွားစေသည့် ဟော်မုန်းဓာတ်များ အထွက်ကျဆင်းလာစေခြင်းနှင့် အခြားအင်ဒိုခရိုင်းဂလင်းဆိုင်ရာ ရောဂါများ၊ ဆီးချိုရောဂါ၊ သိုင်းရွိုက်လည်ပင်း အကျိတ်ရောဂါ စသည်များ ဖြစ်ပွားလာနိုင်ပါသည်။

**အချိုမှုန့်ခေါ် ဟင်းချိုမှုန့်သည် အစားအစာများ အရသာထူးကဲစေရန်စီမံထားသည့် ဟင်းခပ်ပစ္စည်းတစ်မျိုးဖြစ်ပြီး ရေရှည်သုံးစွဲမှုပမာဏ များများစားသုံးတတ်မှုတို့က အများပြည်သူတို့အတွက် ကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်ပေါ်စေနိုင်သဖြင့် သတိပြုစားသုံး၊ ချင့်ချိန်စားသုံးသင့်**

*စာမျက်နှာ ၂၄ သို့*

# ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် မွန်ပြည်နယ် ကျေးလက်ပြည်သူတို့၏ လူမှုဘဝမြင့်မားစေမည်

ချမ်းမြေ့မောင်

၂၀၂၁ ခုနှစ် ဇွန်လ ၃ ရက် (သို့မဟုတ်) နွေနှောင်းကာလ မိုးဦးကာလ နေ့တစ်နေ့.........။

ကရင်ပြည်နယ်ကို လက်ပြနှုတ်ဆက်၍ မွန်ပြည်နယ်သို့သွားရန် ကျွန်တော် ကားကို မြို့တော်ဘားအံ၏ သံလွင်မြစ်ကမ်းနားလမ်းအတိုင်း မြောက်မှတောင်သို့ ဦးတည်မောင်းနှင်လာခဲ့သည်။ ဖွဲကပင်ဟိုတယ်အကျော် ဘားအံတံတား(သံလွင်)၏ ဘားအံဘက် ချဉ်းကပ်လမ်းပေါ် အရောက်တွင် တံတားကို ကွေ့မတက်ဘဲ လမ်းဆုံ၌တွေ့ရသည့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ဆိုသည့် ဆိုင်းဘုတ်လမ်းညွှန်အတိုင်း မောင်းလာခဲ့သည်။

ဘားအံ – မော်လမြိုင် ကားလမ်းသည် ဖြောင့်တန်းလွန်းသောလမ်းဖြစ်ပြီး ဖောက်လုပ်ထားသည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီဖြစ်သော်လည်း ထိန်းသိမ်းပြုပြင်မှု ကောင်းမွန်သည့်အတွက် ယနေ့တိုင်ကောင်းစွာ အသုံးပြုနေဆဲပင်ဖြစ်သည်။ အတ္တရံတံတား အပါအဝင် ကြိုးတံတား နှစ်စင်းကို ဖြတ်ကျော်ပြီးသောအခါ မွန်ပြည်နယ်၏ မြို့တော် မော်လမြိုင်သို့ ကျွန်တော် ရောက်ရှိပါသည်။

မွန်ပြည်နယ်သည် ခရိုင် နှစ်ခု၊ မြို့နယ် ၁၀ မြို့နယ်၊ မြို့ ၁၇ မြို့၊ ရပ်ကွက် ၁၀၆ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၃၆၈ အုပ်စုနှင့် ကျေးရွာပေါင်း ၁၁၄၃ ရွာရှိပြီး လူဦးရေမှာ ၂၂၃၅၀၆၂ (နှစ်ဆယ့်နှစ်သိန်းကျော်)ရှိ၍ မြို့နေပြည်သူ ၈၄၈၉၈၃ ဦး၊ ကျေးလက်နေ လူဦးရေ ၁၅၄၁၄၆၅ ဦးရှိသည်။

ထိုသို့ ပြည်နယ်အတွင်းရှိ လူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်သော ကျေးရွာ ၇၃၃ ရွာမှ ကျေးလက်ပြည်သူတို့အတွက် မွန်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်၌ ကျေးရွာပေါင်း ၅၃၈ ရွာကို ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်း/ကွန်ကရစ်လမ်း အဖြစ် ဖောက်လုပ်ပေးခဲ့သည်။ ထို့ပြင် ခြောက်သွေ့ရာသီမှသာ သွားလာနိုင်သောလမ်းများရှိသည့် ကျေးရွာများကိုလည်း ရာသီမရွေး သွားလာနိုင်သည့် ကျေးလက်လမ်းများဖြစ်စေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။



မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်ရှိ ကျုံဟော်ရာမဆိပ်တံတားကို တွေ့ရစဉ်

ပြည်နယ်တစ်ခုလုံး၌ ကျေးလက်လမ်းမိုင် စုစုပေါင်း (၉၆၀/၄ ဒသမ ၄) မိုင်ရှိသည့် အနက် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်ကုန်တွင် ကွန်ကရစ်လမ်း (၁၁၀/၀) မိုင်၊ ကတ္တရာလမ်း (၃၂၃/၀) မိုင်၊ ကျောက်ချောလမ်း (၄၀/၁ ဒသမ ၃)မိုင်၊ ဂဝံ/ဂျင်းလမ်း (၈၅/၃ ဒသမ ၁) မိုင်၊ မြေသားလမ်း (၄၀၂/၀) မိုင် ရှိ၍ မွန်ပြည်နယ်အတွင်း နေထိုင်ကြသော ကျေးလက်နေပြည်သူ ၁ ဒသမ ၅ သန်းကျော်အတွက် မြေသားလမ်းသာရှိသော အခြေအနေမှ ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ ဂဝံအမာခံလမ်းများနှင့် ဒေသဆောက် ဝါးတံတား၊ သစ်သားတံတားများမှ သဘာဝဘေးဒဏ်ခံနိုင်သည့် သံကူကွန်ကရစ်တံတားများအဖြစ် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထား၍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် ဌာနစတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ကွန်ကရစ်လမ်း (၃၅/၆ ဒသမ ၁၁၉) မိုင်၊ ကတ္တရာလမ်း (၁၁၁/၀ ဒသမ ၆၄၈) မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၁၇/၆ ဒသမ ၄၆) မိုင်၊ ကျောက်ချောလမ်း (၁၄/၀ ဒသမ ၇၆) မိုင်၊ မြေသားလမ်း (၃၉/၂ ဒသမ ၆၁) မိုင်၊ စုစုပေါင်းလမ်းမိုင် (၂၁၈/၀ ဒသမ ၅၉၇) မိုင်ကို ကျေးလက်နေပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးလက်တံတားများအနေဖြင့် ကွန်ကရစ်တံတား ၅၄ စင်း၊ Box Culvert ၆၈ စင်း၊ ဘေလီတံတား တစ်စင်း၊ အခြားတံတားလုပ်ငန်း ရှစ်ခု၊ စုစုပေါင်းတံတား၁၂၃စင်းကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၀၁၃ ဒသမ ၅၂၆ သန်းဖြင့် ကတ္တရာလမ်း (၅/၆ ဒသမ ၇) မိုင်၊ ကတ္တရာထပ်ပိုးလွှာ (၁/၀) မိုင်၊ မြေသား/ မြေချဲ့ခြင်း (၅/၅ ဒသမ ၅) မိုင် စုစုပေါင်း (၁၂/၄ ဒသမ ၂) မိုင်နှင့် ကွန်ကရစ်တံတား တစ်စင်းကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်နယ်ရန်ပုံငွေ ကျပ် ၁၆၆၈၃ ဒသမ ၂၃၄၁ သန်းဖြင့် ကွန်ကရစ်လမ်း (၉/၇ ဒသမ ၇) မိုင်၊ ကတ္တရာလမ်း (၄၆/၁ ဒသမ ၅) မိုင်၊ ကတ္တရာထပ်ပိုးလွှာ (၁၄/၀ ဒသမ ၃) မိုင်၊ ကျောက်လမ်း (၇/၄) မိုင်၊ ဂဝံ/ဂျင်းလမ်း (၁၀/၅ ဒသမ ၈) မိုင်၊ မြေသားလမ်း (၀/၇ ဒသမ ၂) မိုင်၊ မြေသားလမ်းချဲ့ခြင်း (၆/၆ ဒသမ ၃) မိုင်၊ စုစုပေါင်း (၉၆/၁ ဒသမ ၁၅) မိုင်နှင့် ကွန်ကရစ်တံတားအစင်း ၄၀၊ Box Culvert ၂၁ စင်း၊ စုစုပေါင်း ၆၁ စင်းကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၂၇၃ ဒသမ ၇၁၈၅ သန်းဖြင့် ကွန်ကရစ်လမ်း ၀/၃ ဒသမ ၇ မိုင်၊ ကတ္တရာလမ်း (၁/၄ ဒသမ ၆) မိုင်၊ စုစုပေါင်း (၂/၀ ဒသမ ၄) မိုင်နှင့် Box Culvert တစ်စင်းနှင့် အခြားလုပ်ငန်း တစ်ခုတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် မွန်ပြည်နယ်ရှိ ကျေးလက်နေပြည်သူလူထုအကျိုးအတွက် အဓိကလမ်းမကြီးများ၊ မြို့များသို့ ဆက်သွယ်သွားလာနိုင်သည့် ကျေးလက်လမ်းများကို Pilot Project လုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။



သံဖြူဇရပ်မြို့နယ် ပင–ကရုပ္ပိ–ဝဲကလောင်–အံခဲ–ကော့လေး–ထင်းရှူး–ကျောင်းရွာ–အနင်းကျေးရွာချင်းဆက်လမ်းကို တွေ့ရစဉ်

ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ Pilot Project လုပ်ငန်းအဖြစ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် သံဖြူဇရပ်–ပင–ကရုပ္ပိ–ဝဲကလောင်–အံခဲ–ကော့လေး–ထင်းရှူး–ကျောင်းရွာ – အနင်း ကျေးရွာချင်းဆက်လမ်း (၂၆/၅) မိုင်ကို ကတ္တရာလမ်း၊ ကတ္တရာထပ်ပိုးလွှာ၊ မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ ၂၀၁၇ – ၂၀၁၈ မှ ၂၀၂၀ – ၂၀၂၁ အထိ ခွင့်ပြုရန်ပုံငွေစုစုပေါင်း ကျပ် ၄၄၀၃ ဒသမ ၂၉၆ သန်း သုံးစွဲခဲ့ပြီးဖြစ်သည်။

၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း (၃/၄) မိုင်၊ မြေသားတာပေါင်ချဲ့ခြင်း (၃/၀) မိုင်နှင့် လမ်းပေါ်ရှိ သပြေချောင်းအားဖြတ်ကူးမည့် အရှည်ပေ ၁၃၀ ရှိ ကွန်ကရစ်တံတားတစ်စင်းကို ဆောင်ရွက်လျက်ရှိရာ စီမံကိန်းတစ်ခုလုံး၏ ပြီးစီးမှုမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးမည်ဖြစ်သည်။ အဆိုပါလမ်းပေါ်ရှိ ပေ ၁၀၀ ကျော် တံတားနှစ်စင်း အပါအဝင် စုစုပေါင်းတံတားခြောက်စင်း ဆောင်ရွက်ရန် ကျန်ရှိသေးမည်ဖြစ်ပြီး လာမည့် ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ သံဖြူဇရပ် – ပင – ကရုပ္ပိ – ဝဲကလောင် – အံခဲ – ကော့လေး – ထင်းရှူး – ကျောင်းရွာ – အနင်း ကျေးရွာချင်းဆက်လမ်းသည် သံဖြူဇရပ်နှင့် ရေးမြို့နယ်ရှိ ရေနက် ဆိပ်ကမ်းသို့သွားရာ နှစ်ကရင်လမ်းဆုံကို ချိတ်ဆက်ထားသောလမ်းဖြစ်ပြီး ယခင်က မြေသားတာပေါင်ချဲ့ရန်နှင့် အသစ်ထပ်ပိုးတည်ဆောက်ရန် လိုအပ်သော ကတ္တရာခင်းနှင့် လမ်းသစ်တည်ဆောက်ရန် လိုအပ်သော မြေသားလမ်းဖြစ်သည့်အတွက် သွားလာရန် ခက်ခဲကြမ်းတမ်းသော လမ်းဖြစ်သည်။

ထို့ကြောင့် လမ်းအား ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန်အတွက် ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရရှိသည့် အကျိုးရလဒ်များမှာ ဒေသခံပြည်သူများနှင့် ဥယျာဉ်ခြံမြေလုပ်ငန်း လုပ်ကိုင်သူတို့အတွက် ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ကိစ္စများတွင် လွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်သည်။ သံဖြူဇရပ်မြို့နယ် သာမက ရေးမြို့နယ်အတွက် အသုံးဝင်သော လမ်းတစ်လမ်းဖြစ်သည်။

ပင ဆားကွင်း၏အဓိက အားထားအသုံးပြုသည့် လမ်းမကြီးဖြစ်ပြီး ယင်းလမ်းပေါ်ရှိ ကျေးရွာ ၂၈ ရွာ၊ အိမ်ခြေ ၁၈၃၈၁ အိမ်နှင့် လူဦးရေ ၁၀၉၄၄၇ ဦး၏ ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြုသော လမ်းဖြစ်သည်။ ၎င်းလမ်းသည် မြိတ်လမ်းမကြီးနှင့် ချိတ်ဆက်ထားသည့် လမ်းတစ်လမ်းလည်းဖြစ်သည်။

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်ရှိ ကျုံဟော်–ရာမ ဆိပ်တံတားသည် Class(A) လမ်း အမျိုးအစားဖြစ်သော ဖြူဘ – သဲကုန်း – ညောင်ကုန်းကြီး – မြလေးချောင် – ရင်းငြိမ် (မြောက်)လမ်း မိုင်တိုင် (၄/၆) မိုင်နှင့် (၄/၇) မိုင်ကြားတွင် တည်ရှိသော တံတားဖြစ်ပြီး ရာမဆိပ်တံတားနေရာသည် ရှေးယခင်က ကူးတို့ဆိပ်ဖြစ်သည်။

ကျုံဟော်–ရာမဆိပ် သံကူကွန်ကရစ်တံတားသည် ဖြူဘ – သဲကုန်း – ညောင်ကုန်းကြီး – မြလေးချောင်–ရင်းငြိမ်(မြောက်)လမ်း စုစုပေါင်း (၁၈/၄) မိုင်ပေါ်ရှိပြီး ရန်ကုန် – မော်လမြိုင် လမ်းမကြီး၏ မိုင်တိုင် (၁၆၃/၄ – ၁၆၃/၅)နှင့် ဆက်သွယ်ထားသည့် အရေးပါသော တံတားတစ်စင်းဖြစ်သည့်အတွက် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တို့တွင် ပြည်ထောင်စု/ပြည်နယ်ရန်ပုံ

*စာမျက်နှာ ၂၄ သို့*

# ဖာပွန်မြို့ ဝေ့ဆန်ကျေးရွာရှိ တစ်လွှာတစ်ထပ် ဘေလီတံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး



**ဖာပွန် ဇွန် ၂၉**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် ဒေသခံပြည်သူများ မိုးတွင်းကာလ၌ ခရီးသွားလာမှုလွယ်ကူစေရေးအတွက် ခရိုင်နှင့် မြို့နယ် လမ်းဦးစီးဌာနမှ တစ်လွှာတစ်ထပ် ဘေလီတံတား တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်လမ်းဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ခရိုင်နှင့်မြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများနှင့် လမ်းတည်ဆောက်ရေးအဖွဲ့များ ပူးပေါင်း၍ အရှည် ပေ ၆ဝ၊ အကျယ် ၁၂ ပေရှိ တစ်လွှာတစ်ထပ် ဘေလီတံတားကို တည်ဆောက်ပေးပြီးဖြစ်ကြောင်းနှင့် အဆိုပါတံတားကို ဇွန် ၂၈ ရက်မှစ၍ ၁၃ တန်အောက် ကုန်တင်ယာဉ်များ၊ ယာဉ်ကြီးများနှင့် ယာဉ်ငယ်များ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း ခရိုင်လမ်းဦးစီးဌာနမှ သိရသည်။

အဆိုပါတံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများ မိုးတွင်းကာလအတွင်း သွားလာမှုလွယ်ကူစေပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းကျော်ဝဏ္ဏ**

**(ပြန်/ဆက်)**

---

*စာမျက်နှာ ၂၂ မှ*

**မျိုးပွားအင်္ဂါအဖွဲ့ (Reproductive System)**

အမျိုးသားတို့တွင် သုတ်ပိုးများတည်ဆောက်ခြင်းကို အဓိကအထောက်အကူပြုသော Testo – sterone ဟော်မုန်း၊ အမျိုးသမီးတို့၏ မျိုးပွားအင်္ဂါအဖွဲ့ ဖွံ့ဖြိုးမှုများကို အဓိကအထောက်အကူပြုသည့် progesterone ဟော်မုန်းတို့ကို ထိခိုက်စေသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် မျိုးဆက်ပွားနိုင်မှုများအတွက် များစွာအန္တရာယ်ပေးနိုင်သည်ကို တွေ့ရကြောင်း သိရပါသည်။

**အသည်းကိုထိခိုက်ခြင်း (Hepatotoxicity)**

အသည်းဆဲလ်များကို ထိခိုက်ပျက်စီးစေနိုင်ကြောင်း သိရပါသည်။ အသည်း၏အဓိကလုပ်ငန်းဆောင်တာများဖြစ်သည့် သိုလှောင်ခြင်း၊ ပြင်ပအဆိပ်များကို စစ်ထုတ်စွန့်ပစ်ခြင်းများ အပါအဝင် အဓိကတာဝန်များ ထိခိုက်ပျက်စီးစေနိုင်ပြီး အသည်းရောဂါများ ဖြစ်လွယ်ကြောင်း သိရပါသည်။

**ကျောက်ကပ်ထိခိုက်ခြင်း (Nephrotixicity)**

လေ့လာမှုများအရ MSG သည် ကျောက်ကပ်အပေါ်တွင် Oxidative Stress ဇီဝထိခိုက်မှုဖိအားသက်ရောက်စေသည့်အတွက် Reactive Oxygen Species (ROs)ခေါ် ခန္ဓာကိုယ်ကို အကျိုးမပြုသည့် အောက်ဆီဂျင်ဓာတ်တိုးပစ္စည်းများ၊ ကျောက်ကပ်တွင် စုပုံလာစေနိုင်ပါသည်။ ယင်းသည် ကျောက်ကပ်များကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။

**သွေးပေါင်ချိန်တက်ခြင်း**

အချိုမှုန့်များများ ကြာကြာစားလေ့ရှိပါက သွေးဖိအား နှစ်မျိုးလုံး Sytolic blood pressure (SBP),Diastolic blood pressure (DBP)တက်လာနိုင်ကြောင်း တွေ့ရပါသည်။ SBP သည် နှလုံးကြွက်သားများ ညှစ်စဉ်၊ သွေးလွှတ်ကြောများအတွင်း ရှိနေသည့် ဖိအားဖြစ်ပြီး DBP သည် နှလုံးကြွက်သားများဖြေလျှော့သွားစဉ် သွေးလွှတ်ကြောများအတွင်း ရှိနေသည့် ဖိအားကိုဆိုလိုပါသည်။

**အချိုမှုန့်၏ ဆိုးကျိုးများကို လျော့ပါးစေနိုင်သည့် အစားအစာများ**

ဗီတာမင်စီ၊ အရည်ရွှမ်းသောသစ်သီး၊ ဟင်းသီးဟင်းရွက်များ၊ ဗီတာမင်အီး၊ ထောပတ်သီး၊ ဗာဒံသီး၊ ပဲအမျိုးမျိုး၊ ဖရုံသီးနေကြာဆီ၊ ပဲပိစပ်ဆီ၊ ဟင်းနုနွယ်၊ ကြက်သွန်ဖြူ၊ နနွင်း၊ ချင်း (ဂျင်း)စသည်များ စားသုံးပေးနိုင်ပါသည်။

**အချိုမှုန့် သို့မဟုတ် ဟင်းချိုမှုန့်များ**

ကမ္ဘာအနှံ့ထုတ်လုပ်သုံးစွဲနေကြသည့် အချိုမှုန့်များမှာ– Star maggi, knorr, royco, doyin, jumbo (cubes), Onga, Mixpy, Benny, Aluba shrimp seasoning (powdered), A–one, Vedan, Ajino– moto, Salsa and Tasty (monosodium glutamate) ယင်းတို့တွင် အဓိကအားဖြင့် (major active ingredients in flavor enhancers) ဆားsalt (NaCl) နှင့် monosodium glutamate (MSG) တို့သာ ပါဝင်လေ့ရှိကြသည်။

**အာဂျီနိုမိုတို(Ajinomoto)**

ကျွန်တော်တို့ငယ်စဉ်ကပင် အာဂျီနိုမိုတိုဆိုလျှင် အချိုမှုန့်၊ အချိုမှုန့်သည် အာဂျီနိုမိုတိုဟု သိထားကြသည်။ အိမ်တိုင်းမှာ မရှိမဖြစ်အာဂျီနိုမိုတိုဖြစ်သည်။ အာဂျီနိုမိုတိုသည် ဂျပန်အစားအစာနှင့် နည်းပညာဆိုင်ရာကော်ပိုရေးရှင်းကြီးဖြစ်ပြီး အချိုမှုန့်၊ စားသုံးဆီအမျိုးမျိုး၊ အေးခဲထားသောအစားအစာများ၊ အချိုရည်အမျိုးမျိုး၊ သကြားလုံးအမျိုးမျိုး၊ အမိုင်နိုအက်စစ်များ၊ ဆေးဝါးများနှင့် ကွန်ပျူတာများတွင် သုံးသော (Interlayer insulating materials for semicon–ductor pacakages) တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ထုတ်လုပ်သည့် ကော်ပိုရေးရှင်းကြီးဖြစ်သည်။ Aji–no–moto ၏ အဓိပ္ပာယ်က အရသာ၏ အနှစ်သာရ (Essesce of taste) ဖြစ်သည်။ အာဂျီနိုမိုတိုသည် အချိုမှုန့်တစ်ခုတည်းဖြင့် ကမ္ဘာသိဖြစ်သွားခဲ့ပါသည်။ ၁၉၀၇ ခုနှစ်ကပင် ကြံမှအချိုမှုန့်က စတင်ထုတ်လုပ်ခဲ့သည်။ ၁၉၁၀ ပြည့်နှစ် အချိုမှုန့် ၄ ဒသမ ၂ တန်၊ ၁၉၁၃ ခုနှစ် ၂၃ဒသမ၂ တန်အထိ ထုတ်လုပ်နိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံ ပေါင်း ၃၆ နိုင်ငံတွင် အခြေစိုက်လျက်ရှိပြီး ဝန်ထမ်း ပေါင်း ၃၄၅၀၄ ဦးခန့် ရှိနေပြီဟု သိရသည်။

**သတိပြုသုံးကြစို့**

FASEB Federation of American Societies for Experimentalအဖွဲ့ကြီးက အချိုမှုန့် MSG ကို နေ့စဉ် သုံးဂရမ်ထက်ပိုမစားသင့်၊ ၀ ဒသမ ၅ ဂရမ်နှင့် အောက်သည်သာ၊ အန္တရာယ်ကင်းသည်ဟု ဆိုပါသည်။ အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးတရားရုံးတော်က MSGကို Chinese Salt ဟုခေါ်ကာ Hazardous to health ကျန်းမာရေးကို ထိခိုက်စေသည်၊ မသုံးသင့်ကြောင်း တားမြစ်ထားသည်ဟု သိရပါသည်။ အမေရိကန် အစားအစာနှင့် ဆေးဝါးစစ်ဆေးကွပ်ကဲရေးအဖွဲ့ FDA က MSGကို သင့်တင့်သောပမာဏစားလျှင်သုံးစွဲနိုင်သည်(GRAS designation)ဟု ထောက်ခံထားသည်။ ဥရောပယူနီယံကမူ အစားအစာတာရှည်ခံအောင် ထုတ်လုပ်သူများအနေဖြင့် MSG ကို အစားအစာ တစ်ဂရမ်တွင် ၁၀ ကီလိုထက် မပိုရကြောင်း သတ်မှတ်ထားကြောင်း သိရပါသည်။

အချိုမှုန့် ခေါ် ဟင်းချိုမှုန့်သည် အစားအစာများ အရသာထူးကဲစေရန်စီမံထားသည့် ဟင်းခပ်ပစ္စည်းတစ်မျိုးဖြစ်ပြီး ရေရှည်သုံးစွဲမှု ပမာဏများများစားသုံးတတ်မှုတို့က အများပြည်သူတို့အတွက် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေနိုင်သဖြင့် သတိပြုစားသုံး၊ ချင့်ချိန်စားသုံးသင့်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

---

*စာမျက်နှာ ၂၃ မှ*

ငွေကျပ် စုစုပေါင်း ၁၄၂၂ သန်းဖြင့် အသစ်ပြန်လည်တည်ဆောက်ပေးခဲ့သည်။

အဆိုပါတံတားသည် ဒေသခံပြည်သူများ၏ လယ်ယာထွက်ကုန်များအတွက် ရာသီမရွေး လွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပြီး ကျေးရွာ ၁၅ ရွာ၊ အိမ်ခြေ ၂၄၉၆ အိမ်၊ လူဦးရေ ၁၆၁၄၄ ဦးအား အကျိုးပြုသော တံတားတစ်စင်းဖြစ်သည်။

မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်ပြည်သူတို့အတွက် ဘဏ္ဍာငွေသုံးစွဲမှုမှာ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၃၃၉၅ ဒသမ ၅၅၃ သန်း၊ ၂၀၁၈ – ၂၀၁၉(၆–လ) ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၂၂၅၀ ဒသမ ၀၅၅ သန်း၊ ၂၀၁၈ – ၂၀၁၉ (၁၂–လ) ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၁၃၈၅၂ ဒသမ ၈၃၆ သန်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု လမ်းရန်ပုံငွေမှ ငွေကျပ် ၁၅၆၅ ဒသမ ၆၂၉ သန်း၊




ကျိုက်မရောမြို့နယ် ပနံ့ကျွဲခြံကုန်းကျေးရွာချင်းဆက် ကတ္တရာလမ်းကို တွေ့ရစဉ်

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တံတားရန်ပုံငွေ (ပြည်ထောင်စု)မှ ငွေကျပ် ၁၁၁၈ ဒသမ ၂ သန်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လမ်းရန်ပုံငွေ (ပြည်နယ်)မှ ငွေကျပ် ၁၃၅၆၄ ဒသမ ၁၂၅၅ သန်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တံတားရန်ပုံငွေ (ပြည်နယ်)မှ ငွေကျပ် ၂၇၁၇ ဒသမ ၁၇ သန်း၊ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်းရန်ပုံငွေ (ပြည်ထောင်စု)မှ ငွေကျပ် ၁၅၉၃ ဒသမ ၅၂၆ သန်း၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တံတားရန်ပုံငွေ (ပြည်ထောင်စု)မှ ငွေကျပ် သန်း ၄၂၀၊ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်းရန်ပုံငွေ(ပြည်နယ်)မှ ငွေကျပ် ၁၃၇၁၀ ဒသမ ၄၇၂ သန်း၊ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တံတားရန်ပုံငွေ(ပြည်နယ်)မှ ငွေကျပ် ၂၉၇၂ ဒသမ ၇၆၂ သန်းတို့ကို အသီးသီး သုံးစွဲခဲ့သည်။

အချုပ်အားဖြင့် မွန်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် မိမိတို့ ဦးစီးဌာန၏ မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်ပြည်လုံးရှိ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ ၉၀ ရာခိုင်နှုန်းကို ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများ အသုံးပြုနိုင်ရန်နှင့် မြန်မာနိုင်ငံရှိ ကျေးရွာများ၌ လူဦးရေ ၁၀၀၀ နှင့် အထက်ရှိ ကျေးရွာများကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း၊ လူဦးရေ ၅၀၀ နှင့်အထက်ရှိ ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာအားလုံး၏ ၅၀ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်တွင် ရာသီမရွေး သွားလာနိုင်သောလမ်းများအဖြစ်လည်းကောင်း ဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်း သတင်းကောင်းပါး တင်ပြလိုက်ရပါသည်။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒအိုင်



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အောင်ဘာလေထီဆိုင်ရာဌာနခွဲ**

**ကြေညာချက်**

**(ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန် လ ၃၀ ရက်)**

၁။ ၂၀၂၁ ခုနှစ်၊ ဇူလိုင် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၂၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေ ထီဆိုင်ဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က" အက္ခရာမှ အစဉ်လိုက် "ည" ထိ** စုစုပေါင်းအက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၂၁၄,၄၄၃) အုပ် ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ်သန်း(၂၁၄၄.၄၃၀) ဖြစ်သဖြင့် ၆၀% ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေမှာ ကျပ်သန်း (၁၂၈၆.၆၅၈) ဖြစ်ပါသည်။

၃။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | <u>အထူးဆုကြီးစနစ်</u> | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) ဆု |
| | (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) ဆု |
| (ခ) | <u>ဆုတစ်ဆုချင်းစနစ်</u> | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၄) ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၅) ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၇) ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၀) ဆု |
| | (၆) | ကျပ်ဆယ်သိန်း | = | (၁၂) ဆု |
| (ဂ) | <u>ဝေဝေဆာဆာပဒေသာဆုမဲစနစ်</u> | | | |
| | (၁) | ကျပ် သုံးသိန်း | = | (၃၀) ဆု |
| | (၂) | ကျပ် နှစ်သိန်း | = | (၁၀၀) ဆု |
| | (၃) | ကျပ် တစ်သိန်း | = | (၂၀၀၀) ဆု |

၄။ ထို့ပြင် သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဆုမဲများ၏ ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀) အား တစ်ဆုချင်းဆုမဲ **ကျပ် ၁၀သိန်း (၄) ဆု** နှင့် ဝေဝေဆာဆာဆုမဲများဖြစ်သည့် **ကျပ် ၃သိန်း(၂၀) ဆု၊ ကျပ် ၂သိန်း (၂၀၀) ဆု၊ ကျပ် ၁သိန်း (၂၀၀၀) ဆု စုစုပေါင်း(၂၂၂၄) ဆု** ကိုလည်းထပ်မံချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၅။ (၂၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီဆိုင်ဖွင့်ပွဲကို (၁.၇.၂၀၂၁) ရက်နေ့ (ကြာသပတေးနေ့)၊ နံနက် (၈:၀၀) နာရီအချိန်တွင် အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေထီဆိုင်ရာဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်မ၏ SOENANDAR COM LTDမှ သွင်းကုန်ကြော်ငြာလွှာအမှတ် 121802 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**မဟေမာနွယ်ဝင်း ၁၃/မဆဟ(နိုင်) ၀၆၆၄၅၉**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**တောင်ငူမြို့နယ်တရားရုံးတော်၌**
**၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၅၆**

